www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# စိတြအဂ္ဂ

## ပန်းမြတ်ကာဝေ

စီစဉ်သူ - ဦးအောင်စိုး(မော်လမြိုင်)

ခွင့်ပြုချက်အမှတ် – ၅၀၁၄၆၅၁၂၁၁
ခွင့်ပြုချက်အမှတ် – ၅၀၁၄၂၇၁၂၁၁
ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ ဩဘာလမ်း၊ တာမွေမြို့နယ်။
နှင့်အဖုံးပုံနှိပ်သူ – ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ် ၂၀၈၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်။
အုပ်ချုပ် – ကိုစိုးနိုင်နှင့်အဖွဲ့
ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၁၂၊ ဇန်နဝါရီလ။
အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၅၀ ကျပ်

ဖြန့်ချိရေး – [illegible]
အမှတ် ၁၈၂၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၇၃၀၅၁၆၆၄၊ ၀၉-၇၃၁၂၆၃၅၈

၈၉၅.၈၃
စိတြအဂ္ဂ
ပန်းမြတ်ကာဝေ / စိတြအဂ္ဂ ။ - ရန်ကုန်၊
သိန်းမင်းစာပေ ၊ ၂၀၁၁ ။
၂၆၂ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ပန်းမြတ်ကာဝေ

www.burmeseclassic.com

www.burmeseclassic.com

**နိုင်ငံတော်အစိုးရ ပြည်သူ့ဆန္ဒ** *(printed as: ပြည်သူ့သဘောထား heading below)*

ပြည်ထောင်စု မပြိုကွဲရေး — နိုင်ငံရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — နိုင်ငံရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — နိုင်ငံရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှုရှိစေရေး
ခိုင်မာသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေး
ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
ဝံ့ရှိန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ပန်းမြတ်ကဝေ

## စိတြအဂ္ဂ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

## ထူးခြားသောဇာတ်အဖွဲ့

## အသွင်ပြောင်းကောင်ရီ

မေ့မရသူ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

## ထူးခြားသောဇာတ်အဖွဲ့

တစ်နေ့သ၌ ရောဝတီမြစ်ကမ်းနံဘေးရှိ မြေလတ်မြို့ငယ်ကလေးတစ်မြို့သို့ ဇာတ်အဖွဲ့တစ်ဖွဲ့သည် စင်းလုံးငှား မော်တော်တစ်စင်းဖြင့် ရောက်ရှိလာလေ၏။

ယင်းဇာတ်အဖွဲ့သည် ထိုမြို့လေး၏ မြို့ဦးစေတီဘုရားပွဲတော်၌ ပွဲဝင်ရန် ရောက်ရှိလာခြင်းဖြစ်ရာ ဇာတ်မော်တော် ဆိုက်ဆိုသည်နှင့် ဇာတ်ပွဲတော်လျက်ရှိသည့် မြို့သူမြို့သား အတော်များများသည် မြစ်ဆိပ်သို့ဆင်းကာ ဇာတ်အဖွဲ့ကို လှိုက်လှိုက်လဲလဲ ကြိုဆိုကြလေသည်။

ထိုသို့ကြိုဆိုကြသည့် လူစုထဲတွင် လူရဲဆိုသော လူငယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးလည်း ပါဝင်ရာ လှုရဲသည် အခြားသောလူငယ်လူရွယ်တို့ နည်းတူ ဖောက်သေတ္တာများကို ဝိုင်းဝန်းထမ်းပိုး ကူသယ်ပေးလေ၏။

'ပန်းမြတ်မာလာ' ဇာတ်အဖွဲ့သည်ကား ယခုတစ်နှစ်၊ နှစ်နှစ်တွင်မှ မန္တလေးဘက်တွင် နာမည်တစ်ဟုန်ထိုးကြီးလာသော ဇာတ်ဖြစ်ပြီး ဇာတ်မင်းသမီးလေး မြတ်ကေရီ၏ ရုပ်ပြောင်း အကကြောင့် ယင်းသို့ ထင်ရှားကျော်ကြားလာရခြင်းလည်း ဖြစ်ပါသည်။

မြတ်ကေရီကိုယ်တိုင် တီထွင်ထားသည့် ရုပ်ပြောင်းအကကို ကပြရာ ပွဲခွင်တိုင်း၌ လူကြိုက်လွန်စွာများရာ သူမ၏ ပြောင်မြောက်ပညာသားပါသည့် ကပြတင်ဆက်မှုကြောင့် နှစ်တိုတိုအတွင်းမှာပင် ကျော်ကြားလာရခြင်း ဖြစ်ပါ၏။

မြို့ဦးစေတီဘုရားပွဲတော်တွင် ပွဲသွင်းရန် မန္တလေးသို့ ပွဲအငှားသွားသူတို့ကလည်း ပန်းမြတ်မာလာဇာတ်အဖွဲ့ကို မရရအောင် ငှားလာနိုင်ခဲ့လေသည်။

"လှုရဲရေ ... မင်းသမီးမြတ်ကေရီက လှတ်ချောဆိုပဲကွ၊ ငါတို့တော့ မြတ်ကေရီရဲ့အလှကို တစ်ဝကြီး ကြည့်ရတော့မယ် ... ဟီး ဟီး"





ဖောက်သေတ္တာတစ်လုံးကို ဝါးထမ်းပိုးလျှိုကာ ဦးပဲ့ထမ်းရင်း ညွန့်သောင်းဆိုသည့်လူငယ်က အားပါးတရ ခပ်တိုးတိုး ပြောလိုက်ရာ လှုရဲက ပြုံးလိုက်ပြီး ...

"အေးကွ ... မန္တလေးတို့၊ မိတ္ထီလာ၊ဝမ်းတွင်းတို့ဘက်မှာလည်း မြတ်ကေရီက အတော် နာမည်ကြီးနေတယ်ဆိုပဲကွ၊ သူ့ရဲ့အလှထက် သူတီထွင်ထားတဲ့ ရုပ်ပြောင်းအကက ပိုနာမည်ကြီးတာတဲ့ကွ ညွန့်သောင်းရ"

"ရုပ်ပြောင်းအကဆိုတာ ဘယ်လိုလဲမသိဘူးနော်"

"အေး ... ငါလည်း ပွဲသွားငှားပြီး စရန်သတ်လာတဲ့ ဦးလေး ဦးဘကောက်ကြီးပြောလို့ သိရတာကွ၊ ဦးလေးဘကောက်ကိုယ်တိုင် ဘယ်လိုအကမျိုးလဲဆိုတာ မသိဘူးတဲ့ကွ"

"ဘာပဲဖြစ်ဖြစ် ပွဲဝင်တဲ့ညကျရင်တော့ တွေ့ရမှာပေါ့ကွာ၊ ငါတော့ ရှေ့ဆုံးတန်းကကို ရအောင်ကြည့်မယ် လှုရဲ"

"အေး ... ငါကတော့ ဇာတ်ခုံပေါ်က ကြည့်နိုင်အောင် ကြိုးစားမယ်ကွ၊ ဒါမှ မင်းသမီးမြတ်ကေရီရဲ့ ရုပ်ပြောင်းအကကို အနီးကပ်ကြည့်နိုင်မှာ"

"အောင်မာ ... ဇာတ်ခုံပေါ်တက်ကြည့်ဖို့ဆိုတာ လွယ်မလားကွ၊ ဇာတ်အဖွဲ့သားမဟုတ်ဘဲ မင်းကို ဘယ်သူက ဇာတ်ခုံ



www.burmeseclassic.com

www.burmeseclassic.com



ပေါ် တက်ခွင့်ပြုမှာလဲ''

''တက်ခွင့်ပြုအောင် ငါကြိုးစားမှာပေါ့ကွ''

လူရဲ၏စကားကို ညွှန့်သောင်းက မယုံသဖြင့် နှုတ်ခမ်းကို မဲ့လိုက်သည်။

သို့ဖြင့် ဘုရားပရဝုဏ်အနီးတွင် ဆောက်လုပ်ထားသော ဇာတ်စင်အနောက်၌ ဇာတ်သေတ္တာများ ချပြီးနောက် လူရဲနှင့် ညွှန့်သောင်းတို့သည် ဇာတ်မင်းသမီး မြတ်ကေရီကို တွေ့ရလို တွေ့ငြား ဇာတ်အဖွဲ့အနီး၌ ယောင်ပေပေလုပ်ကာ ဆိပ်ကမ်း ဘက်မှ တက်လာနေဆဲဖြစ်သော ဇာတ်အဖွဲ့သားများကို စောင့် ကြည့်နေကြလေ၏။

ပန်းမြတ်မာလာ ဇာတ်အဖွဲ့မှာ ထူးခြားသော ဇာတ်အဖွဲ့ ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ... အခြားနာမည်ကြီးဇာတ် အဖွဲ့များကဲ့သို့ ဇာတ်မင်းသားများ ဦးဆောင်သော ဇာတ်မဟုတ် ဘဲ ဇာတ်မင်းသမီးတို့ ဦးဆောင်သော ဇာတ်အဖွဲ့ဖြစ်ခြင်းကြောင့် ပင်။

အဖွဲ့ခေါင်းဆောင်မှာ မင်းသမီးမြတ်ကေရီဖြစ်ပြီး သူမ၏ လက်အောက်၌ လက်ထောက်မင်းသမီး ခြောက်ဦးရှိလေသည်။

ခု နှစ် စဉ် ကြယ် တာ ပေ



သူမတို့ဇာတ်အဖွဲ့၏ တင်ဆက်ဖျော်ဖြေပုံမှာ အော်ပရာ ယိမ်းဆန်ပြီး ပြဇာတ်ကသည့်အခါမှာမူ မြတ်ကေရီက သူမ၏ ရုပ်ပြောင်းပညာဖြင့် ပြဇာတ်မင်းသားအဖြစ် ကပြလေ့ရှိသည်ဟု သတင်းကြီးလျက် ရှိပေ၏။

''ဟောကောင် လူရဲ ... ဘယ်သူဟာ မြတ်ကေရီဖြစ်မ လဲကွ၊ လှတာတော့ အားလုံးလှကြတယ်နော်''

ဆိပ်ကမ်းမှတက်လာသူတို့အထဲတွင် မိန်းမချောလေး များပါရာ သူမတို့မှာ မင်းသမီးလေးများဖြစ်မှာ သေချာသဖြင့် လူရဲနှင့် ညွှန့်သောင်းတို့က အခြားကာလသားများနည်းတူ ရူးရူး ရဲရဲကြည့်ကာ သူမတို့၏အလှကို ဝေဖန်ဆန်းစစ်လျက် ရှိကြလေ ၏။

''နေဦးကွ ညွှန့်သောင်းရ ... မိန်းမချောလေးတွေက အားလုံး ခြောက်ယောက်ကွ၊ သူတို့အဖွဲ့မှာ မင်းသမီးခုနစ်ယောက် ရှိရမှာ မဟုတ်လား''

''အေးကွ၊ ဒါဆို ... ခေါင်းဆောင်မင်းသမီးမြတ်ကေရီ မပါလာသေးဘူးနဲ့တူတယ်''

''ဇာတ်က မနက်ဖြန်ညမှ ပွဲဝင်မှာမို့ ဒီနေ့ မလိုက်လာ သေးတာ ဖြစ်မယ်ကွ''

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"တောက် ...နာတာပဲကွာ၊ ငါက မင်းသမီး မြတ်ကေရီကို တွေ့ဖူးချင်လှပြီ"

"ဓာတ်ကတော့ တွေ့ရမှာပေါ့ကွာ၊ ကဲ ...လှူလည်းကုန်ပြီ၊ ပြန်ကြမယ် ...ထမင်းဆာပြီကွ"

သို့ဖြင့် လှူရဲတို့ သူငယ်ချင်းနှစ်ယောက်မှာ ပွဲခင်းဘက်မှ ထွက်ခဲ့ကာ ရွာထဲဝင်လာခဲ့ကြလေ၏။

✹



ပန်းမြတ်မာလာဓာတ်အဖွဲ့ ရောက်ရှိလာသည့်အကြောင်း ဓာတ်မင်းသမီးလေးများမှာ လွန်စွာလှပချောမောကြကြောင်းကို ကာလသားများသာမက ကလေးများ၊ ယောကျ်ား၊ မိန်းမကြီးများနှင့် မြို့သူမြို့ဖြူချောတို့မှာ ချီးမွမ်းပြောဆိုလျက်ရှိကြလေ၏။

"ဓာတ်မင်းသမီးလေးတွေက အတော်လှကြတာပဲကွ"

"ဟုတ်တယ် ညီကြီးရ၊ အသားလေးတွေမှ ဖွေးနေတာပဲ"

"အင်း ...ငါလည်း မြင်းခြံမှာနေတုန်းက မြင်း[illegible]ကို



www.burmeseclassic.com

www.burmeseclassic.com



လာကတဲ့ အငြိမ့်မင်းသမီး, ဇာတ်မင်းသမီးအတော်များများကို တွေ့ဖူးပါတယ်၊ များသောအားဖြင့် အငြိမ့်မင်းသမီး၊ ဇာတ်မင်းသမီးတွေဟာ ညဘက် ပွဲကရင်သာ စင်ပေါ်က မီးရောင်စုံအောက်မှာ မိတ်ကပ်အဖွေးသားနဲ့မို့ လှကြတာကွ၊ ဒီအတိုင်းသာမန်အချိန်မှာဆို မလှကြပါဘူး။ တကယ်လှတဲ့သူ နည်းတယ်၊ ဒီနေ့ရောက်လာတဲ့ ဇာတ်မင်းသမီးလေးတွေကတော့ အကုန်လှကြတာပဲ''

''ဒီနေ့လာတဲ့အထဲမှာ မြတ်ကေရီမပါသေးဘူးကွ၊ မြတ်ကေရီက ခေါင်းဆောင်မင်းသမီးဆိုတော့ သူက ပိုလှမှာကွ၊ ဘာပဲဖြစ်ဖြစ် ငါတော့ ပန်းမြတ်မာလာဇာတ်အဖွဲ့ကို ကြည့်ချင်လှပြီကွာ''

✺



''ဟဲ့ ပန်းဝါ . . . နင် မနက်ဖြန်ညကျ ဇာတ်ပွဲကြည့်မှာမဟုတ်လား''

''ကြည့်မှာပေါ့ မိကြည်မြရဲ့၊ ငါ့မောင်လေးတွေကို ဇာတ်စင်နဲ့ အနီးဆုံးမှာ ဖျာသွားခင်းထားနိုင်းပြီးပြီ''

''အေးဟယ် . . . ငါလည်း ဇာတ်ပွဲမကြည့်ရတာ ကြာတော့ ကြည့်ချင်တာပါပဲ၊ ဒါပေမဲ့ . . .''

''ဒါပေမဲ့ ဘာဖြစ်လဲဟ''

''မန္တလေးဇာတ်မင်းသားချောချောလေးတွေ ကပြတာကို ငါကြည့်ချင်တာဟ၊ အခု ပန်းမြတ်မာလာဇာတ်အဖွဲ့မှာ



www.burmeseclassic.com

www.burmeseclassic.com



မင်းသား မပါတော့ ကြည့်ရမှာ စိတ်မပါသလိုဘဲ''

''ဟဲ့ ...ခေါင်းဆောင်မင်းသမီး မြတ်ကေရီက ယောကျ်ားလိုဝတ်ပြီး သရုပ်ဆောင်မှာတဲ့ဟ၊ မင်းသားလို ဝတ်စားပြီးလည်း ကမှာတဲ့ဟ''

''တော်စမ်းပါဟာ၊ ဇာတ်မင်းသားအစစ် က,သလိုတော့ ဘယ်မှာ ကျားကျားလျားလျားနဲ့ ကြည့်လို့ကောင်းမှာလဲ ပန်းဝါရဲ့''

''အောင်မယ်လေးဟယ် ...ကြည့်ပဲကြည့်ကြည့်ပါဦး၊ သူက ရုပ်ပြောင်းအကကိုတောင် ကမှာတဲ့ဟ၊ သူ့ရဲ့ရုပ်ပြောင်း အတတ်ပညာက ကောင်းလွန်းလို့ သူ ယောကျ်ားလေးအသွင် ပြောင်းထားရင် ဘယ်သူမှ သူဟာ မိန်းကလေးကနေ ယောကျ်ားလေးအသွင် ပြောင်းထားတာလို့ မသိကြဘူးတဲ့ဟ၊ တကယ့် ယောကျ်ားအစစ်လို့ပဲ ထင်ကြတာတဲ့၊ မြတ်ကေရီရဲ့ ရုပ်ပြောင်း ပညာက အရမ်းကို ကောင်းတာတဲ့ဟ''

''အေးပေါ့လေ ...ကြည့်ကြရသေးတာပေါ့''

✺



ကာလသားများ၊ ကာလသမီးများ၏ စကားဝိုင်းတွင် 'ပန်းမြတ်မာလာ' ဇာတ်အဖွဲ့အကြောင်း ပြောဆိုဝေဖန်၍မဆုံး ဖြစ်နေကြသလို မြို့လူကြီးတို့၏ လက်ဖက်ရည်ကြမ်းဝိုင်းတွင် လည်း ပြောဆိုဝေဖန်မှု ပြုနေကြလေ၏။

''ဗျို့ ကိုဘလှရဲ့ ...'ပန်းမြတ်မာလာ' ဇာတ်အဖွဲ့ဟာ သူ့ယောင်မယ်လေးတွေနဲ့ ဖွဲ့ထားတာမို့ အဲဒီဇာတ်အဖွဲ့ကိုသာ ရအောင် ငှားခဲ့ပါလို့ ကာလသားတွေက ပြောလွန်းလို့ ငှားလာရ တာဗျ၊ ကျုပ်တို့ဖြင့် အဲဒီဇာတ်အဖွဲ့ရဲ့ ခေါင်းဆောင်မင်းသမီး မြတ်ကေရီကို တွေ့တောင်မတွေ့ဖူးခဲ့ဘူး၊ ဇာတ်ထောင်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦးပုကြီးနဲ့ပဲ တွေ့ပြီး စာချုပ်ခဲ့ရတာဗျ''

''အခု ဇာတ်မော်တော်ဆိုက်တော့လည်း မြတ်ကေရီ မပါလာဘူးဆိုဗျ ... ကိုဘကောက်ရဲ့''

''ဟုတ်တယ် ကိုမြဆောင်ရေ ... မနက်ဖြန်နေ့လယ် လောက်မှ သီးသန့်မော်တော်နဲ့လိုက်လာမယ်တဲ့ဗျ၊ ဇာတ် မန်နေဂျာက ပြောလိုက်တယ်''

''ဒါထက် ... အဲဒီမင်းသမီး မြတ်ကေရီရဲ့ ရုပ်ပြောင်း အကဆိုတာ အတော်နာမည်ကြီးဆိုဗျ ... ဟုတ်လား ကိုဘ ကောက်''

''ဟုတ်တယ် ကိုမြဆောင်ရေ ... မန္တလေးကလူတွေ ပြောတာဖြင့် မြတ်ကေရီဟာ မှော်အောင်ထားသလား မသိဘူးတဲ့ ဗျ၊ သူရုပ်ပြောင်းပုံက ပရိသတ်ရဲ့မျက်စိအောက် စင်ပေါ်က မီးအလင်းရောင်အောက်မှာတင် ရုတ်ခြည်းပြောင်းသွားတာ ပဲ''

''ဘယ် ... ဘယ်လိုက ဘယ်လို ပြောင်းတာတဲ့လဲ''

''ရှိ ... ကျုပ်ကြားခဲ့တာတော့ အသက်အရွယ် အကြီး အငယ် ယောက်ျားမိန်းမ အမျိုးမျိုး ပြောင်းတာတဲ့ဗျ''

''ဒါဆို အဝတ်အစားရော ပြောင်းတာပဲလား၊ ဥပ





မိန်းမကနေ ယောက်ျားအဖြစ်ပြောင်းတဲ့အခါမျိုးပေါ့''

''အင်း .. အဝတ်အစားတော့ ပြောင်းမယ်မထင်ဘူး ဗျ''

''ခက်တာပဲဗျာ၊ သူတို့ဇာတ်အဖွဲ့ကို ကျုပ်ရဲ့အိမ်မှာ တည်းဖို့ခေါ်တာ မလိုက်ဘူးဗျ၊ သူတို့ဇာတ်ရဲ့ စည်းကမ်းအရ ဇာတ်ရုံမှာပဲ တည်းရမယ်၊ မြို့ထဲ ရွာထဲ လိုက်မတည်းရဘူးတဲ့ဗျ၊ ကျုပ်ရဲ့အိမ်မှာသာ လိုက်တည်းကြရင် သူတို့ရဲ့ ပြကွင်းပြကွက် တွေအကြောင်း မေးလို့ မြန်းလို့ ရတာပေါ့ဗျာ''

''ဟုတ်ပါ့ဗျာ ဟုတ်ပါ့''

''သူတို့ဇာတ်အဖွဲ့က မိန်းကလေးတွေဦးစီးတဲ့ ဇာတ် အဖွဲ့မို့လား မသိဘူးဗျ ... စည်းကမ်းသေဝပ်သလို ဇာတ်သူ ဇာတ်သားတွေရဲ့ ဝတ်စားဆင်ယင်ပုံကလည်း အတော်သေသပ် သပ်ရပ်တယ်ဗျ၊ ဖရိုဖရဲမရှိကြဘူး၊ ဇာတ်နောက်ပေါက်ကနေ သည်း ကျုပ်တို့တောင် ပေးမဝင်ဘူးဗျ''

''အင်း ... ကျုပ်ကတော့ ဇာတ်နောက်ပေါက်ကနေ သာချောင်းကြည့် အကဲခတ်ခဲ့တယ်ဗျ၊ အထဲမှာ လိုက်ကာတွေ ာတွေနဲ့ ပြင်ဆင်ထားတာ အတော်သားနားထည်ဝါတာပဲ၊ ရှင်း အတော်ထည့်ထားတဲ့ဇာတ်ဖြစ်မယ်ဗျ''



www.burmeseclassic.com

www.burmeseclassic.com



''ဘာပဲဖြစ်ဖြစ် ...'ပန်းမြတ်မာလာ' ဇာတ်အဖွဲ့ကို တော့ ကျုပ်တို့ရဲ့ မြို့သူမြို့သားတွေ အတော်ကို စိတ်ဝင်စားက တာပဲဗျို့''

✹



· တစ်မြို့လုံးရှိ ကလေးလူကြီး ယောက်ျား မိန်းမ အား လိုလိုက ပန်းမြတ်မာလာဇာတ်အဖွဲ့ကို စိတ်ဝင်စားလျက် သော်လည်း လူရဲ၏ဖခင် ဦးလွန်းဖေကမူ စိတ်ဝင်စားခြင်း ည်းမရှိပေ။

ဦးလွန်းဖေသည် ပန်းပုဆရာကြီးတစ်ဦးဖြစ်ပြီး အောက် အောက်ရွာဇာတိသား ဖြစ်၏။ အိမ်ထောင်မကျမီက ရန်ကုန် တော်တွင် နေထိုင်ခဲ့ဖူးကာ ရန်ကုန်ရှိ ပန်းပုဆရာ အကျော် တို့ထံမှ ပန်းပုပညာကို နှစ်ပေါင်းများစွာ လက်ထပ်သင်ယူ ဖူးခဲ့သူဖြစ်သည်။

ခု နစ် စဉ် ကြွယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



သူသည် မြေလတ်သူဖြစ်သော လှုရဲ၏မိခင်နှင့် အိမ် ထောင်ကျပြီးမှ ဖနီးဖြစ်သူ၏ ဇာတိမြို့ကလေးသို့ လိုက်ပါလာ ခဲ့သူ ဖြစ်၏။

ပန်းပုထုရာတွင် လက်ရာမြောက်လှသူမို့ ရန်ကုန်-မန္တ လေး စသည့်မြို့ကြီးတို့မှ ပန်းချီကား ပန်းပုရုပ်ရောင်းဝယ်သည့် ကုန်သည်များက အော်ဒါမှာကြားသည့် သစ်သား၊ ဆင်စွယ် စသောပန်းပုရုပ်များ ထုလုပ်လျက် အေးချမ်းစွာ အသက်မွေ ဝမ်းကျောင်းလာခဲ့သူ ဖြစ်လေသည်။

ယခုတော့ ဖနီးသည်လည်း ကွယ်လွန်သွားခဲ့ပြီး သူ လည်း အသက်အရွယ်ထောက်လာပြီဖြစ်သည့်အပြင် ရင်ကျ ရောဂါကို ခံစားနေရသဖြင့် ပန်းပု သိပ်မထုလုပ်နိုင်တော့ပေ

ထို့ကြောင့်လည်း ဖခင်ထံမှ ပညာအမွေရထားသည့ လှုရဲက ဖခင်ကြီး အော်ဒါလက်ခံထားသော ပန်းပုရုပ်များ ကူညီထုလုပ်ပေးနေရလေ၏။

အတန်ငယ် ကျယ်ဝန်းသော ခြံအတွင်းရှိ တစ်ထ ပျဉ်ထောင်အိမ်ကလေး၏ရှေ့မှ ကုလားဖျင်းအောက်၌ ပန်းပု တစ်ရုပ်ထုဆစ်နေသည့် ဖခင်ကြီးဦးလွန်းဖေအနီး ဖျာကြမ်းပေ တွင် လှုရဲ ထိုင်လိုက်ရင်း . . .





"အဖေ . . . မနက်ဖြန်ည ဘုရားပွဲမှာ ကျွန်တော် ည လုံးပေါက် ဇာတ်ကြည့်မယ်နော်"

ဟု ခွင့်ပန်သလို ပြောလိုက်လေ၏။

ဦးလွန်းဖေက ဆေးတံကြီးခဲလျက် ဆင်စွယ်ပန်းပုရုပ်တု ထုဆစ်နေခြင်းကို ရပ်တန့်လိုက်ပြီး သားဖြစ်သူအား ရှုတည်တည် ဖြင့် လှည့်ကြည့်သည်။

"ဘာဖြစ်လို့ ညလုံးပေါက်ကြည့်မှာလဲကွာ၊ အိပ်ရေး အပျက်ခံလို့"

"တစ်မြို့လုံးလိုလို ကြည့်ကြမှာ အဖေရ၊ ဇာထိက မင်္ဂလေးမှာ အတော်နာမည်ကြီးနေတဲ့ ဇာတ်တဲ့၊ ခေါင်းဆောင် မင်းသမီး မြတ်ကေရီရဲ့ တင်ဆက်မှုကလည်း တယ်ကောင်းဆိုပဲ အဖေရဲ့၊ သူ့ရဲ့နာမည်ကျော် ရုပ်ပြောင်းအကကို ညဉ့်သန်းခေါင် ကျော်မှ တင်ဆက်မှာတဲ့၊ ဒါကြောင့်မို့ ညလုံးပေါက် ကြည့်ချင် တာပါ၊ နောက်နေ့အလုပ်မပျက်စေရပါဘူး အဖေရဲ့"

"နေပါဦး . . . ဘာလဲ ရုပ်ပြောင်းအကဆိုတာ"

"အဲဒီမင်းသမီးက ဇာတ်စင်ပေါ်မှာတင် လှုပရိသတ်ရဲ့ ရှေ့မီးအလင်းအောက်မှာပဲ ရုပ်အမျိုးမျိုး ဖျတ်ခနဲ ဖျတ်ခနဲ ပြောင်းပြောင်းသွားပြီး ကတာတဲ့ အဖေရ၊ အတော်ထူးဆန်းတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပဲ''

ကိုယ်တိုင် အနုပညာအလုပ်ဖြင့် လုပ်စားနေသော်လည်း ပွဲလမ်းသဘင်ကို ဝါသနာမပါသည့် ဦးလွန်းဖေမှာ သားဖြစ်သူ၏ စကားကြောင့် မျက်ခုံးပင့်သွားပြီး ခဲထားသော ဆေးတံကြီးကို ပါးစောင်မှ ချွတ်လိုက်လေသည်။

''ဘာကွ ... မီးရောင်အောက်မှာတင် ရုပ်အမျိုးမျိုး ဖျတ်ခနဲ ဖျတ်ခနဲ ပြောင်းပြောင်းသွားတာ ... ဟုတ်လား''

''ဟုတ်တယ် အဖေရ''

''မင်း တွေ့ဖူးလို့လား''

''ဘယ်လာတွေ့ဖူးမှာလဲ အဖေရ၊ သူ ကတာကို မနက်ဖြန်ညကျမှ ကြည့်ဖူးမှာ၊ မန္တလေးမှာပွဲသွားငှားရင်း ဘကြီးဘကောက်တို့ ကြားခဲ့တာတဲ့''

ဤတွင် ဦးလွန်းဖေမှာ တွေဝေငေးမောသွားပြီးလျှင် ဆေးတံကြီးကို တမှုန်းမှုန်းဖွာလျက် မည်သည့်စကားမှု မဆိုတော့ဘဲ ခြံအပြင်သို့ ငေးကြည့်နေတော့၏။

''အဖေ ... ကျွန်တော်ကြည့်ရမှာလား''

''ကြည့်ရမှာပေါ့ကွ''

''ဟင် ... တကယ်နော် အဖေ''





လူရဲက ဝမ်းသာအားရဖြင့် ဖခင်ကြီး၏ပခုံးတစ်ဖက်ကို ညင်သာစွာ ကိုင်လှုပ်မေးလိုက်လေ၏။

''တစ်ခုတော့ရှိတယ်ကွ''

''ဗျာ ... ဘာလဲအဖေ''

ဦးလွန်းဖေသည် သက်ပြင်းကြီးရှိုက်လိုက်ပြီး ...

''ဒီလိုသားရဲ့ ... မင်းက ဓာတ်မင်းသမီးမြတ်ကေရီဟာ လူပရိသတ်ရဲ့ရှေ့ မီးရောင်အောက်မှာတင် ရုပ်အဆင်းတစ်ခုကနေ တစ်ခု ဖျတ်ခနဲ ဖျတ်ခနဲ ပြောင်းသွားတဲ့ ရုပ်ပြောင်းအကနဲ့ ကမယ်လို့ပြောလိုက်တော့ အဖေဟာ အဖေ့ရဲ့အဘိုး ပြောဖူးတဲ့ အတိတ်ကအဖြစ်အပျက်တစ်ခုကို သတိရလိုက်မိတယ်ကွဲ့''

''ဘယ် ... ဘယ်လို အတိတ်ကအဖြစ်လဲ အဖေ၊ မြတ်ကေရီရဲ့ ရုပ်ပြောင်းအကနဲ့ရော ဘယ်လိုပတ်သက်နေလို့လဲ''

''အင်း ... အဖေ့ရဲ့အဘိုးဟာ အဲဒီလို ရုပ်ပြောင်းတဲ့ အတတ်ပညာအကြောင်း ပြောဖူးတယ်၊ သားပြောသလိုပဲ လူတွေရှေ့မှာတင် ရုပ်ပြောင်းပြောင်းသွားနိုင်တဲ့ လူတစ်ယောက်ကို အဖေ့ရဲ့အဘိုးဟာ လူပျိုဘဝက တွေ့ဖူးတယ်ကွဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဟုတ်ကဲ့"

"ဘကယ်တော့ အဲဒီလူဟာ အနေကရှုပါဝိဘာဝကေရ ဏာသိဒ္ဓိလို့ခေါ်တဲ့ ရုပ်အဆင်းသဏ္ဍာန်အမျိုးမျိုးကို ကောင်း ကောင်းကြီး ပြုလုပ်ဖန်တီးနိုင်တဲ့အတတ်၊ တစ်နည်းအားဖြင့် ရုပ်ပြောင်းလဲခြင်းအတတ်ကို တတ်မြောက်ထားသူပဲကွဲ့"

"အဲဒါ မျက်လှည့်ပညာမျိုးလား အဖေ"

"မျက်လှည့်ထက် အများကြီးအဆင့်မြင့်တဲ့ ပဥ္စလက် အတတ်မျိုး၊ ဂမ္ဘီရအတတ်မျိုးပေါ့ကွယ်၊ အဲဒီလူဟာ အဲဒီအတတ် ပညာကို အသုံးပြုပြီး လူတွေကို အကြီးအကျယ် ဒုက္ခပေးခဲ့တယ်၊ သူ့ကြောင့် လူအချို့ရဲ့မိသားစု ဘဝပျက်ပြီး ဒုက္ခအကြီးအကျယ် ရောက်ခဲ့ရတယ်၊ ဒါပေမဲ့ နောက်ဆုံးမှာ အဲဒီလူလည်း ဒုက္ခလှလှ တွေ့သွားခဲ့ရတယ်တဲ့ သားရဲ့"

"အတော်ထူးဆန်းတဲ့ အတတ်ပညာပဲနော်"

"ဟုတ်တယ် သားရဲ့ ... ဒါပေမဲ့ တစ်ခုရှိတာက အဲဒီ အနေကရှုပါဝိဘာဝကရဏာသိဒ္ဓိအတတ် တတ်မြောက်သူဟာ အင်မတန်ရှားတယ်ကွဲ့၊ လူအယောက်ဆယ်သိန်း ဆယ်သန်းမှာ တစ်ယောက်မရှိနိုင်ဘူး၊ ပြီးတော့ အဲဒီပညာဟာ လျှို့ဝှက်ရှားပါး လွန်းတဲ့ ရှေးဟောင်းဂမ္ဘီရအတတ်ပညာတစ်ခုပဲကွဲ့"





"အင်း ... ဒါဆို မြတ်ကေရီကရော အဲဒီလိုအတတ် မျိုး တတ်ထားသလား မသိဘူးနော် အဖေ"

"ဖြစ်နိုင်ဖို့တော့ ခဲယဉ်းပါတယ်ကွယ်၊ ရှေးဟောင်း အနေကရှုပါဝိဘာဝကရဏာသိဒ္ဓိအတတ်မျိုး တတ်ဖို့ဆိုတာ ဒီနေ့ ခေတ် သမီးပျိုတစ်ယောက်အတွက် မလွယ်ပါဘူး။ အဲဒီဇာတ်မင်း သမီးက မျက်လှည့်အတတ်ပညာနဲ့တွဲပြီး လူတွေအံ့သြ သဘော ကျအောင် ကပြတာမျိုးပဲဖြစ်မှာပါ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တော့ ရုပ်ပြောင်းအကဆိုတာ ကို ပိုပြီးစိတ်ဝင်စားသွားပြီ အဖေ၊ ဒါကြောင့် မနက်ဖြန်ညမှာ အဲဒီဇာတ်ပွဲကို သွားကြည့်ချင်တာ အဖေရ"

ဦးလွန်းဖေက ဆေးတံကြီးကို တမျှင်းမျှင်းဖွာလျက် အတန်ကြာ စဉ်းစားတွေးတောနေပြီးမှ ခေါင်းကို လေးပင်စွာ ညိတ်လိုက်လေသည်။

"အိမ်း ... ငါ့သားလေ့လာချင်တယ်ဆိုလည်း သွားလေ့ လာပေါ့ကွာ၊ မြတ်ကေရီရဲ့ ရုပ်ပြောင်းအကကို သေသေချာချာ စေ့စေ့စပ်စပ် ကြည့်ခဲ့၊ ဒါမှ သူဟာ မျက်လှည့်အတတ်ပညာမျိုး၊ သာမန် ရုပ်ပြောင်းရုပ်လွှဲအတတ်မျိုးနဲ့ပဲ ပြုလုပ်ကပြသလား၊ အနေကရှုပါ ဝိဘာဝကရဏာသိဒ္ဓိအတတ်မျိုးနဲ့ပဲ ပြုလုပ်ကသလား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို မင်း အကဲခတ်ဆုံးဖြတ်လို့ရမယ်''

''ဟုတ်ကဲ့ပါ အဖေ ... ကျွန်တော် သေချာကြည့်မှာပါ''

မည်သို့ဖြစ်စေ လူရဲမှာ နောက်ညတွင် သူစိတ်ဝင်စားနေသော ပန်းမြတ်မာလာဇာတ်ပွဲကို စိတ်လွတ်ကိုယ်လွတ် ကြည့်ရတော့မည်မို့ ပျော်ရွှင်နေလေ၏။

✹✹✹





## အသွင်ပြောင်းကေရီ

နောက်တစ်နေ့နံနက်တွင် လူရဲသည် ဖခင်ကြီးစေခိုင်းသဖြင့် သူတို့မြို့ငယ်လေး၏ မြောက်ဘက် သုံးမိုင်အကွာရှိ ဒဟတ်ကျွန်းရွာသို့ ရာလေးစက်ဘီးစီးကာ သွားရောက်ရလေ၏။

နံနက်နှင်းမကွဲမီကတည်းက မြို့မှ ထွက်လာခဲ့ခြင်းဖြစ်ပြီး ဖခင်ကြီး ပန်းပုထုရန်အတွက် ယင်းတိုက်သားမှာထားသဖြင့် သွားယူရခြင်းဖြစ်လေသည်။

ဒဟတ်ကုန်းသို့ရောက်သည်တွင် ငယ်သူငယ်ချင်းအချို့နှင့်တွေ့ပြီး လေပစ်နေမိသောကြောင့်လည်းကောင်း၊ ရွာမှ အထွက်တွင် စက်ဘီး ဘီးပေါက်သွားရာ ရွာထဲပြန်ဝင်လျက်



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးပြင်ဆိုင်၌ ဘီးဖာနေရသောကြောင့်လည်းကောင်း မြို့လေးဆီ ပြန်လာတော့ နေပင်အတော်မြင့်ခဲ့လေပြီ။

သူသည် ယင်းတိုက်သားပင်စည်တုံးကို စက်ဘီးကယ်ရီယာပေါ်တင်လျက် မြေလမ်းဖုံဖုံလေးအတိုင်း နင်းလာရာ မြို့သို့ ရောက်ခါနီး လယ်ကွက်များကြားမှ ဖြတ်လာသည့်တွင် ဘုရားကြီးကုန်းအနီး ရောက်ရှိလာလေ၏။

ဘုရားကြီးကုန်းမှာ ရှေးဟောင်းဘုရားပြို ဘုရားပျက် စေတီဟောင်းရှိရာ ကုန်းမြင့်လေးပင်ဖြစ်လေသည်။

အင်တိုင်းချုံမြင့်မြင့်ကြီးများရှိရာ ကုန်းမြင့်ပေါ်သို့ မြေလမ်းဖြူဖြူလေးအတိုင်း ဖြတ်တက်လာပြီးနောက် ကုန်းတစ်ဖက်ဆင်ခြေလျှောအတိုင်း စက်ဘီးမနင်းဘဲ ဖရီးဝီးလ် (Free Wheels) လွှတ်လျက် ကုန်းဆင်းကို ဆင်းလာစဉ် ...

ရှေ့မှ မြေလမ်းပေါ်ဝယ် အော်ဟစ်ပြေးလွှားလာနေသော မိန်းကလေးတစ်ဦးကို လှမ်းတွေ့ရလေ၏။

"အောင်မယ်လေး ...ကယ်ပါဦး ကယ်ပါဦးရှင်"

ဇာပဝါနီနီလေးကို ဦးခေါင်း၌ခြုံရစ်သိုင်းထားသည့် မိန်းကလေးမှာ ရှေ့မှ အူယားဖားယားဖြင့် ပြေးလာသည့်တွင် သူမ၏နောက် ကိုက်တစ်ရာခန့်အကွာမှ ကျွဲတစ်ကောင်မှာ သူမထံ





ဒေါသတကြီး ပြေးဝင်လာလျက်ရှိလေသည်။

"ကယ် ကယ်ကြပါရှင်"

မိန်းကလေးကား သေဘေးကိုကြောက်ရွံ့ကာ ရှေ့မှ စွတ်ပြေးလာလျက်ရှိပြီး သူမ၏နောက်သို့ ချိုကားကားနှင့်ကျွဲကြီးတစ်ကောင်က နှာမှုတ်သံတရှူးရှူးပြုရင်း ကဆုန်ချပြေးလိုက်လာလျက် ရှိလေ၏။

လူရဲသည် ဖြစ်ပျက်နေပုံကို မြင်လိုက်သည်နှင့် မိန်းကလေး ကြုံနေရသည့်အန္တရာယ်ကို သတိပြုမိလိုက်ရာ စက်ဘီးကို ထိုးရပ်လျက် စက်ဘီးပေါ်မှ လျင်မြန်စွာဆင်းလိုက်လေသည်။

ပြီးလျှင် မိန်းကလေးဆီသို့ ပြေးသွားပြီး နှစ်ဦးဆုံမိသည်နှင့် မိန်းကလေး၏ဦးခေါင်းမှ နီနီရဲရဲပဝါစကို ဖြုတ်လိုက်ကာ လမ်းနံဘေးရှိ ချုံပုတ်တစ်ခုအပေါ်သို့ ပစ်တင်လိုက်လေ၏။

ထို့နောက် သူမအား အခြားချုံတစ်ခုနောက်သို့ တွန်းပို့လိုက်ရလေ၏။

ဒေါသကြီးနေသည့်ကျွဲကြီးသည် ပဝါစနီရဲရဲရှိရာသို့ တစ်ဟုန်ထိုး ပြေးဝင်လာပြီးလျှင် အနီးသို့ရောက်သည်နှင့် ကြုံးခတ်လိုက်တော့သည်။

ပဝါစနီနီကလေးကား စုတ်ပြဲလျက် ချိုများတွင် ငြိသွား



www.burmeseclassic.com

www.burmeseclassic.com



တော့ရာ လူရဲသာ ယင်းပဝါစကို မိန်းကလေး၏ဦးခေါင်းမှ ဖြုတ်ယူလွှင့်ပစ်ရန် စက္ကန့်အနည်းငယ် နောက်ကျသွားပါက မိန်းကလေးမှာ မိုက်မွှင့်လျက် ကျွဲချိုထိပ်ဖျား၌ ကားယားကြီးပါသွားမှာ သေချာပေ၏။

လူရဲသည် ကထာန်းကျစ်စာခဲများဖြင့် ကျွဲကြီးကို ပစ်ခတ်ခြောက်လှန့်လိုက်ရာ ကျွဲကြီးလည်း စားကျက်ရှိရာဘက်သို့ ပြန်ပြေးသွားလေသည်။

ထိုအခါမှလူရဲသည် ချုံပုတ်နံဘေး၌ လဲကျနေသည့် မိန်းကလေးကို ဆွဲထူရလေသည်။

"ထ ထလေ ... ထနိုင်ရဲ့လား"

"ရ ရပါတယ်ရှင် ... ဒူးပဲ နည်းနည်းနာသွားတာပါ"

မိန်းကလေးသည် ဒူးကို လက်တစ်ဖက်ဖြင့်နှိပ်ကာ ခပ်ဖြည်းဖြည်းထရပ်ပြီး လူရဲအား စေ့စေ့ကြည့်လျက် ကျေးဇူးစကားဆိုလေ၏။

"ကျေး ကျေးဇူးပါပဲကွယ်၊ ဒီက မောင်လေးသာ အချိန်မီ ရောက်မလာရင် မြတ်ရဲ့ဘဝဟာ မတွေးဝံ့စရာပါပဲ"

ထိုအခါမှ လူရဲကလည်း မိန်းကလေး၏မျက်နှာကို ဂရုပြုကြည့်လိုက်ရာ လွန်စွာ အံ့အားသင့်သွားတော့၏။





"အို ... လှလိုက်တဲ့ မိန်းကလေးပါလား"

ဟုတ်ပါသည်။ လူရဲအဖို့ သူ့ဘဝတစ်သက်တာတွင် ဤ၍ဤမျှ ချောမောလှပ အချိုးအဆစ်ကျနေသော မိန်းမချောမျိုးကို မတွေ့ဖူးရာ မိန်းကလေး၏မျက်နှာလှလှလေးကို ငေးကြည့်ရင်း စိတ်ထဲမှ အံ့အားတသင့် ချီးကျူးလိုက်မိလေသည်။

သို့သော် သူမက သူ့ထက် အသက်နှစ်နှစ်ခန့် ကြီးဟန်ရှိလေ၏။

"အစ် အစ်မက ဟို ... ပန်းမြတ်မာလာဇာတ်အဖွဲ့က လားဟင်"

လူရဲက မဝံ့မရဲဖြင့်မေးလိုက်ရာ မိန်းကလေးသည် သူမ၏ကိုယ်ပေါ်မှ အမှိုက်စ၊ ဖုန်မှုန့်တို့ကို ဖယ်ရှားရင်း ပြန်ဖြေသည်။

"ဟုတ်ပါတယ်ကွယ်၊ မမက ပန်းမြတ်မာလာ ဇာတ်အဖွဲ့ရဲ့ ခေါင်းဆောင်မင်းသမီး မြတ်ကေရီပါ"

"ဗျာ ... မမ မမဟာ မြတ်ကေရီ ... ဟုတ်လား"

ပြူးတူးပြဲတဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည့် လူရဲအား မြတ်ကေရီက ပြုံးကြည့်လိုက်ကာ ...

"ဟုတ်ပါတယ်ကွယ် ... ဘာဖြစ်လို့လဲ မောင်လေးရဲ့"

"အဲ အာ ... ဘာမှမဖြစ်ပါဘူး။ ဟိုလေ ခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီး မြတ်ကေရီကို ကျွန်တော် သိပ်ကို တွေ့ဖူးချင်နေတာဗျ၊ ခုတော့ မထင်မှတ်ဘဲ ကိုယ်တိုင်ကြုံတွေ့ရလို့ ကံကြမ္မာဖန်လာပုံကို အံ့သြနေရတာပါ ခင်ဗျ၊ ဒါထက် မမ ဘယ်တုန်းက ကျွန်တော်တို့မြို့ကို ရောက်လာတာလဲ''

''ဒီမနက်စောစောမှာပဲ မော်တော်နဲ့ရောက်လာတာလေ၊ မောင်လေးက ဒီမြို့သားလား။ နာမည်ကရော ဘယ်လိုခေါ်သလဲ ကွယ်''

''ကျွန်တော့်နာမည်က လှရဲပါ မမ၊ ဒီမြို့ဇာတိပါပဲ၊ ဒါထက် မမက ဒီမြို့ပြင်ကို တစ်ယောက်တည်း ဘယ်လိုဖြစ်ပြီး ရောက်နေရတာလဲ ခင်ဗျာ''

''အင်း ... မမမြတ်က ဒေသန္တရဗဟုသုတရှာမှီးရတာကို ဝါသနာသိပ်ပါတာကွဲ့၊ မနက်ကပဲ ဒီမြို့ကိုရောက်ပြီး ကြိုဆိုရေးအဖွဲ့က မြို့လူကြီးတွေနဲ့ ဇာတ်ရုံမှာပဲ စကားပြောရင်း ဒီမြို့မြောက်ဘက်စွန်းမှာ ရှေးရှေးတုန်းက မွန်ဘုရင်တွေ တည်သွားတဲ့ ရှေးဟောင်းဘုရားတစ်ဆူရှိတယ်ဆိုတာ သိရလို့ မနက်စာ ထမင်းမစားခင် စက်ဘီးတစ်စီးငှားပြီး တစ်ယောက်တည်း ခြေညောင်းလက်ဆန့်စီးရင်း လာကြည့်တာကွဲ့''

လှရဲက ကုန်းမြင့်ပေါ်ရှိ ချုံနွယ်ပိတ်ပေါင်းများကြားမှ ရေညှိအထပ်ထပ်ဖြင့် မည်းညိုမှိုင်းနေသော ထက်ဝေါ်ကျော်ကျော် ပြိုကျနေသည့် စေတီငုတ်တိုကြီးအား တစ်ချက်ငေးကြည့်လိုက်ပြီး ...

''မမမို့ ဒီနေရာကို တစ်ယောက်တည်း လာရဲတယ်၊ ဒီဘုရားကြီးကုန်းမှာ သရဲသိပ်ခြောက်တယ်လို့ နာမည်ကြီးနေတာဗျ၊ ကျွန်တော်တို့မြို့က ကာလသမီးတွေဆို ဝါဆိုပန်းခူးထွက်ရင်တောင် ဒီဘက်မလာဝံ့ကြဘူး''

ဟုပြောလိုက်ရာ မြတ်ကေရီက ပြုံးလိုက်သည်။ သနပ်ခါးရေကြဲလေးသာ လူးထားလျက် မိတ်ကပ်၊ ကာခြယ် စသည်တို့ သုံးစလိမ်းခြယ်ထားခြင်းမရှိသော သူ့မျက်နှာပြောင်တင်းတင်းလေးက နုပျိုလှပလွန်းနေသဖြင့် လှရဲမှာ ငေးခနဲ ဖြစ်သွားရလေသည်။

မြတ်ကေရီက လှရဲ၏ အနီးကပ် ခေါ်တောတစ်ထောင်အားဖြင့် အကြည့်ကို မသိကျိုးကျွန်ပြုကာ ပြုံးမြဲပြုံးရင်း စကားဆက်သည်။

''အင်း ... မမလည်း စက်ဘီးကို ဟောဟိုနားမှာပဲ ထားပြီး အဲဟိုတောင်ကုန်းရဲ့အခြေက ချုံတွေကြားထဲမှာ ရှေးလက်ရာ အုတ်ဂူတွေ တွေ့တာနဲ့ သွားကြည့်တာကွဲ့၊ အဲဒီမှာပဲ လယ်







www.burmeseclassic.com

www.burmeseclassic.com



ကွက်ထဲက ကျွဲကြီးဟာ နှာတဖူးဖူးမှုတ်ပြီး မမဆီ ပြေးလာတာ
နဲ့ မမလည်း လန့်ပြီးထွက်ပြေးရတာ၊ တော်ပါသေးရဲ့ ... မောင်
လေး လူရဲ ရောက်လာပေလို့၊ ကေနဲ့ ... အဲဒီကျွဲကြီးမှာများ
သရဲတစ္ဆေ စီးနေသလား မသိဘူးနော်''

''သရဲတစ္ဆေစီးနေလို့ မဟုတ်ပါဘူး ... မမမြတ်ရဲ့ ပဝ
နီနီကြောင့်ပါ၊ ကျွဲတွေဟာ အနီရောင်ကို သိပ်မုန်းကြတယ်လေ
မမမြတ်က ပဝါစအနီရောင်ကို ခေါင်းမှာစည်းထားတော့ သူက
မြင်ဖို့ ပြေးလာတော့တာပေါ့''

''ဪ ... ဒီလိုလား၊ အင်း ... မြတ်က အဲဒါကို
သတိမမူလိုက်မိဘူးလေ၊ တော်ပါသေးရဲ့ ... မောင်လူရဲ ကယ်
ပေလို့''

ခပ်လှမ်းလှမ်းမှ မြေလမ်းနံဘေး ချုံနှစ်ခုအကြားတွင်
လဲကျနေသည့် ရာလေးစက်ဘီးမှာ နောက်ဘီးခွေပြီး စပုတ်တို
များ ကျိုးပြတ်ကာ စီးနင်း၍ မရတော့ချေ။

လူရဲက မြတ်ကေရီ၏စက်ဘီးကို စစ်ဆေးကြည့်ပြီး ...
''မမမြတ်ရဲ့စက်ဘီးကတော့ စီးလို့မရတော့ဘူးဗျ''
ဟုပြောရင်း နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်တွင်
''ဟင်''

ခု နှစ် စဉ် ကြယ် တာ ပေ



သူ လွှန်စွာ အံ့သြသွားတော့၏။

သူ့နောက်ဘက် ဝါးတစ်ရိုက်ခန့်အကွာမှ လမ်းဘေးချုံ
ပင်တွင် ရပ်ကာ အဘွားအိုတစ်ဦးက သူ့ကို ကြောင်စီစီမျက်လုံး
များဖြင့် တွေတွေကြီးကြည့်နေသည်ကို တွေ့ရပြီး မြတ်ကေရီကိုမူ
မတွေ့ရချေ။

သို့ကြောင့် လူရဲမှာ ခေါင်းနားပန်းကြီးသွားမိပေတော့၏။

''ဟာ ... မ မမမြတ် ဘယ်ရောက်သွားပါလိမ့်''

လူရဲက နံဘေးဝန်းကျင်သို့ လှည့်ပတ်ကြည့်ကာ မြတ်
ကေရီကို ရှာဖွေလိုက်မိသည်။

ယင်းသို့ ပြူးတူးပြတဲ ရှာဖွေကြည့်ရင်း ကျောချမ်းထဲက
စိမ့်ခနဲဖြစ်သွားရာမှ စောစောက အဘွားအိုကို ပြန်ကြည့်လိုက်
သည်တွင် ...

''ဟင်''

အဘွားအို၏နေရာတွင် အဘွားအိုမရှိတော့ဘဲ မြတ်
ကေရီက သူ့ကို ခပ်ပြုံးပြုံးအမူအရာဖြင့် စိုက်ကြည့်နေသည်ကို
တွေ့ရလေရာ လူရဲမှာ ပါးစပ်အဟောင်းသား ဖြစ်သွားရတော့
သည်။

မြတ်ကေရီကပြုံးရင်း ...

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



''မောင်လူ့ရဲ ဘာကြည့်နေတာလဲကွဲ့၊ မမမြတ်ရဲ့ စက်ဘီးက စီးလို့မရတော့ဘူးလို့ စောစောက ပြောလိုက်သလားလို့''

ဟု လေသံအေးအေးဖြင့် မေးလိုက်ရာ လူ့ရဲမှာ ဘာပြန်ပြောလို့ ပြောရမှန်းမသိအောင် ဖြစ်သွားရတော့၏။

''ငါ ... ငါ စောစောက အဘွားကြီးကို တွေ့လိုက်ပါတယ်၊ ဒါပေမဲ့ အဘွားကြီးကနေ မမမြတ် ပြန်ဖြစ်နေပါလား။ ငါ ငါပဲ အမြင်အာရုံလွဲမှားသွားလေသလား''

လူ့ရဲမှာ အံ့သြတုန်လှုပ်သလိုလို ခံစားနေရပြီး မြတ်ကေရီကိုသာ ကြောင်ကြည့်နေမိတော့၏။

ဝန်းကျင်က တိတ်ဆိတ်လျက်ရှိပြီး လေပြည်လေး က သုတ်ကရက် ပြေးဝင်လာမှုကြောင့် လမ်းနံဘေးမှ ချုံနွယ်တို့ ယိမ်းခါသွားကြလေ၏။

'ရှဲ ရှဲ ရှဲ'

သစ်ပင် သစ်ကိုင်း သစ်ရွက်တို့ကို လေတိုးသံသည်ပင် လူသူပြတ်လပ်လျက်ရှိသော ညနေရာတွင် ချောက်ချားဖွယ် သဘာဝ၏ ငိုညည်းသံလေလား ထင်မှတ်ရလေသည်။

''ဟဲ့ မောင်လေးလူ့ရဲ ... ပြောပါဦး၊ ဘာကြောင့်ကြည့်





နေတာလဲ၊ မမမြတ်ရဲ့ စက်ဘီးနောက်ပိုင်းက သုံးစားမရတော့ဘူး မဟုတ်လား''

''ဟုတ် ... ဟုတ်တယ် မမမြတ်၊ အဲ ... ကျွန် ကျွန်တော့်စက်ဘီးနဲ့ပဲ လိုက်ခဲ့တော့''

''အင်း ... အဲဒီလိုပဲ လုပ်ရတော့မှာပေါ့၊ ဇာတ်ကိုပြန်ရောက်မှ လူလွှတ်ပြီး စက်ဘီးယူခိုင်းရမယ်''

မြတ်ကေရီ၏ ဟန်ပန်အမူအရာက ပုံမှန်ပဲ ဖြစ်သည်။ ထူးခြားမှုမရှိ။

လူ့ရဲမှာသာ ဇဝေဇဝါဖြစ်ရင်း စိတ်လှုပ်ရှားနေပြီး နောက်ဆုံး သက်ပြင်းရှိုက်ကာ စက်ဘီးကို ဒေါက်ဖြုတ်လျက် ခွတက်လိုက်ရတော့၏။

''တက်လေ မမမြတ်''

မြတ်ကေရီ ကယ်ရီယာခုံပေါ် တင်ပါးလွှဲလေး တက်ထိုင်လိုက်ပြီးသည်နှင့် လူ့ရဲက စက်ဘီးကိုအားစိုက်နင်းကာ ရွာဘက်သို့ ထွက်ခဲ့တော့သည်။

မြတ်ကေရီက လက်ကလေးတစ်ဖက်ဖြင့် လူ့ရဲ၏ပခုံးကို ရောက်မှကိုင်ရင်း တိတ်ဆိတ်စွာ လိုက်ပါလာ၏။

မြေလမ်းကကြမ်းကာ ဂမုဂထစ်တွေကို ကျွေ့ရှောင်ကျော်



www.burmeseclassic.com

www.burmeseclassic.com



မြတ်နှင်းရသဖြင့် စက်ဘီးက မြောက်ခနဲ မြောက်ခနဲ ခုန်နေရာ မြတ်ကေရီမှာ လိမ့်လွင့်မကျသွားစေရန် လှူရဲ၏ပခုံးကို ကိုင်ထားရာမှ နေရာရွှေ့ပြီး ခါးကို ဖက်ထားလိုက်လေသည်။

ထိုအခါ သူမ၏ နွေးထွေးသောကိုယ်လုံးအိအိလေးက လှူရဲ၏ကျောပြင်ကို ထိခတ်လျက်ရှိလေ၏။

လှူရဲမှာ ကျောဆီမှ ရှိန်းမြသောခံစားမှုနှင့်အတူ ရင်ခုန်ကြည်နူးသွားမိတော့သည်။

သို့သော် စောစောက ဖုန်းဆိုးကုန်းပေါ်တွင် တွေ့လိုက်ရသည့် အဘွားအိုအား သတိရလိုက်မိသည့်အခါမှာမူ သူ၏နောက်ကျောပြင်သို့ မြတ်ကေရီ၏ အသားစိုင်များ ထိခတ်လိုက်တိုင်း ကြက်သီးမွေးညင်းထနေမိတော့၏။

"သူ သူက ငါ့ကို သူ့ရဲ့ရုပ်ပြောင်းပညာ ပြကွက်တစ်ကွက်ပြပြီး ကျီစယ်လိုက်တာလား မသိဘူး။ ဖြောင်ဖွင့်မေးဖို့လည်း မကောင်းတတ်သေးဘူး။ အင်း ...ငါ အမြင်မှားတာလည်း ဖြစ်ချင်ဖြစ်မှာပါ"

✸✸✸





မေ့မရသူ

မမျှော်လင့်ဘဲ ပန်းမြတ်မာလာဇာတ်အဖွဲ့၏ ခေါင်းဆောင်မင်းသမီး မြတ်ကေရီနှင့် ခင်မင်ရင်းနှီးခွင့်ရလိုက်သဖြင့် ထိုညတွင် လှူရဲသည် သူဆန္ဒရှိသည့်အတိုင်း ဇာတ်စင်ပေါ်မှနေ၍ ဇာတ်ပွဲကို ကြည့်ခွင့်ရသွားလေသည်။

ဇာတ်စင်လက်ယာဘက်ရှိ လိုက်ကာကြိုးဆွဲသမား၏ဘေး၌ ခေါက်ကုလားထိုင်လေးဖြင့်ထိုင်ရင်း လှူရဲ ကြည့်ခွင့်ရခြင်းဖြစ်၏။

မိမိကို ကျွဲရန်မှ ကူညီကယ်တင်ခဲ့သူအဖြစ် မြတ်ကေရီကိုယ်တိုင် ဇာတ်ဆရာနှင့် ဇာတ်သူဇာတ်သားတို့အား ရှင်းပြကာ



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆက်ပေးခဲ့သဖြင့် ဇာတ်တစ်ဖွဲ့လုံးက လူရဲကို ကျေးဇူးတင်လျက် မျက်နှာသာပေးဆက်ဆံကြလေသည်။

ပင်ကိုဗီဇအားဖြင့် လူရဲသည် ဇာတ်သဘင်ကို ဝါသနာပါလှသူမဟုတ်ချေ။

သို့သော် ပန်းမြတ်မာလာ ဇာတ်အဖွဲ့၏ လှပဆန်းပြားသော ယိမ်းအကနှင့် အော်ပရာတင်ဆက်မှုတို့ကို အနီးကပ်ကြည့်ရှုခွင့်ရရာ လှပချောမောသည့် ယိမ်းသမလေးများနှင့် မြတ်ကေရီ၏ တုလွတ်ကင်းသောအလှကို ရောင်စုံမီးဆလိုက်များအောက်၌ အနီးကပ်ကြည့်မြင်နေရသည်မှာ အိပ်မက်လေလားဟု ထင်မှတ်မိတော့သည်။

မြတ်ကေရီဦးဆောင်သည့် ယိမ်းသမလေးများ ပါဝင်သော အော်ပရာတင်ဆက်မှုမှာ လှပဆန်းသစ်သည့် ဝတ်စားဆင်ယင်မှုနှင့် အနုပညာမြောက်သော ကကွက်တို့ကြောင့် ရှုမငြီးနိုင်အောင် စွဲဆောင်မှုရှိလှလေ၏။

လူရဲ အထူးနှစ်ခြိုက်မိသည်မှာ မြတ်ကေရီဦးဆောင်ကပြသော ပြဇာတ်ဖြစ်သည်။

ထိုညက မြတ်ကေရီ၏ ကျော်ကြားလှသော ခုနစ်လွှာမျက်နှာရှင်နှင့် သိန်းတစ်ရာရတနာသိုက်ဟူသော ပြဇာတ်ကို





တင်ဆက်ကပြခဲ့လေ၏။

ယင်းပြဇာတ်၏ ဇာတ်လမ်းကျောရိုးမှာ ပုလဲနှင့် မိုးကောင်းဟူသော မောင်နှမနှစ်ယောက်တို့၏လက်ထဲတွင် ဘိုးဘွားအမွေဖြစ်သော ရှေးဟောင်းကြေးပုရပိုက်တစ်ဆူ ရှိလေသည်။

ထိုပုရပိုက်ထဲ၌ ရှေးဟောင်းရတနာသိုက်တစ်ခု၏ မြေပုံပါရှိရာ ယင်းမြေပုံလမ်းညွှန်အတိုင်း မိုးကောင်းတို့မောင်နှမမှ တောတောင်နက်ထဲဝင်ကာ ရတနာသိုက်ရှာဖွေဖို့သွားသည့်ခရီးတွင် လမ်းပြအဖြစ် မုဆိုးလေးစက္ကကို ငှားခဲ့လေ၏။

တကယ်တော့ စက္ကမှာ ယောက်ျားတစ်ဦးမဟုတ်ဘဲ ရုပ်ပြောင်းရုပ်လွှဲပညာ ကျွမ်းကျင်တတ်မြောက်သည့် တာရာ ဟူသော ထူးဆန်းသည့် မိန်းမချောလေးတစ်ဦးသာ ဖြစ်လေသည်။

သို့ဖြင့် မိုးကောင်းတို့ ခရီးထွက်ရင်း တောနက်ထဲအရောက်တွင် ရတနာသိုက်အကြောင်း သိထားသည့် ဓားပြအဖွဲ့က တိုက်ခိုက်ရာ မိုးကောင်းတို့ မောင်နှမနှင့် တာရာတို့ လူချင်းကွဲသွားခဲ့လေ၏။

မိုးကောင်းနှင့်ပုလဲတို့မှာမူ ဓားပြအဖွဲ့၏ ဖမ်းဆီးခြင်းခံခဲ့ရရာ တာရာက ရုပ်ပြောင်းရုပ်လွှဲအမျိုးမျိုးပြုလုပ်ပြီး မိုး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတို့မောင်နှမကို ကယ်ရန်ကြိုးစားပုံတို့ကို အံ့အားသင့်စရာ ရယ်စရာဟာသများဖြင့် တင်ဆက်ကပြသည်တွင် ပရိသတ်တို့ ဝက်ဝက်ကွဲမျှ သဘောကျလှပေသည်။

ယင်းပြဇာတ်ကို တင်ဆက်ရာတွင် လိုက်ကာတို့၏ တစ်ဖက်ထောင့်၌ မှောင်ရိပ်ရှိရာ တာရာအဖြစ် သရုပ်ဆောင်ကပြသော မြတ်ကေရီသည် ဇာတ်ရုပ်တစ်ခုမှတစ်ခုသို့ ပြောင်းသည့်အခါ၌ ထိုအမှောင်ရိပ်ထဲသို့ စက္ကန့်ပိုင်းမျှသာဝင်ပြီး နောက်အခြားဇာတ်ရုပ်တစ်ရုပ်ဖြင့် ချက်ချင်းပြန်ထွက်ကပြလေ၏။

ထိုသို့ မြတ်ကေရီဇာတ်ရုပ်ပြောင်းသည့်နေရာမှာ လှူရဲ ထိုင်နေရာနှင့် လေးငါးပေခန့်သာ ကွာဝေးရာ မြတ်ကေရီ ထိုမှောင်ရိပ်ထဲသို့ ဝင်ရုံသာဝင်ပြီး ချက်ချင်းပြန်ထွက်သွားသည်ကို လှူရဲ မြင်နေရလေသည်။

"ဟာ . . . မမြတ် ရုပ်ပြောင်းရုပ်လွှဲလုပ်တာ မြန်လှချည်လား၊ လိုက်ကာတွေကြားက မှောင်ရိပ်မျက်ကွယ်ရာထဲ ချက်ချင်း ဝင်ပြီး ချက်ချင်းပြန်ထွက်သွားတယ်၊ အဲဒီမှောင်ရိပ်ထဲမှာ အဝတ်ပုံရှိပေမယ့် သူ အဝတ်အစားလဲတာ မြန်လှချေလား။ အဝတ်အစားရော လဲတောင်လဲရဲ့လား မသိဘူး"

ပြဇာတ်မှာ ညဥ့်နက်မှကပြခြင်းဖြစ်သဖြင့် မိမိပဲ အိပ်





ငိုက်ပြီး သေချာသတိမမူမိခြင်းကြောင့်များလားဟုသာ လှူရဲမှာ ဇဝေဇဝါ တွေးနေမိပါတော့သတည်း။

✹



www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့နေ့လယ်တွင် လူရဲသည် ဇာတ်အဖွဲ့သားများ ထံ ရောက်ရှိသွားရာ ဇာတ်စင်၏နောက်ဘက်, ခပ်လှမ်းလှမ်းရှိ မန်ကျည်းပင်ရိပ်တွင် ဖျာကြမ်းခင်းထိုင်ကာ ရေနွေးကြမ်းသောက် နေသော ပတ်တီးဆရာကြီးဦးစိန်ညိုကို တွေ့ရသည်နှင့် ဦးစိန်ညို ၏အနီးတွင် သွားထိုင်လိုက်လေသည်။

"ဦးကြီး ...ညက အိပ်ရေးပျက်ထားတာ တစ်ရေး တစ်မော မအိပ်ဘူးလား ခင်ဗျ"

လူရဲက စပါးရောဖွဲရောမေးရင်း ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်လိုက်လေ၏။





"အေး ...မနက်က အိပ်ပြီးပါပြီကွာ၊ မင်းရော ညက ပွဲသိမ်းတဲ့အထိ ကြည့်တယ်မဟုတ်လား၊ အိပ်ရေးမပျက်ဘူးလား၊ ငါတို့ကတော့ အိပ်ရေးပျက်တာ ရိုးနေပြီကွ"

"အင်း ...အိပ်ရေးပျက်ပေမယ့် နေ့ခင်းဘက် မအိပ် တတ်လို့ ထွက်လာတာ ခင်ဗျ၊ ဒါထက် ဦးကြီးကို သိချင်တာ တစ်ခု မေးပါရစေ"

"ဘာမေးမလို့လဲ ကောင်လေးရဲ့"

"ဒီလိုပါ ဦးကြီးရယ် ...ညက မမြတ် ရုပ်ပြောင်းရုပ် လွှဲနဲ့ သရုပ်ဆောင်တာ ကောင်းလွန်းလို့ပါ၊ အဲဒါနဲ့ပတ်သက်ပြီး မေးချင်လို့ပါ ခင်ဗျ"

"အေး ...မေးလေကွာ"

ဤတွင် လူရဲက မဝံ့မရဲဖြင့် မေးလိုက်လေသည်။

"ဒီ ဒီလိုပါ ခင်ဗျ ...မမြတ်ဟာ ညတုန်းက အဘိုး ကြီးအိုလို သရုပ်ဆောင်တဲ့အခါ တကယ့်အဘိုးကြီးနဲ့တူတယ်ဗျ၊ အဲ ...ဓားပြဗိုလ်ကြီးလုပ်ရင်လည်း တကယ့်ကြမ်းကြမ်းတမ်း တမ်းယောကျ်ားကြီးနဲ့ တူတာပဲဗျ၊ သူယောင်မယ်လေးပုံစံလုပ် တော့လည်း နွဲ့နွဲ့နှောင်းနှောင်းနဲ့ ချစ်စရာမိန်းကလေး ဖြစ်သွား ပြီရောဗျ၊ အဲဒီလောက် သရုပ်ပီလွန်းတော့ အဲဒီလို ဇာတ်ရုပ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကပြနေသူတွေဟာ မမြတ်တစ်ဦးတည်းမှ ဟုတ်ရဲ့လားလို့ သံသယဝင်မိတယ် ခင်ဗျ''

''ဟ ကောင်လေးရ ... ခုနစ်လွှာမျက်နှာရှင်ဆိုမှ သူတစ်ယောက်တည်းပေါ့ဟ''

''အင်း ... ဒါပေမဲ့ တကယ့်အဘိုးကြီး, တကယ့်ဓားပြ ဗိုလ်ကြီးနဲ့ တူလှတယ်ဗျာ''

ဤတွင် ဦးစိန်ညိုက အဖန်ရည်တစ်ခွက်ကို မှုတ်သောက်လိုက်ပြီးနောက် ပြုံးလျက်မေးသည်။

''သြော် ... မင်းက အဲဒါကို အံ့ဩသဘောကျနေတာလား''

''ဟုတ်တယ် ဦးကြီး။ ပြီးတော့ မမြတ်ရဲ့ အဝတ်အစားလဲပုံက မြန်လွန်းတယ်ခင်ဗျ။ အဲဒါကို ကျွန်တော် အံ့ဩနေတာ''

''အင်း ... ဒါကတော့ သူ့ရဲ့ပါရမီလို့ပဲ မှတ်လိုက်ပေါ့ကွာ၊ တကယ်တော့ ငါတို့ရဲ့ ဇာတ်သဘင်လောကမှာ ရုပ်ပြောင်းရုပ်လွှဲပညာ အင်မတန်တော်တဲ့ ဆရာမွန်းကြီးဆိုတဲ့ ဇာတ်ဆရာတစ်ဦး ရှိဖူးတယ်ကွ ...၊

ဆရာမွန်းကြီး အဘိုးအိုလို သရုပ်ဆောင်ရင် သူ့ရဲ့ ခေါင်းတုန်ပုံ, တောင်ဝှေးထောက်ပုံ, ခြေလှမ်းပုံ, မေးဖျားရိုက်သံ





နဲ့ အသံတုန်တုန်စကားပြောပုံတွေဟာ တကယ့်အဘိုးအို တစ်ယောက်နဲ့တူလွန်းလို့ သူ့တပည့်တွေကတောင် သူတို့ရဲ့ဆရာ ဆရာမွန်းကြီး ဟုတ်ရဲ့လားလို့ သံသယဝင်ကြရတယ်ကွ၊ ဒီတော့ တို့များရဲ့ မင်းသမီးမြတ်ကေရီလည်း ဆရာမွန်းကြီးလိုပဲ ရုပ်ပြောင်းရုပ်လွှဲပညာတစ်ဖက်ကမ်းခပ်တတ်ထားလို့ပေါ့ကွာ''

''အင်း ... ဟုတ်မှာပါပဲလေ၊ မမြတ်ရဲ့ ကျွမ်းကျင်မှုကြောင့် ကျွန်တော် သံသယဝင်မိရတာပါ''

မည်သို့ပင်ဖြစ်စေ လူရဲမှာ နောက်နေ့ညတွင်လည်း ဇာတ်စင်ပေါ်ရှိ လိုက်ကာဆွဲကြိုးများအနီးမှနေ၍ မြတ်ကေရီ၏ ရုပ်ပြောင်းရုပ်လွှဲပြုလုပ်မှုကို သေချာစောင့်ကြည့် အကဲခတ်သေးသည်။

သူ သေချာဂရုစိုက် အကဲခတ်နေသည့်ကြားမှပင် မြတ်ကေရီ၏ ရုပ်ပြောင်းရုပ်လွှဲပြုမှု အဝတ်အစားလဲမှုတို့ကို အကဲဖမ်း၍ မရ ဖြစ်နေသည်။

မြတ်ကေရီ အဝတ်အစားလဲရာ ဇာတ်ရုပ်ပြောင်းရာ လိုက်ကာများကြားမှ မှောင်ရိပ်နေရာသို့ ဇာတ်စည်းကမ်းအရ ညီသူမျှ သွားခွင့်မရှိချေ။

ထို့ကြောင့်လည်း လူရဲမှာ လှမ်းကြည့်အကဲခတ်ရုံသာ



www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်တော့၏။

ယင်းညကလည်း မိုးလင်းသည်အထိ ဇာတ်ပွဲကို ကြည့်မိသဖြင့် နောက်နေ့တွင် မွန်းတည့်အချိန်ကျမှ လှူရဲ အိပ်ရာကနိုးလာသည်။ နှစ်ညဆက်တိုက် အိပ်ရေးပျက်ခဲ့ခြင်းကြောင့်လည်းဖြစ်၏။

နေ့လယ် ၂ နာရီလောက်မှာ သူ ဇာတ်စင်ရှိရာသို့သွားတော့ ဇာတ်စင်မှာ ဖျက်၍ပင် ပြီးချေပြီ။

"ဟာ ... ဇာတ်အဖွဲ့ရောဗျ"

"စောစောကပဲ မော်တော်နဲ့ ပြန်သွားကြပြီလေဗျာ"

"ဗျာ"

ထိုစဉ်က လှူရဲမှာ မြတ်ကေရီကို နှုတ်ဆက်ခွင့်ပင်မရလိုက်သဖြင့် အတော်စိတ်မကောင်းဖြစ်သွားရလေ၏။ မည်သို့ဖြစ်စေ မြတ်ကေရီဟူသော မိန်းမချောကို လှူရဲ ဘယ်သောအခါမှ မေ့၍ရနိုင်တော့မည် မဟုတ်ပေ။

✹✹✹



## အခန်း (၂)

ဆားပုလင်းလှူရဲ
မရဏာဖဲပွင့်ဝါများ
ရေနစ်တဲ့ဖျံ
ပြန်ဆုံခဲ့ပြီ လှဲကေရီ
မေ့မရသောအတိတ်ဆိုး
မာယာရှင်၏လှည့်ကွက်
ပဋိလက်လှူသတ်သမား

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

### ဆားပုလင်းလူရဲ

လူရဲသည် သူ့ဘဝဝယ် ခဏတာ ကြုံဆုံရင်းနှီးခွင့်ရ ဆိုက်သည့် မြတ်ကေရီဟူသော မိန်းမချောအား တသသ မေ့ နိုင်အောင် သတိတရ ဖြစ်လျှက်ရှိပေသည်။

သူသည် တတ်နိုင်ပါက ပန်းမြတ်မာလာဇာတ်အဖွဲ့ က ရာ မြို့ရွာတို့သို့ စုံစမ်းမေးမြန်းကာ လိုက်သွားလိုလှပေသည်။

သို့သော် စည်းကမ်းကြီးသော ဖခင်ကြီးကို ကြောက်ရ ဖြင့်သော မိမိ၏ဆန္ဒကို ချုံးနှိမ်မျိုသိပ်ထားရခြင်း ဖြစ်ပေ၏။

“အင်း . . . မမြတ်ကတော့ ငါ့ကို သတိမှရပ့ါမလား ဆိုဘူး၊ ပွဲသွားငှားတဲ့ဦးလေးဘကောက်က ပြောဖူးတယ် . . .



www.burmeseclassic.com

www.burmeseclassic.com



အရုပ်တကာ လှည့်ကပြနေတဲ့သဘင်သည်တွေဟာ ရောက်ရာအရပ်မှာ သင့်အောင်နေ, တွေ့တဲ့လူနဲ့ တည့်အောင်ပေါင်းရတာဆိုတော့ သူတို့ဇာတ်အဖွဲ့တွေ သွားရောက်ကပြရာ နေရာတိုင်းက လူတိုင်းနဲ့ ရင်းရင်းနှီးနှီး ခင်ခင်မင်မင် နေမှာပဲတဲ့ . . .၊

ဒါပေမဲ့ အဲဒီလို ရင်းနှီးခင်မင်အောင်နေရတာဟာ အလုပ်သဘောမို့ တွေ့တုန်းအချိန်သာ လိုက်လိုက်လှဲလှဲ ရင်းနှီးခင်မင်သလို နေထိုင်ဆက်ဆံပေမယ့် ပတ်သက်စရာမလိုတော့တဲ့အခါမှာ ခင်မင်ရင်းနှီးခဲ့မှုတွေကို မေ့သွားရောတဲ့၊ နောက်တစ်ခါတွေ့ရင် မသိဖူးသလို, မရင်းနှီးဖူးသလို ဖြစ်သွားရောတဲ့၊ မှတ်တောင်မမှတ်မိကြတော့ဘူးတဲ့၊ ဒါကလည်း အများနဲ့ဆက်ဆံရတော့ ဒီလိုပဲဖြစ်မှာပဲတဲ့ . . .၊

အင်း . . . ဦးလေးဘကောက်ပြောသလိုပဲ မမြတ်ဟာ ငါ့ကိုပြန်တွေ့ရင် မှတ်မိချင်မှတောင် မှတ်မိမှာပါ၊ ငါကသာ သူ့ကို မေ့မရနိုင်အောင် ဖြစ်နေရတာ''

လှရဲမှာ မြတ်ကေရီကို သတိရတိုင်း စိတ်ဝယ် ဆို့ဆို့နင့်နင့် ဖြစ်နေရသည်။

တကယ်တော့ လှရဲသည် မြတ်ရေီ၏ လှပကာ ခွဲ ဆောင်မှုရှိလှသော ရုပ်ဆင်းရူပကာကို စွဲလမ်းခြင်း ဖြစ်မိသလို





သူမ၏ ထူးဆန်းစွာ ရုပ်ပြောင်းရုပ်လွှဲ ပြုလုပ်နိုင်မှု အတတ်ပညာကြောင့်လည်း မေ့မရနိုင်ဖြစ်နေရခြင်းဖြစ်၏။

''မမြတ်ကတော့ ကျော်ကြားသထက် ကျော်ကြားအောင်မြင်တဲ့ ရွှေမင်းသမီးဖြစ်လာမှာဆိုတော့ ငါ့ကို မေ့သထက် မေ့သွားမှာပါလေ''

သို့သော် အခြေအနေအရပ်ရပ်သည် လှရဲထင်သလို မဖြစ်လာချေ။

✺



www.burmeseclassic.com

www.burmeseclassic.com

လူရဲတို့၏ မြို့ကလေးသို့ ပန်းမြတ်မာလာဇာတ်အဖွဲ့ လာရောက်ကပြပြီး ငါးလခန့်အကြာမှာပင် ...

တိုင်းပြည်၏ အခြေအနေသည် တစ်မျိုးပြောင်းလဲသွားသလို လူရဲ၏ ဘဝအခြေအနေသည်လည်း တစ်ဆစ်ချိုး ပြောင်းလဲခဲ့တော့၏။

မြန်မာနိုင်ငံကို နယ်ချဲ့ဗြိတိသျှတို့ နှစ်ပေါင်းများစွာ အုပ်ချုပ်လာခြင်းကို အဆုံးသတ်ရန် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် မျိုးချစ်တပ်မတော်က B.I.A တပ်ဟူသော အမည်ဖြင့် ဂျပန်တပ်တို့နှင့်အတူ နိုင်ငံ၏အရှေ့တောင်ဘက်မှ ထိုးဖောက်





ဝင်ရောက်လာခဲ့လေ၏။

B.I.A နှင့် ဂျပန်တပ်တို့ ပူးပေါင်းကာ ဗြိတိသျှစစ်တပ်တို့ကို တိုက်ထုတ်ချေမှုန်းခြင်းဖြင့် တစ်ပြည်လုံးတွင် စစ်ပွဲများဖြစ်ပွားလာသလို မန္တလေးမှ ဇာတ်အငြိမ့်အဖွဲ့တိုင်းလိုလိုတို့လည်း ဇာတ်ခေါင်းကွဲကာ ဇာတ်သူဇာတ်သားအများစုသည် မိမိတို့၏ မူလချက်မြှုပ်ဒေသတို့သို့ ပြန်ကြရလေသည်။

ပန်းမြတ်မာလာအဖွဲ့သည်လည်း ဇာတ်ခေါင်းကွဲသွားဟန်တူသဖြင့် မြန်မာနှင့်ဂျပန်တပ်များ တစ်နိုင်ငံလုံးကို သိမ်းပြီးသည့်တိုင်အောင် ယင်းဇာတ်၏သတင်းကို မကြားရတော့ချေ။

တစ်နယ်နှင့်တစ်နယ် ကူးသန်းသွားလာရသည်မှာလည်း ခက်ခဲသဖြင့် လူရဲတို့မြို့ကလေးမှာ မန္တလေး၊ ရန်ကုန်လို မြို့ကြီးများနှင့် ဆက်သွယ်မှုမရှိသလောက် ဖြစ်သွားရလေ၏။

သို့ကြောင့်လည်း ဂျပန်ခေတ်တစ်ခေတ်လုံး ပန်းမြတ်မာလာဇာတ်အဖွဲ့၏သတင်းရော မင်းသမီး မြတ်ကေရီ၏သတင်းပါ လုံးဝမကြားရတော့ချေ။

ဤသို့ အရာရာအပြောင်းအလဲများဖြစ်နေသည့် သမယမှာပင် လူရဲ၏ဘဝလည်း မထင်မှတ်သော ပြောင်းလဲခြင်းများဖြင့် ပြောင်းလဲခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ဝင်စမှာပင် လူရဲ၏ဖခင်ကြီး ဦးလွန်းဖေမှာ အူရောင်နာဖျားရောဂါဖြင့် ဆုံးပါးသွားခဲ့ရလေ၏။

ဂျပန်တို့သည် လူရဲတို့မြို့ကလေးသို့ပါ ရောက်ရှိလာကာ ဖက်ဆစ်ဝါဒီများပီပီ မြို့သူမြို့သားတို့ကို အနိုင်ကျင့်နှိပ်စက်မှု ပြုကြလေသည်။

လူရဲတို့လို လူငယ်တို့က ဖက်ဆစ်ဂျပန်တို့ကို ရရာ တုတ်ဓားဆွဲကာ ခုခံတော်လှန်လိုသော်လည်း အမြော်အမြင်ရှိသည့် လူကြီးသူမတို့က တားထားကြလေ၏။

လူရဲတို့ မြို့သူမြို့သားများမှာ တိုင်းတစ်ပါးသား ဖက်ဆစ်မိစ္ဆာကောင်တွေကို ကြောက်နေရသည့်အပြင် သူတို့ထက်ပိုဆိုးသည့် ဖက်ဆစ်ဂျပန်သတင်းပေး အသားထဲက လောက်ထွက်သူတို့ကို ပိုကြောက်နေရလေ၏။

ဂျပန်သတင်းပေး၊ ဂျပန်စကားပြန်တို့က ဂျပန်မာစတာတို့ကို တော်လှန်ရန်ကြံစည်နေသူဟူ၍ လက်ညှိုးထိုးပြသူတိုင်းကို ဂျပန်ကင်ပေတိုင်တို့က ဖမ်းပြီး နှိပ်စက်သတ်ဖြတ်နေသောကာလလည်း ဖြစ်လေသည်။

လူရဲတို့လူငယ်များသည် ဖက်ဆစ်ဂျပန်တွေကိုရော ဂျပန်နောက်လိုက်လုပ်နေကြသည့် အမျိုးသားသစ္စာဖောက်တို့





ကိုပါ ခုခံတိုက်ခိုက်ရှင်းပစ်လိုက်ချင်သော်လည်း အခြေအနေမပေးသေးသဖြင့် ငြိမ်ခံနေရစဉ် ရန်ကုန်မြို့တွင် လျှို့ဝှက်ဖွဲ့စည်းခဲ့သည့် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး ဖဆပလ အဖွဲ့ချုပ်မှ သခင်တစ်ဦးသည် လူရဲတို့၏မြို့ကလေးသို့ ရောက်ရှိလာခဲ့လေ၏။

ထိုသခင်၏ဆက်သွယ်ပေးမှုကြောင့် လူရဲနှင့်သူငယ်ချင်းသုံးဦးသည် တော်လှန်ရေးတပ်မတော်သို့ ဝင်ရောက်ခွင့်ရခဲ့ပြီး ဇာတိမြို့မှ ထွက်ခွာသွားခဲ့ကြလေသည်။

သို့ဖြင့် ...

၁၉၄၅ ခုနှစ်၊ မတ်လ၊ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော မြန်မာ့တပ်မတော်က ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်တော့ရာ သရက်ခရိုင်တွင် တာဝန်ကျသည့် လူရဲသည်လည်း တော်လှန်ရေးတပ်မတော်သားတစ်ဦးအဖြစ် ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲများတွင် ရဲဝံ့စွန့်စားစွာ ပါဝင်ခဲ့လေ၏။

ဖက်ဆစ်ဂျပန်များ မြန်မာပြည်အတွင်းမှ ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားရပြီးသည့်နောက်တွင် ဗြိတိသျှများက မြန်မာပြည်အတွင်း ပြန်ဝင်လာကြပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ...

လူရဲသည် တပ်မှထွက်ပြီး ဇာတိမြို့သို့လည်း မပြန်လိုသဖြင့် နောက်ဆုံး၌ ပုလိပ်အဖွဲ့ထဲသို့ ဝင်ရောက်အမှုထမ်းလိုက်တော့သည်။

ပင်ကိုကပင် စွန့်စားမှုကို ဝါသနာပါသည့် လူရဲသည် ရာဇဝတ်သားတို့နှင့် ယှဉ်ပြိုင်အသက်လုရသော ဥပဒေဘက်တော်သား၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရင်း သာမန်ရဲတပ်သားဘဝမှ ရာထူးတိုးကာ ဆားပုလင်းလူဆိုးထိန်း ဖြစ်လာတော့၏။

သူ၏ ထက်မြက်သောအရည်အချင်းကြောင့် အင်းစိန် C.I.D ၌ အမှုထမ်းခွင့်ရခဲ့ပြီး အခြားစုံထောက်အရာရှိများ မဖော်ထုတ်နိုင်သည့် လူသတ်မှုကြီးကဲ့သို့ ကြီးမားလှသောရာဇဝတ်မှုများ၌ လူသတ်တရားခံအစစ်ကို ဖော်ထုတ်ဖမ်းဆီးပြခြင်းဖြင့် C.I.D ၏ နာမည်ကျော် စုံထောက်ဆားပုလင်းတစ်ဦး ဖြစ်လာခဲ့လေသည်။

ဆားပုလင်းလူရဲဟူသော အမည်သည်လည်း ရာဇဝင်လူဆိုးပေါင်းစုံတို့ စုဝေးကျက်စားရာ မြေအောက်လောကတွင် အထင်ကရ ဖြစ်သည်ထက် ဖြစ်လာပါတော့၏။





ယင်းသို့သောသမယမှာပင် ...

ရာဇဝတ်သားတို့၏ မြေအောက်ဒုစရိုက်လောကတွင် ထူးဆန်းသော လူသတ်ဂိုဏ်းတစ်ဂိုဏ်းသည် ထင်ရှားစွာ ထွက်ပေါ်လာတော့၏။

အနီလူသတ်ဂိုဏ်း၏အမည်ကို အတိအကျ မသိရသော်လည်း ယင်းဂိုဏ်း၏သင်္ကေတမှာ အဝါရောင်ဖဲပွင့်လေးပင် ဖြစ်ပါသည်။

ယင်းဂိုဏ်းက သူတို့သတ်မည့် သားကောင်၏အိမ်သို့ အဝါရောင် ပါဆယ်ဘူးလေးတစ်ဘူးကို စာတိုက်တစ်ခုခုမှ ပေးပို့လေ့ရှိလေ၏။

ထိုအဝါရောင်ပါဆယ်ဘူးကို အနက်ရောင်ဖဲကြိုးနှင့် စည်းထားလေ့ရှိလေသည်။

ပါဆယ်ဘူးကို ဖွင့်လိုက်လေလျှင် ဘူးထဲ၌ စာရွက်အပိုင်းလေးတစ်ခုနှင့် အဝါရောင် ဖဲပန်းပွင့်လေးတစ်ပွင့်ကို တွေ့ရလေ၏။

စာရွက်ဖြူအပိုင်းလေးပေါ်တွင် ဝိုင်းစက်ညီညာသော အနီရောင်မင်ဖြင့် စာတန်းတစ်ခုကို ရေးထားလေ့ရှိပြီး သင့်ကိုသုံးရက်အတွင်း လာသတ်မည်ဟု အတိအကျ ရေးသားဖော်ပြ



www.burmeseclassic.com

www.burmeseclassic.com



ထားလေသည်။

ထိုနေ့ရက်အတွင်းမှာပင် အဆိုပါလူသတ်ဂိုဏ်းမှ လူသတ်သမားတစ်ဦးဦးသည် သူတို့၏သားကောင်ရှိရာသို့ မည်သို့သောနည်းမျိုးဖြင့် ရောက်လာမှန်းမသိဘဲ ရောက်လာကာ အောင်မြင်စွာ သတ်ဖြတ်သွားလေ့ရှိလေ၏။

ယင်းသို့သောနည်းဖြင့် ရန်ကုန်မြို့ကြီးဝယ် အထင်ကရ လူကြီးလူကောင်းဟု အများကသတ်မှတ်ထားကြသည့် လူငါးဦးကို ဆက်တိုက်ဆိုသလို သတ်ဖြတ်ခဲ့ရာ အဆိုပါ ဖဲပွင့်ဝါဂိုဏ်းမှာ ထင်ရှားကျော်ကြားလာတော့၏။

အဆိုပါ အထင်ကရလူသတ်မှုတို့ကို ဖော်ထုတ်ရန် တာဝန်ကြီးမှာ အင်းစိန် C.I.D အဖွဲ့သို့ ကျရောက်လာရာ စုံထောက်မင်းကြီးမှာ အကြီးအကျယ်ပင် ခေါင်းခြောက်လျက်ရှိလေတော့၏။

"ကဲ ... ကျွန်ုပ်ရဲ့ ထုံထိုင်းတဲ့မြည်းအုပ်စုရေ ... အိုင်ဆေး ... ခုတစ်လော ဆက်တိုက်ဆိုသလို ကျူးလွန်လာတဲ့ ဖဲပွင့်ဝါဂိုဏ်းရဲ့ လူသတ်မှုတွေကို တစ်လအတွင်း စတင်မဖော်ထုတ်နိုင်ရင် ကျွန်ုပ်ကို နာမည်ပျက်နဲ့ အိန္ဒိယပြည် ပြန်ပို့မယ်လို့ ပုလိပ်မင်းကြီးက ခြိမ်းခြောက်ထားတယ်ကွဲ့၊ ကျွန်ုပ်ကို ကယ်နိုင်





တဲ့သူ မရှိတော့ဘူးလား။ လူသတ်မှုတွေကို ဖော်ထုတ်ပေးနိုင်မယ့်သူ မရှိဘူးလားကွယ်"

စုံထောက်မင်းကြီးသည် ပြောရင်း ဒေါသထွက်လာကာ သူ၏စားပွဲမျက်နှာပြင်ကို လက်သီးဆုပ်ကြီးဖြင့် ထုထည့်လိုက်တော့၏။

'ဒုန်း'

"ကဲ ... ပြောကြလေ၊ အဲဒီလူသတ်မှုတွေကို လူကလေးတို့ မြည်းစုတ်တွေ မဖော်ထုတ်နိုင်ကြဘူးလား၊ အိုင်ဆေး ... ဖြေကြစမ်း ဖြေကြစမ်း"

ဤတွင် စုံထောက်မင်းကြီး ဒေါသထွက်သည်ထက် ထွက်လာမည်ကိုစိုးရိမ်သဖြင့် အိုင်ပီဦးကြာပေါက မဝံ့မရဲ လျှောက်တင်လိုက်လေ၏။

"မင်းကြီးခင်ဗျား ... ကျွန်တော်တို့လည်း စုံစမ်းနေတာပါပဲခင်ဗျာ၊ ဒါပေမဲ့ အဲဒီလူသတ်ဂိုဏ်းဟာ လက်ရွေးစင်တွေချည်းပဲ သီးသန့်စပါယ်ရှယ် ဖွဲ့စည်းထားပုံရတယ် ခင်ဗျ။ သူတို့တစ်ဦးချင်းရဲ့ စွမ်းရည်ဟာ အံ့မခန်း ထက်မြက်လှပါတယ်၊ လူသတ်မှုကို ကျူးလွန်ရာမှာလည်း တစ်ယောက်ချင်းပဲ ကျူးလွန်တတ်ပြီး အုပ်စုဖွဲ့ကျူးလွန်တာမျိုး မဟုတ်ဘူးခင်ဗျ ...၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ခက်တာက အဲဒီ အဝါရောင်ဖဲပွင့်ဂိုဏ်းရဲ့ အကြောင်းကို သိကြသလားလို့ ဒုစရိုက်လောဘသားအချို့ကို မေးကြည့်တဲ့အခါ အဲဒီဂိုဏ်းရဲ့အကြောင်းကို ဘယ်သူမှ ဂဃနဏ မပြောနိုင်ကြဘူးခင်ဗျ ...။

သူတို့ ဒုစရိုက်လောကသားအချင်းချင်းတောင် မသိမကြားဖူးအောင် လျှို့ဝှက်သိပ်သည်းလွန်းတဲ့ အဲဒီအဝါရောင်ဖဲပန်းပွင့်ဂိုဏ်းကို ဖော်ထုတ်ဖမ်းဆီးဖို့ ခက်လှပါတယ် ခင်ဗျ။

ဒီတော့ ကျွန်တော်တို့ မင်းကြီးကို အကြံပြုချင်တာက အဲဒီတရားခံတွေ ဖော်ထုတ်နိုင်မယ့်သူဟာ ကျွန်တော်တို့ C.I.D မှာ ဆားပုလင်းလူရဲတစ်ယောက်ပဲ ရှိမယ်လို့ ထင်ပါတယ်ခင်ဗျ။ သူ့ကို အဲဒီတာဝန်ပေးစေချင်ပါတယ်''

C.I.D ၏ ဝါရင့်အရာထမ်းတစ်ဦးဖြစ်သော အိုင်ပီ ဦးကြာပေါ၏ အကြံပြုချက်ကိုကြားရသည်တွင် စုံထောက်မင်းကြီးမှာ အတန်ငယ်တွေဝေသွားပြီးမှ ခေါင်းညိတ်လိုက်ပြီး ...

''ဲဗရီးဂွတ်အိုင်ဒီးယားပဲ၊ ဟုတ်ပြီ အိုင်ဆေး ...မဂိုလ်းက စိန်ဘာဘူရဲ့တိုက် ဖောက်ထွင်းမှုတရားခံကို ဖော်ထုတ်ဖမ်းဆီးပေးနိုင်ခဲ့တဲ့ လူကလေးလူ့ရဲကို ကျွန်ုပ် အနားယူဖို့ ခွင့်ပေးထားတယ်၊ ဒါပေမဲ့ အခု သေရေးရှင်ရေး အရေးကြီးလာပြီဆိုတော့





သူ့ကို ပြန်ခေါ်နိုင်းရမှာပဲ''

ဟု မှတ်ချက်ချလိုက်ပါတော့သတည်း။။

✹✹✹



www.burmeseclassic.com

www.burmeseclassic.com



## မရဏာဖဲပွင့်ဝါများ

အင်းစိန် စီအိုင်ဒီရုံးရှိ စုံထောက်မင်းကြီးရုံးခန်းထဲ မင်းကြီး၏စားပွဲခုံရှေ့မှ ကုလားထိုင်တွင် လူရဲသည် တည်ငြိမ်စွာ ထိုင်နေလျက် မင်းကြီးရှင်းပြနေသည်ကို နားစိုက်ထောင်လျက် ရှိလေသည်။

"ဆားပုလင်းလူရဲ ... အခု ရန်ကုန်နဲ့ ဆင်ခြေဖုံး ကျင်မှာ ထူးခြားတဲ့ လူသတ်မှု (Murder Case) တွေ တစ် ဆယ်ရက်ခြား တစ်မှုဆိုသလို ဖြစ်နေတယ် ...၊

အဲဒီလူသတ်မှုတွေကို အမှုဖြစ်ပွားရာ နယ်မြေဂတ် အင်စပက်တာတွေ မဖော်ထုတ်နိုင်လို့ ကျွန်ုပ်တို့ C.I.D





အကူအညီ တောင်းလာကြတယ် ...၊

ဒါနဲ့ C.I.D. က အထူးစုံထောက် အိုင်ပီမောင်ဖြိုးနဲ့ အိုင်ပီ အသားမည်းအောင်ဖြိုးတို့ကို လွှတ်ပြီး စုံစမ်းထောက်လှမ်း ခိုင်းလိုက်တာ ရက်သတ္တနှစ်ပတ်သာ ကြာသွားတယ် ... ဘယ်လို (report) အစီရင်ခံစာမှ တက်မလာဘူး။ တရားခံကို မိဖို့တော့ ဝေးလာဝေးပဲ၊ တော်တော်အသုံးမကျတဲ့ မြည်းအိုတွေ ...၊

ခုဆို ပုလိပ်မင်းကြီးက ကျွန်ုပ်ကို ဖုန်းနဲ့ဆက်ပြီး အခါခါ ကြိမ်းနေပြီ၊ အဲဒီလူသတ်မှု (၅) မှုကို မဖော်နိုင်ရင်တော့ ကျွန်ုပ် အလုပ်ပြုတ်ပြီး ဘိလပ်ပြန်ရမှာ သေချာတယ် ...။

ဒါကြောင့် အိုင်ပီမောင်ကြာပေါ် အကြံပေးတဲ့အတိုင်း ဆားပုလင်းလူရဲကို လှမ်းခေါ်လိုက်ရတာပါပဲ၊ ဆားပုလင်းလူရဲဟာ ခက်ခက်ခဲခဲ အမှုတော်တော်များများကို ဖော်ထုတ်နိုင်ခဲ့ဖူးလို့ ကျွန်ုပ်က အားကိုးပြီး ခုလို ခေါ်လိုက်ရတာပါ ...၊

ခွင့်ရက်အတွင်း ခေါ်ယူတာဝန်ပေးရတာ စိတ်မကောင်းပါဘူး ... So sorry ပါ ဆားပုလင်းလူရဲ"

"ကိစ္စမရှိပါဘူး မင်းကြီး။ ကျွန်တော်ဟာ ဥပဒေဘက်တော်သားပါ။ ဥပဒေဘက်တော်သားတွေရဲ့တာဝန်ဟာ ကောင်းသူတွေအတွက် မကောင်းသူတွေရဲ့ရန်ကို ဖြိုခွင်းပေးဖို့ပဲ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါလား။ ဒါကြောင့် ဘယ်လိုရာဇဝတ်မှု ကျူးလွန်သူကိုဖြစ်စေ မိအောင်ဖော်ထုတ်ဖမ်းဆီးဖို့ လူရဲက အမြဲအသင့်ပါ''

"OH ...VERY NICE ... ကောင်းလိုက်တာ၊ ကဲ ... ဒါဆိုရင် အဲဒီလူသတ်မှုငါးမှုအတွက် တရားခံဖော်ထုတ်ဖမ်းဆီးဖို့ အမှုလိုက်အရာရှိ I.O တာဝန် ဆားပုလင်းလူရဲကို ခုအချိန်ကစပြီး လွှဲပေးလိုက်ပြီ''

သို့ဖြင့် ဆားပုလင်းလူရဲမှာ ယင်းလူသတ်မှုတို့အတွက် မှတ်တမ်းပြုစုထားရာ (Case File) အမှုတွဲတို့ကို အိုင်ပီကိုမောင်ဖြိုးတို့ထံမှ လွှဲပြောင်းယူကာ အမှုကို သေချာစေ့ငှစွာ ဖတ်ကြည့်လေ့လာလိုက်တော့သည်။

**ထိုလူသတ်မှု ၅ မှုအတွက် မှတ်တမ်းပြုစုထားပုံကို တဖတ်ပရိသတ်များ လွယ်ကူစွာသိနိုင်စေရန် ... အကျဉ်းချုပ် ဖော်ပြလိုက်ပါသည်။**





၁။ အသတ်ခံရသူအမည် - ဦးတောက်ထွန်း
အသက် - ၃၇ နှစ်ခန့်
အိမ်ထောင်ရေးအခြေအနေ - မုဆိုးဖို
သားသမီး - မရှိ
ယခင်အလုပ်အကိုင် - လယ်သမား
ယခုအလုပ်အကိုင် - ကားပစ္စည်း ရောင်းဝယ်ရေးဆိုင် ဖွင့်ထား
ယခင်နေရပ် - ထီးလင်း
အသတ်ခံရသောနေရာ - ဂျူဒါအိုင်းကယ်လမ်း (ယခု သိမ်ဖြူလမ်း) ရှိ နေအိမ်တိုက်ခန်းအတွင်း။

၂။ အသတ်ခံရသူအမည် - ဦးယမား
အသက် - ၅၅ နှစ်ခန့်
အိမ်ထောင်ရေးအခြေအနေ - တစ်ခုလပ်
သားသမီး - သား ၂ -ဦးရှိ မိခင်နှင့်အတူ ဘင်္ဂလား ပြည်သို့ လိုက်သွား
ယခင်အလုပ်အကိုင် - ဖော်တော်ဆလင်
ယခုအလုပ်အကိုင် - စူရတီဈေး (သိမ်ကြီးဈေး) မှာ ရေပိုက် ရောင်းဝယ်ရေး ဆိုင်ဖွင့်ထား။



www.burmeseclassic.com

ယခင်နေရပ် - ဆိပ်ဖြူ

အသတ်ခံရသောနေရာ - သယ်နီးကျွန်းကြီးမှ နေအိမ်အတွင်း။

၃။ အသတ်ခံရသူအမည် - ဒေါ်မြနန်းစိန်

အသက် - ၄၅ နှစ်ခန့်

အိမ်ထောင်ရေးအခြေအနေ - မုဆိုးမ

သားသမီး - သမီးအပျိုကြီး တစ်ဦးရှိ

ယခင်အလုပ်အကိုင် - စားသောက်ဆိုင်ပိုင်ရှင်

ယခုအလုပ်အကိုင် - စိန်ကျောက်ပွဲစား

ယခင်နေရပ် - ထီးလင်းမြို့

အသတ်ခံရသောနေရာ - သော်မဆင်လမ်း (ယခု ဗိုလ်တထော ဘုရားလမ်း) ရှိ နှစ်ထပ်အိမ်၌။

၄။ အသတ်ခံရသူအမည် - ကိုမြကြည် (ခေါ်) ခေါင်းနီ

အသက် - ၃၇ နှစ်

အိမ်ထောင်ရေးအခြေအနေ - တစ်ခုလပ်

သားသမီး - မရှိ

ယခင်အလုပ်အကိုင် - မော်တော်စက်မောင်း





ယခုအလုပ်အကိုင် - ရေးဟောင်းပစ္စည်း ရောင်း ဝယ်သူ

ယခင်နေရပ် - ပခုက္ကူဘက်

အသတ်ခံရသောနေရာ - ဗဟန်းရေတာရှည်လမ်းရှိ ရှေးဟောင်းပစ္စည်းအရောင်းဆိုင်အတွင်း။

၅ အသတ်ခံရသူအမည် - ကိုခင်မောင်တင့် ခေါ်) မိုးကြီး

အသက် - ၄၀ နှစ်

အိမ်ထောင်ရေးအခြေအနေ - လူပျိုကြီး

ယခင်အလုပ်အကိုင် - မော်တော်လုပ်သား

ယခုအလုပ်အကိုင် - လောင်းကစားသမား

အသတ်ခံရသောနေရာ - ဇော်ဘွားကြီးကုန်းရှိ နေအိမ်အတွင်း။

ဖော်ပြပါလူသတ်မှုအားလုံးမှာ ဓားမြှောင်တစ်မျိုးတည်းဖြင့် ထိုးသတ်ခံရခြင်းဖြစ်ပြီး အလောင်းတိုင်း၌ လူသတ်သမား အသုံးပြုသွားခဲ့သည့် ဓားမြှောင်တစ်ချောင်းစီ ကျန်ရစ်ခဲ့ရာ ပလတ်စတစ်အိတ်ဖြင့် သီးသန့်သေချာစွာ ထုပ်ပိုးသိမ်းဆည်းထားသော ဓားမြှောင်တို့ကိုပါ လူရဲ စစ်ဆေးကြည့်ရှုလေသည်။

"အင်း . . . ဒီဓားမြှောင်တွေကို လူသတ်သမားအသုံးပြု

www.burmeseclassic.com



သွားတဲ့နေရာမှာ လက်အိတ်စွပ်ပြီး သုံးသွားတာဗျ၊ စားနောင့်မှာ လက်ဗွေရာ ရှာမရဘူး''

အိုင်ပီကိုမောင်ဖြိုးက ပြောလိုက်ရာ အသားလွန်စွာ မည်းလှသော အိုင်ပီကိုအောင်ဖြိုးကလည်း အားကျမခံဖြင့် ထင် မြင်ချက် ဝင်ပေးလေသည်။

''အဲဒီလူသတ်မှုတွေကို ကျူးလွန်တာဟာ ဂိုဏ်းဖွဲ့ပြီး ကျူးလွန်သွားတာကွ၊ သူတို့ရဲ့ဂိုဏ်းဟာ ဘယ်လိုရည်ရွယ်ချက်နဲ့ ဖွဲ့စည်းထားပြီး ဘာကြောင့် ဒီလိုလူသတ်မှုတွေကို ကျူးလွန် သလဲတော့ မသိဘူး ...ငွေကြေးရလိုမှုအတွက် မဟုတ်တာ တော့ သေချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အသတ်ခံရသူတွေရဲ့ ငွေကြေး, လက်ဝတ်ရတနာ ဘာတစ်ခုမှ ပျောက်ရှတာမျိုး မရှိ ဘူးကွ''

ထို့နောက် အိုင်ပီအသားမည်းကိုအောင်ဖြိုးက သူ့ထက် ရာထူးငယ်ပြီး လုပ်သက်လည်း ပိုနုသော ဆားပုလင်းလူ့ရဲ အား အထင်မကြီးဟန်ဖြင့် ...

''အိုင်ဆေး လူ့ရဲ ...ဒီလူသတ်မှုတွေမှာ အခြား ဘာ သဲလွန်စမှ မရဘူး၊ ဘယ်လိုခြေရာလက်ရာမှလည်း မကျန်ခဲ့ဘူး ဒီလောက်ပိရိတဲ့ လူသတ်မှုမျိုး ကျုပ်တော့မတွေ့ဖူး, မကြုံဖူးဘူး





ကိုယ့်လူ လူရဲလည်း ကြုံဖူးမှာမဟုတ်ဘူး၊ ဒီတစ်ခါတော့ မင်းကြီး ရေလိုက်လွဲသွားပုံရတယ် ...၊

ကျုပ်တို့လို ဝါရင့်စုံထောက်တွေတောင် ဘာသဲလွန်စမှ မရှိလို့ ဘဲဥအစရှာမရသလို တရားခံတွေရဲ့ခြေရာကို မှန်းမရတဲ့ ဟာ၊ ကိုယ့်လူ့လို လုပ်သက်နုသူက တရားခံ ဖော်ထုတ်နိုင်ပါ့ မလား ...ဟင်း ဟင်း ဟင်း''

ဟု ရယ်သွမ်းသွေးလိုက်ပြီးနောက် စားပွဲစွန်းတွင် တင် ပျဉ်ခွေထိုင်နေရင်း ရေခဲတောင်စီးကရက်ကို ဟန်ပါပါ ဖွာလျက် ရှိလေ၏။

ဤတွင် ဆားပုလင်းလူ့ရဲက ပြုံးလိုက်ပြီး မေးခွန်း ပြန် ထုတ်လိုက်လေသည်။

''ကိုအောင်ဖြိုးက အဲဒီလူသတ်မှုတွေကို ဂိုဏ်းဖွဲ့ပြီး ကျူးလွန်တာလို့ ဘာဖြစ်လို့ ပြောနိုင်တာလဲဗျ''

''ဟ ...ဘာဖြစ်လို့ ပြောနိုင်ရမလဲ၊ ဦးယမားကို သယ်န်းကျွန်းက သူ့ရဲ့တိုက်မှာသတ်ပြီး လူသတ်သမား ခြံထဲက ထွက်သွားတာကို ခြံအဝနဲ့မျက်နှာချင်းဆိုင် စားလှယ်ခုတ်လောက် မှာရှိတဲ့ ဗယာကြော်သည် ကုလားမက လှမ်းတွေ့လိုက်တယ်လေ၊ အဲဒီကုလားမ အမိန့်ခံက အဲဒီလူသတ်သမားဟာ မိုးကာအကျႌ



www.burmeseclassic.com

www.burmeseclassic.com



ရှည်ကြီးဝတ်ထားတဲ့ အဘိုးကြီးတစ်ဦးလို့ ထွက်ဆိုထားတယ် မဟုတ်လား ...၊

နောက် သော်မဆင်လမ်းက နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးမှာ စိန်ပွဲစား ဒေါ်မြနန်းစိန် အသတ်ခံရတော့ လူသတ်သမားကို ဒေါ်မြနန်းစိန်ရဲ့သမီး အပျိုကြီး မနန်းညွန့်စိန်က ဖျတ်ခနဲ တွေ့လိုက်ရတယ်လေ၊ အဲဒီလူသတ်သမားဟာ ရုပ်ကြမ်းကြမ်း၊ အရပ်မြင့်မြင့် ယောကျ်ားတစ်ယောက်ဆိုတာ မနန်းညွန့်စိန်က တွေ့လိုက်ရတယ်တဲ့ ...၊

အဲ ...စော်ဘွားကြီးကုန်းဘက်မှာနေတဲ့ ဖဲသမား ခင်မောင်တင့် အသတ်ခံရတုန်းကတော့ ဖဲအပြာပွင့်ဟာဝေယံအင်္ကျီကြီး ဝတ်ထားတဲ့ တရုတ်လူဝကြီးက သတ်သွားတာကို သူငယ်ချင်းတွေက တွေ့လိုက်ရတယ်လေ ...၊

အဲဒီလူသတ်မှုတွေကို လူသတ်သမားတစ်ယောက်စီက ကျူးလွန်ခဲ့ပေမယ့် လူသတ်မှုမကျူးလွန်ခင် သုံးရက်ကြိုပြီး အဝါရောင်စက္ကူဘူးလေး ပို့ခဲ့တာချင်းတူတယ်၊ လူသတ်ပြီးရင်လည်း အလောင်းရဲ့အပေါ်မှာ ပဲ့ဒဝါပွင့်တစ်ပွင့်စီ ထားရစ်ခဲ့တာချင်း တူတယ်၊ ဒါကြောင့် ဂိုဏ်းဖွဲ့ကျူးလွန်တာလို့ ကျုပ်က ပြောတာပေါ့ အိုင်ဆေးရဲ့''





''ဟုတ်ပြီ ...အဲဒီဂိုဏ်းနဲ့ပတ်သက်ပြီး အခြားဘာတွေ သိထားသေးသလဲ''

''ဒီ့ပြင်အခြားတော့ ဘာမှမသိဘူး။ ခြေရာကောက်လို့လည်း မရဘူး။ အိုင်ဆေးကရော ရမယ်ထင်လို့လား''

''အင်း ...ရမယ်လို့ ယုံကြည်ပါတယ်''

လူရဲ၏စကားသံက မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ရှိနေသည့်သဘောမို့ အိုင်ပီအောင်ဖြိုး အံ့အားသင့်သွားသည်။

''ဟုတ်ပါ့မလား အိုင်ဆေးရဲ့ ...အပြောမကြီးနဲ့နော်''

လူရဲက ပြုံးလိုက်ပြီး ဖိုင်များကို ပြန်ထပ်ကာ ကုလားထိုင်မှထရင်း လေသံအေးအေးဖြင့် ပြောလိုက်လေ၏။

''အပြောမကြီးပါဘူး ကိုအောင်ဖြိုးရဲ့၊ ခင်ဗျားတို့ခြေရာကောက်နိုင်စေဖို့ သဲလွန်စ နှစ်ခု, သုံးခုလောက် ပြောခဲ့မယ်၊ တစ်ခုကတော့ အဲဒီလူသတ်မှုတွေကို ကျူးလွန်တာဟာ ဂိုဏ်းတစ်ခုဖြစ်ခဲ့မယ်ဆိုရင် ညွှန်ကြားစေခိုင်းတဲ့ ဂိုဏ်းခေါင်းဆောင်ဟာ မိန်းမတစ်ဦးဖြစ်ရမယ်၊ အဲဒီအမျိုးသမီးဟာ လောကီပညာရပ်တွေကို ကျွမ်းကျင်တဲ့ ကြာသပတေးသမီး ဖြစ်လိမ့်မယ် ...၊

သူဟာ အငြိုးကြီးတတ်သူဖြစ်ပြီး ဘယ်အရာကိုမဆို ပညာနဲ့ ဆင်ခြင် ဂရုပြုတတ်သူဖြစ်လိမ့်မယ်၊ အဲဒါအပြင် အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးဟာ ရှမ်းပြည်နယ်ဘက် သေသေချာချာ ရောက်ဖူးသူ ဖြစ်ရမယ်၊ ရှမ်းမတောင် ဖြစ်ချင်ဖြစ်ဦးမယ် ...။

ပြီးတော့ သူဟာ နောက်ထပ်လူသတ်မှုတွေ ကျူးလွန်နိုင်သေးတယ်၊ လောလောဆယ် ကျွန်တော်ပြောနိုင်တာကတော့ အဲဒီလောက်ပါပဲ၊ အဲ ... ထပ်ပြောနိုင်တာကတော့ ရာဇဝတ်ဘေးကနေ ပြေးမလွတ်စေရဘူးဆိုတာပါပဲ''

ထို့နောက် လူရဲက ရုံးခန်းထဲမှ ထွက်သွားရာ အိုင်ပီအသားမည်းအောင်ဖြိုးက နှုတ်ခမ်းကိုမဲ့လိုက်လေသည်။

''ဟွန်း ... လူသာငယ်တယ်၊ အတော်အပြောကြီးတဲ့ကောင်လေး။ သူပဲ တရားခံတွေကို ဖမ်းနိုင်တော့မလိုလို''

ဤတွင် အိုင်ပီမောင်ဖြိုးက မျက်ခုံးပင့်လိုက်ပြီး ...

''အလို ... ခင်ဗျားကရော တရားခံတွေကို သူ မဖော်ထုတ်နိုင်ဘူးထင်လို့လား။ လူရဲက လူသာငယ်ပေမယ့် အဆိပ်ပြင်းတယ်နော်''

''တော်ပါဗျာ ... ဟွန်း ... အဲဒီလူသတ်မှုတွေကို သူ ဖော်ထုတ်နိုင်ရင် ကျုပ်က အိုးရိုးယင့်ဟိုတယ်မှာ ညစာစားပွဲနဲ့ ဂုဏ်ပြုလိုက်ချင်ပါရဲ့ဗျာ''

''တကယ်လား အိုင်ဆေးရဲ့၊ လူရဲက မဖြစ်နိုင်ဘဲ ပြောလေ့မရှိဘူးနော် ... ခင်ဗျားသာ ကတိမတည်တတ်တာ''

ဤတွင် အိုင်ပီအသားမည်းအောင်ဖြိုးမှာ ဒေါကန်သွားပြီး ...

''ခင်ဗျားရဲ့ကောင်ကို စွတ်အထင်ကြီးမနေနဲ့ လူရဲ အဲဒီအမှုတွေကို မဖော်ထုတ်နိုင်စေရဘူး ... လောင်းမလား''

ဟု ရှူးရှူးရှားရှားဖြင့် စိန်ခေါ်တော့၏။

ထို့နောက် ဖြိုးနှစ်ဖြိုးသည် ထုံးစံအတိုင်း အော်ဟစ်ငြင်းခုန်လျက် ရှိကြပါတော့သတည်း။

✸







www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့နက် ရုံးမတက်မီ စီအိုင်ဒီရုံးနှင့် မလှမ်းမကမ်းရှိ ကာကာလက်ဖက်ရည်ဆိုင်တွင် တစ်ဦးတည်းထိုင်ကာ လှရဲသည် သံတော်ဆင့်သတင်းစာတစ်စောင်ကို ဖတ်လျက်ရှိလေ၏။

ထိုစဉ် ဆိုင်ထဲသို့ အိုင်ပီမောင်ဖြိုး ဝင်လာပြီး လှရဲရှိနေရာ စားပွဲသို့ ထိုင်လိုက်ကာ ...

''အိုင်အေးကိုလှရဲ ... ရောမလူသတ်မှုအတွဲကြီးကို စုံစမ်းထောက်လှမ်းဖို့ လက်ခံထားပေမယ့် ခင်ဗျားကြည့်ရတာ အေးတိအေးစက်နဲ့ပါလားဗျ၊ လုပ်ထားနော် ... ကျုပ်နဲ့ ကို





အောင်ဖြိုးတို့ အိုရီးရင့်ဟိုတယ်မှာ ညစာတစ်ပွဲကျွေးကြေး လောင်းထားတာဗျ၊ ကျုပ်က ခင်ဗျားဘက်က''

ဟု ရယ်ကျဲကျဲဖြင့် ပြောလိုက်ရာ လှရဲက သတင်းစာကို ပိတ်လိုက်ပြီး မော့ကြည့်ကာ မေးလိုက်လေသည်။

''ဘယ်လို ကျွန်တော့်ဘက်ကတုံး ... ဆိုပါဦး အိုင်ပီရဲ့''

''ဒီလိုလေ အိုင်ဆေးရဲ့ ... သူက အဲဒီအမှုကို မောင်ရင် မဖော်ထုတ်နိုင်ဘူးလို့ပြောတယ်၊ ကျုပ်က ဖော်ကိုဖော်ထုတ်နိုင်ရမယ်လို့ ခင်ဗျားဘက်က မဲတင်းထားတယ်ဗျ''

ထိုအခါ လှရဲက ပြုံးလျက် ခေါင်းညိတ်လိုက်သည်။

''ဒါဆို အိုင်ပီနိုင်ပြီလို့သာ မှတ်လိုက်တော့ဗျာ''

''နေပါဦး ကိုလှရဲရဲ့ ... ကျုပ် မရှင်းလို့ မေးစမ်းပါရစေဦး''

''ဘာမေးချင်လို့လဲ အိုင်ပီ ... မေးပါ''

''အဲဒီ ဖဲပွင့်အဝါရောင်လူသတ်သမားကိုဏ်းရဲ့ ခေါင်းဆောင်ဟာ ကြာသပတေးသမီး အမျိုးသမီးဖြစ်ရမယ်လို့ ဘာဖြစ်လို့ ပြောနိုင်တာလဲဗျ''

လှရဲက အိုင်ပီမောင်ဖြိုးအတွက် လက်ဖက်ရည်တစ်ခွက်



www.burmeseclassic.com

www.burmeseclassic.com



မှာလိုက်ပြီးနောက် ကရေဗင်အေစီးကာရက်ဘူးကို ကုတ်အင်္ကျီအိတ်ထဲမှ ထုတ်လိုက်လေသည်။

ထို့နောက် အိုင်ဗီမောင်ဖြိုးကို တစ်လိပ်တည်လိုက်ကာ သူလည်း တစ်လိပ်မီးညှိဖွာရှိုက်ပြီးမှ ခပ်ပြုံးပြုံးဖြင့် ဖြေလေသည်။

''ဒီလိုဗျ အိုင်ဗီရဲ့ . . . ရာဇဝတ်မှု ကျူးလွန်တဲ့နေရာမှာ စနစ်တကျ အစီအစဉ်ချပြီး ကျူးလွန်တတ်တဲ့ ရာဇဝတ်သားတွေမှာ စိတ္တဇတစ်မျိုး ရှိတတ်တယ်ဗျ''

''ဘယ်လိုစိတ္တဇမျိုးပါလိမ့် အိုင်ဆေးရဲ့''

''ဒီလိုဗျာ . . . ရာဇဝတ်မှုကျူးလွန်သူအချို့ဟာ သူတို့ရဲ့ အတွင်းစိတ် (Sub-Conscious) က စေ့ဆော်တဲ့အတိုင်း ရာဇဝတ်မှု မကျူးလွန်ခင်, ကျူးလွန်နေတုန်းနဲ့ ကျူးလွန်ပြီးတဲ့အခါတွေမှာ အပြုအမူတစ်ခုခု (Action) ကို မထင်မှတ်ဘဲ ပြုမူလေ့ရှိတယ်ဗျ။ အထူးသဖြင့် လူသတ်မှုလို လူမဆန်တဲ့ ရက်စက်မှုမျိုးကို ပြုလုပ်ကျူးလွန်မိတဲ့အခါမျိုးမှာ ပြုမူတတ်တယ်ဗျ . . .၊

ဥပမာဗျာ . . . တချို့လူတွေဟာ စီးကရက်သောက်ပြီးလို့ စီးကရက်တိုသွားပြီဆိုရင် စီးကရက်တိုကို ဆေးလိပ်ပြာခွက်ထဲဖြစ်ဖြစ်, ပြတင်းပေါက်တံခါးဘောင်လို တစ်နေရာရာအပေါ်မှာဖြစ်ဖြစ် ရိုးရိုးမတင်ဘဲ စီးကရက်ကို ထိုးချေပြီးထားလေ့ရှိတယ်၊





နောက် တချို့လူတွေဟာ သစ်သားမီးခြစ်ခြစ်ပြီး ဆေးလိပ်မီးညှိပြီးရင် မီးခြစ်ဆံကို လက်မနဲ့ဖိ ထက်ပိုင်းချိုးပစ်ထားခဲ့တတ်ကြတယ် အိုင်ဗီရဲ့ . . .၊

အဲဒီလို ထူးခြားတဲ့အပြုအမူမျိုးကို တချို့ရာဇဝတ်သားတွေကလည်း ပြုမူတတ်တယ် အိုင်ဗီ၊ တချို့ထူးခြားတဲ့ လူသတ်သမားတွေဆိုရင် မသတ်ခင်မှာ ကြိုတင်ပြီး သတ်မယ့်သူကို သူသတ်တော့မယ်ဆိုတာ အသိပေးလေ့ရှိတယ် . . .၊

အခု လူသတ်မှုတွေမှာလည်း စက္ကူအဝါရောင်ဘူးထဲခဲ့ပန်းအဝါပွင့်လေးထည့်ပြီး သတ်မယ့်သူတွေဆီ သုံးရက်အတွင်း လာသတ်မယ်လို့ စာကြိုပို့တယ်၊

ဒါဟာ အဲဒီလို စိတ္တဇဆန်တဲ့လူသတ်သမားတွေ ပြုလုပ်တတ်တဲ့ အပြုအမူမျိုးပဲ အိုင်ဗီ''

အိုင်ဗီမောင်ဖြိုးက လက်ဖက်ရည်တစ်ကျိုက် မော့သောက်လိုက်ပြီး . . .

''အဲဒီကိုဟ်းခေါင်းဆောင်ဟာ ကြာသပတေးသမီး အမျိုးသမီး ဖြစ်ရမယ်လို့ ဘာဖြစ်လို့ ပြောနိုင်ရတာလဲ အိုင်ဆေးရဲ့''

ဟု မေးခွန်းထုတ်လိုက်လေသည်။

''အဲဒါက ဒီလိုအိုင်ဗီရဲ့ . . . လူသတ်မှုကျူးလွန်ခါနီးမှာ



www.burmeseclassic.com

www.burmeseclassic.com



သားကောင်လို့သတ်မှတ်ထားတဲ့သူတွေဆီကို အဝါရောင်ဖဲပွင့် ပို့တဲ့အခါ အဝါရောင်စက္ကူဘူးနဲ့ ပို့လေ့ရှိတာကို ကြည့်ရင် ဖဲပွင့် ပန်းလှလှလေးကို ပို့ဖို့စိတ်ကူးမျိုးဟာ ယောက်ျားတွေမှာ မရတတ် ဘူး ...။

ယောက်ျားသားဆို ဒီလိုကဗျာဆန်လှတဲ့ ဖဲပန်းပွင့်လှလှ လေးမျိုးတော့ ပို့မှာမဟုတ်ဘူး။ အရိုးခေါင်းပုံတို့, လက်သီးပုံတို့, ပလတ်စတစ်, သားရေ ... စတာတွေနဲ့ ပြုလုပ်ထားတဲ့ မြွေရုပ် တို့, ဓားမြှောင်တို့ ပို့မှာပေါ့ ... မဟုတ်ဘူးလား အိုင်ပီ၊

ဒါကြောင့် အဲဒီလူသတ်မှုတွေကို ဂိုဏ်းဖွဲ့ကျူးလွန်တာ ဆိုရင် ဦးဆောင်သူဟာ အမျိုးသမီးဖြစ်နိုင်တယ်လို့ ဆိုရတာပဲ အိုင်ပီ''

''ကြာသပတေးသမီးဖြစ်တယ်ဆိုတာကရောဗျာ''

''ဒါကတော့ စိတ်ကူးထူးခြားတဲ့ အမျိုးသမီးဟာ ဘူးနဲ့ ဖဲပန်းပွင့်ကို ရွေးတဲ့အခါ အဝါရောင်ကိုချည်း ရွေးတာဟာ ဖြစ်သ လိုရွေးလိုက်တာ မဖြစ်နိုင်ဘူးလို့ ကျွန်တော် တွေးမိတယ် အိုင်ပီ၊ ပြီးတော့ ဒီလိုပိရိတဲ့ လူသတ်မှုတွေကို ဆက်တိုက်ကျူးလွန်နိုင်ဖို့ စီစဉ်ကြံဆတဲ့အမျိုးသမီးက နုံယ်နုံယ်ရရ မဟုတ်နိုင်ဘူး၊ ဉာဏ် ကြီးသူ, ပညာစုံတတ်သူ ဖြစ်နိုင်တယ် ...၊





ဒါကြောင့် သူဟာ ဂမ္ဘီရပညာတွေ တတ်ကျွမ်းနိုင်တယ် လို့ ယူဆမိတယ် အိုင်ပီ၊ အဲဒီလို ဂမ္ဘီရပညာတွေကို နားလည် တတ်ကျွမ်းသူဟာ အဝါရောင်ကို ဘာကြောင့်ရွေးမလဲ၊ သူ့မွေးနံရဲ့ အရောင်မို့ ရွေးတာဖြစ်နိုင်တယ်၊ အဝါရောင်ဟာ ကြာသပတေး ဟ်ပိုင်အရောင်ပဲ အိုင်ပီ''

''အိုင်ဆေးရေ ... အဲဒါတွေလည်း ခင်ဗျားနားလည် တယ်ပေါ့ ... ဟုတ်လား ကိုလူရဲ''

''နားလည်ပါတယ် အိုင်ပီ၊ တနင်္ဂနွေဆိုရင် ကြေးနီ ရောင်၊ အရှေ့မိုးကုပ်စက်ဝိုင်းက ဒေါင်းစကြာ ဖလ်နေဝန်းကြီး ထောင်ထွက်ပေါ်လာတဲ့ အရောင်ပေါ့ဗျာ ...၊

တနင်္လာဆိုရင် အဖြူရောင်၊ အင်္ဂါဆိုရင် အနီရဲရဲ ရောင်၊ ဗုဒ္ဓဟူးဆိုရင် အစိမ်းရောင်၊ ကြာသပတေးက အဝါ ရောင်၊ သောကြာဆို ဖြူသော့သော့အရောင်၊ စနေကတော့ နက်ရောင်ပဲပေါ့ အိုင်ပီ ...၊

ဒါကြောင့် အဝါရောင်ကို မှက်မက်စက်စက် အသုံးပြု တဲ့ အဲဒီအမျိုးသမီးဟာ ကြာသပတေးသမီးဖြစ်နိုင်တယ်လို့ ကောက်ချက်ဆွဲရတာပဲ အိုင်ပီ''

''အေးဗျာ၊ အိုင်ဆေးရေ ... မောင်ရင်ဟာ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျုပ်တို့ CID က စုံထောက်တွေထဲမှာ နာမည်အကျော်ဆုံး ဖြစ်နေတာပဲ၊ ဂမ္ဘီရပညာရပ်ဆိုင်ရာပါ နားလည်သကို အဲဒါထက် အဲဒီခေါင်းဆောင်အမျိုးသမီးဟာ ရှမ်းမ ဖြစ်နိုင်တယ် ဆိုတာရောဗျ … ရှင်းစမ်းပါဦး''

''ရှမ်းမရယ်လို့ ကျွန်တော် တပ်အပ်မပြောခဲ့ပါဘူး အိုင်ပီရဲ့၊ သူဟာ ရှမ်းပြည်နယ်ဘက် သေသေချာချာ ရောက်ဖူး သူ ဖြစ်နိုင်တယ်၊ ရှမ်းမတောင် ဖြစ်နိုင်တယ်လို့ပဲ ပြောခဲ့တာပါ''

''ထားပါတော့ … အဲဒီလို အိုင်ဆေးက ဘာကြောင့် ပြောနိုင်ရတာတုံးဗျာ''

''ဒါကတော့ လူသတ်မှုကျူးလွန်ရာမှာ ရှမ်းဓားမြှောင် တွေချည်း အသုံးပြုခဲ့လို့ပါ အိုင်ပီ''

''ရှမ်းဓားမြှောင် … ဟုတ်လား အိုင်ဆေးရဲ့''

''ဟုတ်တယ် အိုင်ပီ … လူသတ်မှုငါးမှုစလုံးကို ကျူး လွန်သွားရာမှာ ရှမ်းဓားမြှောင်ကိုချည်း အသုံးပြုသွားခဲ့တယ် ရှမ်းဓားမြှောင်ဟာ အရှက်နဲ့အရိုး တစ်ဖြောင့်တည်းဖြစ်ပြီး အဖျား သွယ်တယ်၊ လုံများလို ချွန်ထက်တယ်၊ ရှမ်းတို့ရဲ့ မောမြေ မှာတော့ ယောက်ျားတိုင်းဟာ ခါးကြားမှာ ထိုးပြီးဆောင်တတ် ကြတယ် အိုင်ပီရဲ့''

ရ နစ် စဉ် ကြယ် တ ပေ



''ဗဟုသုတ စုံပါပေ့ဗျာ၊ ကျုပ်ဖြင့် အသက်လေးဆယ် ကျော်လာတယ် … ခုမှ ရှမ်းဓားမြှောင်ဆိုတာ ကြားဖူး တယ်၊ ဒါကြောင့် အလောင်းတွေကနေ သိမ်းဆည်းရမိတဲ့ ဓား မြှောင်တွေဟာ ပုံသဏ္ဌာန်တစ်မျိုးပါလို့ ထင်သား အိုင်ဆေးရဲ့၊ အဲဒါထက် အဲဒီလူသတ်ဂိုဏ်းကို ဖော်ထုတ်ဖို့ လွယ်ပါ့မလား''

လူရဲက သောက်လက်စ ကရေဗင်အေစီးကရက်ကို စားပွဲပေါ်ရှိ ဆေးလိပ်ပြာခွက်ထဲသို့ ထိုးချေထည့်လိုက်ပြီးနောက်

''အေးဗျာ … အချက်တစ်ချက်အတွက် ကျွန်တော့်ရဲ့ ခေါင်းထဲမှာ တွေးမရဖြစ်နေတယ် အိုင်ပီရဲ့၊ အဲဒီအချက်ဟာ ရှုပ်ထွေးနေတာတော့အမှန်ပဲ၊ ဘယ်လိုအချက်လဲဆိုတာကိုတော့ မပြောလိုသေးဘူးဗျာ … အဲဒီအချက်ကို သေချာအောင် ဆန်း စစ်နိုင်ရင်တော့ တရားခံကို ဖော်ထုတ်ဖမ်းဆီးဖို့ သိပ်မဝေးတော့ ဘူး''

ဟုပြောလိုက်ရာ အိုင်ပီမောင်ဖြိုးက ဝမ်းသာအားတက် ဖြင့် …

''ကြိတ်လိုက်စမ်းပါ ငါ့လူရာ … ဒါမှ ပုလိပ်မင်းကြီး က စုံထောက်မင်းကြီးပါ ခေါင်းခဲနေတဲ့ အဲဒီလူသတ်မှုတွေရဲ့ တရားခံတွေကို CID က မိအောင်ဖမ်းနိုင်တယ်ဆိုပြီး ကျုပ်တို့

ရ နစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖွဲ့လုံး နာမည်ရမှာဗျ၊ အိုင်ဆေးရဲ့"

ဟု ပြောကာ ဆားပုလင်းလူရဲအား တိုက်တွန်းအားပေး ခြင်းပြုလေ၏။

***



ရေနစ်တဲ့ဖျံ

နောက်နေ့နံနက် ၉ နာရီခန့်တွင် လူရဲသည် ဗဟန်း ဘက်ရှိ ကိုယ့်မင်းကိုယ့်ချင်းလမ်းမှ ခြံကျယ်ကြီးတစ်ခြံအတွင်းသို့ ဖီးယက်ကားအနက်လေးကို မောင်းဝင်ခဲ့လေသည်။

ခြံတံခါးဖွင့်ထားသည့် ခြံကြီးထဲမှ ကုန်းမြင့်ပိုင်းပေါ်ရှိ နှစ်ထပ်တိုက်ကြီးရှေ့ရှိ ပေါ်တီကိုအောက်တွင် ဖီးယက်ကား အနက်လေးကို ထိုးရပ်လိုက်တော့၏။

သူ၏ဖီးယက်ကားလေး ထိုးရပ်လိုက်သည်နှင့် ခြံထဲတွင် ခန်းပင်ရေလောင်းနေသည့် ကုလားဒရဝမ်က ပြေးလာပြီးလျှင် အားပေါ်မှဆင်းလာသော လူရဲကို ဆလံပေးလိုက်ပြီးလျှင်. . .

ခု နှစ် စဉ် ကြယ် တာ ဝေ

www.burmeseclassic.com

"ဘရားဆပ် . . . ကိစ္စရှိလို့ပါလား"

ဟု မေးလိုက်လေသည်။

"ဟုတ်တယ် . . . မင်းရဲ့ဆရာ ဝတ်လုံတော်ရမင်းက ဖုန်းဆက်ပြီး အကူအညီတောင်းလို့ လာခဲ့ရတာပဲ၊ လူရဲလာတယ်လို့သာ သွားအကြောင်းကြားလိုက်ကွာ"

လူရဲကပြောပြီး ကားကိုကျောမှီရပ်လိုက်စဉ်မှာပင် တိုက်အိမ်ကြီးအဝမှ အသားညိုညို ၀၀ ခံ့ခံ့ အသက် ၅၀ ကျော်ခန့် လူကြီးတစ်ဦး အူယားဖားယား ထွက်လာပြီးလျှင် . . .

"အို . . . မောင်ရင်က လူရဲလား၊ ဆားပုလင်းလူရဲလားကွဲ့"

ဟု မေးလိုက်လေသည်။

"ဟုတ်ပါတယ်ခင်ဗျာ . . . အန်ကယ်က ဝတ်လုံတော်ရမင်း ဦးကြာယုမှတ်တယ်"

"ဟုတ်ပါတယ်ကွယ် ဟုတ်ပါတယ် . . . ကျုပ်မှာ မောင်ရင်မှ လာပါ့မလားလို့ စိတ်ပူပြီးမျှော်နေတာကွဲ့၊ လာပါကွယ် လာပါ . . . အိမ်ထဲဝင်ပါ"

ဝတ်လုံတော်ရကြီး ဦးကြာယုက လူရဲအား ဖော်ဖော်ရွေရွေကြိုဆိုကာ ဧည့်ခန်းကြီးထဲ ခေါ်သွားတော့သည်။





ဧည့်ခန်းထဲမှ ဆိုဖာဆက်တီခုံတို့တွင် ထိုင်မိကြလျှင် ဦးကြာယုက စက္ကူဘူးအဝါလေးတစ်ဘူးကို စားပွဲပုလေးပေါ် တင်လိုက်ပြီး . . .

"အဲဒီဘူးဝါလေး တစ်နေ့ကပဲ ရောက်လာလို့ကွယ်၊ ရန်ကုန်မှာ ခုတစ်လော သတင်းသိပ်ကြီးနေတယ် မဟုတ်လားကွယ် . . .၊

အဲဒီလို စက္ကူဘူးဝါလေး အပို့ခံရတဲ့လူတွေ တစ်ယောက်ပြီးတစ်ယောက် အသတ်ခံနေရလို့၊ ကျုပ်လည်း စိတ်ချောက်ချားလာတာနဲ့ ဗဟန်းဂတ်က ဂတ်ပိုင်ဌာနာအုပ်ကြီးဆီ ဖုန်းဆက် အကူအညီတောင်းခဲ့ရတာပဲကွယ်"

ဟု ရှင်းပြကာ စက္ကူဘူးလေးအား ပတ်ချည်ထားသည့် ခါကြိုးအနက်ရောင်လေးကို ဖြည်လိုက်လေသည်။

"ဟုတ်တယ် အန်ကယ် . . . အဲဒီလူသတ်မှုတွေကို စုံစမ်းဖော်ထုတ်ဖို့ ကျွန်တော်တို့ အင်းစိန်စီအိုင်ဒီက တာဝန်ယူထားတာမို့ ဗဟန်းဂတ်ပိုင်ဌာနာအုပ်ကြီးက စီအိုင်ဒီရုံးက စုံထောက်မင်းကြီးဆီ ဖုန်းနဲ့သတင်းပို့ အစီရင်ခံခဲ့တယ်လေ . . .၊

ဒါကြောင့် အန်ကယ် အခြိမ်းခြောက်ခံရတဲ့ကိစ္စကို စုံစမ်းစစ်ဆေးပြီး အန်ကယ့်ကို ကာကွယ်ပေးဖို့, လူသတ်တရားခံကို

www.burmeseclassic.com



စုံစမ်းဖော်ထုတ်ဖမ်းဆီးဖို့ ကျွန်တော့်ကို လွှတ်လိုက်တာပါ ခင်ဗျာ''

''ဟုတ်တယ် ဟုတ်တယ် . . . ဂတ်ပိုင်ကြီးကလည်း စီအိုင်ဒီရဲ့ အကျော်ကြားဆုံးစုံထောက် ဆားပုလင်းလူရဲကို လွှတ်လိုက်မယ်လို့ စောစောကပဲ ဖုန်းဆက်ပါတယ်''

ထို့နောက် လူရဲက စက္ကူဘူးဝါလေးကို ဖွင့်ကြည့်လိုက်ရာ ဘူးလေးထဲတွင် လှပသည့် အဝါရောင်ဖဲပန်းပွင့်လေး တစ်ပွင့်ကို တွေ့ရလေသည်။

ယင်းပန်းပွင့်လေးအောက်တွင် စာရွက်ဖြူလေးတစ်ရွက်ကို တွေ့သဖြင့် ဖတ်ကြည့်လိုက်ရာ လက်နှိပ်စက်ဖြင့် ရိုက်ထားသည့် အောက်ဖော်ပြပါ စာတန်းလေးအား တွေ့ရလေသည်။

သင့်ကို သုံးရက်အတွင်း လာသတ်မယ်။

လူရဲက စာတန်းလေးကို ဖတ်လိုက်ပြီးနောက် . . .

''အင်း . . . ရှေ့က အသတ်ခံရတဲ့ လူငါးဦးဆီကို ဒီစာတန်းအတိုင်း ပေးပို့ခဲ့တယ် အန်ကယ်''

ဟု ပြောလိုက်ရာ ဦးကြာယုက ခေါင်းညိတ်လိုက်ပြီး





စိတ်လှုပ်ရှားချောက်ချားနေသံဖြင့် ပြောလိုက်လေသည်။

''ဟုတ်တယ် . . . ကျုပ် သတင်းစာတွေမှာ ဖတ်လိုက်ရတယ်၊ အဲဒီလိုမျိုးစာကို စက္ကူဘူးအဝါထဲထည့်ပြီး စာတိုက်ကနေ ပေးပို့ခဲ့ကြတယ်တဲ့၊ အဲဒါကို လက်ခံပြီးတာနဲ့ နောက်သုံးရက်အတွင်းမှာပဲ လူသတ်သမား ရောက်လာပြီး သတ်သွားတာပဲတဲ့ . . .၊

ဒီစက္ကူဘူးလေးကိုတော့ စာတိုက်ကနေ ပို့လိုက်တာမဟုတ်ဘူးကွဲ့၊ ရုပ်ဖြောင့်ဖြောင့်နဲ့ လူရွယ်တစ်ဦးက ကျုပ်ရဲ့ ဒလဝမ်ကို ခြံအဝမှာ လာပေးသွားတာကွဲ့ . . .၊

ကျုပ်ရဲ့ ဒလဝမ်ကလည်း ခပ်နုံနုံအအဆိုတော့ ဘာမှမသိဘူး။ အဲဒီလူရဲ့မျက်နှာတောင် သေသေချာချာ မကြည့်မိခဲ့ဘူးတဲ့၊ မင်းရဲ့ဆရာကို ပေးလိုက်ဆိုတာနဲ့ လက်ခံယူထားလိုက်တာတဲ့ကွယ်''

''အင်း . . . အန်ကယ့်ကို ဆဌမမြောက်သားကောင်အဖြစ် သတ်မှတ်လိုက်ပုံပဲ၊ အဲဒီ ဖဲအဝါရောင်ပန်းပွင့်လေးပို့ပြီး လူသတ်မှုတွေ ကျူးလွန်နေတာဟာ ဂိုဏ်းဖွဲ့ပြုလုပ်တာ ဖြစ်နိုင်သလို, ဂိုဏ်းမဖွဲ့ဘဲ ကျူးလွန်တာလည်း ဖြစ်နိုင်တာပဲ၊ ဘာပဲဖြစ်ဖြစ် အဲဒီလို ဖဲအဝါပွင့်ပို့ပြီး သုံးရက်အတွင်းမှာ တအားယ်



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဖြစ်အောင် လာသတ်လေ့ရှိတယ်''

''ဟုတ်တယ် ဟုတ်တယ် ... သူက မြိမ်းခြောက်သလို စာပို့ပြီး တကယ်လုပ်တာ''

''ပဋ္ဌမခြောက်သားကောင်အဖြစ် အသတ်ခံလိုက်ရတဲ့ စော်ဘွားကြီးကုန်းက ကိုခင်မောင်တင့်ဆိုရင် စာပေးပို့ အမြိမ်းခြောက်ခံရတဲ့နေ့ကစပြီး သူ့အိမ်မှာ သူငယ်ချင်းလူမိုက်နှစ်ယောက်ကို ခေါ်ထားခဲ့တယ်၊ လူသတ်သမားတွေလာရင် သူ့ကို ကာကွယ်ပေးဖို့ပေါ့ ...၊

ဒါပေမဲ့ တကယ် လူသတ်သမားလာပြီး သတ်တော့ သူ့သူငယ်ချင်းလူမိုက်နှစ်ယောက်ဟာ ကိုခင်မောင်တင့်ရဲ့အသက်ကို ကာကွယ်မပေးနိုင်ခဲ့ဘူး''

''ဒါ ဒါပေမဲ့၊ မောင်ရင်ကတော့ ကျုပ်ရဲ့အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ပေးမယ် မဟုတ်လားကွယ်''

''စိတ်ချပါအန်ကယ် ... ကျွန်တော် တာဝန်ယူပါတယ်၊ ဘာမှမပူပါနဲ့ ... ယမမင်းကြီးတောင် အန်ကယ့်ကို အန္တရာယ်လာမပြုနိုင်စေရဘူး။ အင်း ... တစ်ခုတော့ရှိတယ်''

''ဘယ် ... ဘယ်လိုတစ်ခုလဲကွယ်''

''အန်ကယ့်ရဲ့အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်ဖို့





အတွက် အန်ကယ့်ကိုသတ်ချင်နေတဲ့ ရန်သူရဲ့အကြောင်းကို သိထားမှဖြစ်မယ်လေ ...၊

ဒါကြောင့် အန်ကယ့်မှာ ဘယ်လို အတိတ်ရန်ငြိုးတွေ ရှိထားခဲ့သလဲဆိုတာကို မထိမ်မဝှက်စတမ်း ဖွင့်ပြောနိုင်မှဖြစ်မယ် ...၊

ရှေ့က အသတ်ခံရတဲ့လူ ငါးယောက်ဆီကတော့ ကျွန်တော်တို့စီအိုင်ဒီက မေးခွင့်မသာခဲ့ဘူးလေ''

ဤတွင် ရှေ့နေကြီးဦးကြာယုက ခေါင်းတာတ်လိုက်ပြီး ...

''ခက်တာပဲ ...အဲဒါ ဘယ်လိုပြောရမလဲ၊ တစ်ချိန်တုန်းကတော့ ကျုပ်ဟာ အစိုးရတရားရေးဌာနမှာ ဆွဲချအဖြစ် လုပ်ဖူးတော့ ခရိုင်စုံ၊ ဒိစတြိတ်ဒေသစုံမှာ အမှုထမ်းဖူးတယ်ကွဲ့၊ အဲဒီလို နှစ်ပေါင်းနှစ်ဆယ်ကျော်အမှုထမ်းပြီး ငြိုးခဲ့တဲ့ နှစ်နှစ်လောက်ကမှ ဆွဲချအလုပ်က ထွက်ခဲ့တာကွဲ့ ...၊

အခုလို ပြင်ပရှေ့နေ မလုပ်ခင် ဆွဲချလုပ်ခဲ့တုန်းကတော့ ကျုပ်ကြောင့် ထောင်ကျသွားတဲ့သူတွေ၊ သေဒဏ်ကျသွားတဲ့ ရာဇဝတ်သားတွေ ရှိတာပေါ့ကွယ်၊

သူတို့က ဖြစ်ဖြစ်၊ သူတို့ရဲ့ ဆွေမျိုးသားချင်းတွေက



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် ကျုပ်အပေါ် ငြိုးပြီး သတ်ချင်ဖြတ်ချင်ရင်တော့ မတတ်နိုင်ဘူးပေါ့ကွယ်''

ဟု ညည်းညည်းညူညူ ပြောလေ၏။

''ဒီလိုဆို အန်ကယ် ပခုက္ကူတို့ ယောတို့ဘက်မှာရော ဆွဲချလုပ်ဖူးသေးသလားဗျ''

''လုပ်ဖူးပြီလားကွယ်''

''ဟုတ်ပြီ ... ဒါဆို အဲဒီပခုက္ကူဘက်မှာ အန်ကယ့်ကြောင့် ထောင်ကျ၊ သေဒဏ်ကျသွားရတဲ့သူတွေ ရှိမှာပေါ့နော်''

''ရှိတာပေါ့ကွယ် ... ဒါကတော့ ကျုပ်က ဥပဒေအရ ဆောင်ရွက်ခဲ့ရတာကိုးကွဲ့၊ အစိုးရရှေ့နေ ဆွဲချဆိုတာ လုပ်ငန်းရဲ့သဘာဝကိုက ရုံးတော်မှာ စွဲချက်အတင်ခံရတဲ့တရားခံကို အပြစ်ဒဏ်မကျကျအောင် လုပ်ရတဲ့အလုပ်မျိုး မဟုတ်လားကွဲ့''

''ဟုတ်ပါပြီ ခင်ဗျာ ... ဒါထက် ယော၊ ပခုက္ကူဘက်မှာ အန်ကယ့်အပေါ် အငြိုးထားလောက်တဲ့သူ ဘယ်သူတွေ ရှိနိုင်မလဲဗျ''

ဦးကြာယုမှာ အတန်ကြာ တွေဝေစဉ်းစားနေပြီးမှ ဦးခေါင်းကို လေးပင်စွာ ယမ်းလိုက်ကာ ...

''ကျုပ် ဘယ်လာမှတ်မိပါတော့မလဲဗျာ၊ နှစ်တွေကြာမှ





ကိုး၊ ကိုင်ရတဲ့အမှုကလည်း များမှများဆိုတော့ ကျုပ်ကို မုန်းသူ ဘယ်လောက်ရှိမလဲ၊ ဘယ်သူတွေ မုန်းနေသလဲဆိုတာ မမှန်းဆတတ်ပါဘူးဗျာ''

လူရှိမှာ သက်ပြင်းချယုံသာ တတ်နိုင်ပါတော့၏။

''အင်းလေ ... အန်ကယ်ပြောတာလည်း ဟုတ်ပါတယ်''

''ဒါထက် ထားပုလင်းကိုလူရှိရယ် ... ဒီနေ့မှ ကျုပ်က အမှုသည်အသစ်သုံးယောက်ကို ချိန်းထားမိတယ်၊ သူတို့ကို ချိန်းထားတာ ဖျက်ဖို့အချိန်လည်း မမီဘူးဖြစ်သွားတယ်၊ သူတို့ကို လက်ခံတွေ့သင့်ပါ့မလားကွယ်''

''သြော် ... အဲဒီအမှုသည်တွေနဲ့အတူ လူသတ်သမားတွေ ရောပါလာမှာစိုးရိမ်လို့လား''

''ဟုတ်တာပေါ့ကွယ်၊ ဒီလိုနေ့မျိုးမှာ ဘယ်လိုလူစိမ်းမှ ကျုပ်ရဲ့အိမ်ဆီ မလာရင် အကောင်းဆုံးပဲမဟုတ်လား၊ မောင်ရင့်ကို ကျုပ်ကိုစောင့်ရှောက်ကူညီမယ့်သူတော့ အဲဒီလို ဘယ်ယူဆသလဲဗျ ... နော့''

''ထားပါတော့လေ၊ အန်ကယ်လည်း အမှုသည်တွေကို လက်ခံစရာရှိတာ လက်ခံပါ ... ကျွန်တော် အနီးကပ် စောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပေးပါ့မယ်၊ တရားခံဟာ ကျွန်တော့်ကို ဆားပုလင်းလူရဲမှန်း မသိဘဲ လှုပ်ရှားဖို့ကြိုးစားရင်တော့ ကျားရှေ့မှောက်လျက်လဲ သလို ခံစားသွားရမှာပါဗျ''

''OH GOOD ... သဘောကျလှသကွယ်၊ ဒါဆို ကျုပ်ရဲ့အမှုသည်တွေကို အေးအေးဆေးဆေး လက်ခံတွေ့လို့ ရတယ်ပေါ့''

''ရရမှာပေါ့ အန်ကယ်''

ထို့နောက် ရှေ့နေကြီး ဦးကြာယုသည် အစေခံကောင် လေးတစ်ယောက်ကို လှမ်းခေါ်ကာ ကော်ဖီဖျော်ခိုင်းလျက် ကော် ဖီတစ်ခွက်ကို လူရဲသောက်ဖို့ရန် သူကိုယ်တိုင် ဂရုတစိုက် ဖျေ လေသည်။

သို့ဖြင့် လူရဲအား ကော်ဖီ၊ မုန့်တို့ဖြင့် ကျကျနန ဧည့် ထားကာ စကားစမြည်ပြောဆိုနေကြရာမှ နေ့ ၁၁း၃၀ နာရီ အရောက်တွင် ဧည့်သည်အမျိုးသမီးနှစ်ဦးသည် ရထားလုံးတ စီးဖြင့် ရောက်ရှိလာတော့၏။

''ကျွန်မနာမည် ကေသီမိုးပါ ဆရာ၊ ဒါက ကျွန်မ သမီး ဝဿန်မိုးပါ၊ အမေ့မှာ ဆရာကို အပ်ချင်လို့ပါရှင်''

သို့ဖြင့် ဝတ်လုံတော်ရရှေ့နေကြီး ဦးကြာယုသည် တ





မှုလိုက်ပေးရန် လာရောက်ငှားရမ်းသည့် သားအမိနှစ်ဦးကို နာရီဝက်ကျော်ကျော်ခန့် လက်ခံစကားပြောလေသည်။

နေ့ခင်းတစ်နာရီခန့်တွင်မူ အဖိုးတန်ကာဒီလက်ကားနက် ကြီးတစ်စီးသည် ခြံထဲသို့ မောင်းဝင်လာပြီး ပေါ်တီကိုအောက်တွင် ရပ်လိုက်ကာ ကားထဲမှ အသက် ၇၀ ကျော်ခန့်ရှိ အဘိုးအိုတစ်ဦး ထွက်လာလေ၏။

အိမ်ရှေ့တံခါးဝ ဘေးတစ်ဖက်တွင် ကုလားထိုင်တစ်လုံး ဖြင့်ထိုင်လျက် ဖဝါပွင့် လူသတ်မှုများအကြောင်း ဝေဝေဆာဆာ ဖော်ပြထားသည့် သံတော်ဆင့်သတင်းစာအဟောင်းတို့ကို ပြန် လည်ဖတ်ရှုနေသော လူရဲက သိုက်မြိုက်စွာ ဝတ်စားထားသည့် အဘိုးအိုအား အကဲခတ်ကြည့်လိုက်လေသည်။

အသားဖြူဖြူ၊ အရပ်မနိမ့်မမြင့်ရှိသော အဘိုးအို စီးလာ သော ကာဒီလက်ကားသစ်ကြီးကိုကြည့်ခြင်းအားဖြင့် အတော် ချမ်းသာကြွယ်ဝပုံရလေ၏။

အယ်လ်ပတ်ကားပိုးတိုက်ပုံနှင့် ရွှေဖလားရောင် ပိုးစ ပိတ်လုံချည်ကို ဝတ်ဆင်ထားကာ ပေတင်ရှူးကိုစီးလျက် ဦးခေါင်း မှ ပိုးပဝါအဝါရောင်ဖျော့ဖျော့ကို ပေါင်းထားသည့် အဘိုးအို၏ ရုပ်က ခံ့ညားလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှားနှစ်သား တုတ်ကောက်ကို ဟန်ပါပါထောက်လျက် ကျောက်ဖြူသားလှေကားထစ်များအတိုင်း တစ်ထစ်ချင်းနင်းကာ တက်လာသည့် အဘိုးအိုသည် လှရဲအား ငွေကိုင်းတပ်မျက်မှန်ဝိုင်းလေးများအတွင်းမှ မျက်လုံးတို့ဖြင့် သေချာစွာ စိုက်ကြည့်လိုက်သေး၏။

လှရဲကလည်း အဘိုးအိုကို ပြုံးကြည့်ကာ ...

"သြော် ... ဆရာဦးကြာယုနဲ့ ချိန်းထားတဲ့ ဦးလှုမင်းဆိုတာမှတ်တယ်၊ ဆရာ ညှော်ခန်းထဲမှာ ရှိပါတယ်ခင်ဗျာ ... ကြွပါ"

ဟု ဖော်ရွေစွာ နှုတ်ခွန်းဆက်စကား ဆိုလိုက်လေသည်။

ထိုအခါ အဘိုးအိုသည် လှရဲ၏အနီးတွင် ရပ်လိုက်ပြီး ...

"နို ... မောင်ရင်က ဘယ်သူတုံး"

ဟု မေးလိုက်လေ၏။

"ကျွန်တော်က ဆရာ့ရဲ့အတွင်းရေးမှူး၊ လှရဲပါခင်ဗျာ"

ဟု လှရဲက ပြုံး၍ပြောလိုက်ရာ အဘိုးအိုက သြော် ... ဟု တစ်ခွန်းသာပြောပြီး ညှော်ခန်းကြီးထဲသို့ ဝင်ရောက်သွားတော့၏။





ဝတ်လုံတော်ရကြီး ဦးကြာယုသည် မြို့ထဲတွင် သီးခြား ခန်းဖွင့်ထားခြင်းမရှိဘဲ အိမ်၌သာ အမှုသည်များကို လက်ခံတွေ့ဆုံလေ့ရှိသဖြင့် အမှုအပ်လိုသူတို့သည် သူ၏အိမ်သို့ လာရောက်လေ့ရှိသည်ဟု လှရဲသိထားလေသည်။

လှရဲသည် သံတော်ဆင့်သတင်းစာကို ဆက်ဖတ်ရင်း ညှော်ခန်းထဲမှ ထွက်ပေါ်လာသည့် စကားသံတို့ကို နားစွင့်လိုက် ရာ ဦးကြာယု၏ ဖော်ရွေလှိုက်လှဲသောစကားသံကို ကြားလိုက် ရလေ၏။

"သြော် ဦးလှုမင်းလား ... ကြွပါခင်ဗျာ၊ ဒီနေ့တော့ ချုပ် ညှော်သည်တွေ လက်ခံတွေ့ဆုံမှုမပြုတော့ဘူး မှတ်တာ၊ င်းက လေးရက်လောက်ကြိုပြီး ဖုန်းဆက် (Date) ယူထားလို့ သာ လက်ခံတွေ့ရတာခင်ဗျ"

ထို့နောက် ကုက္ကိုင်းဘက်မှ ဘိုးဘွားပိုင်ခြံကြီးတစ်ခြံနှင့် သက်ပြီး အပြန်အလှန်ဆွေးနွေးနေသံတို့ကို သဲ့သဲ့ကြားနေ ရာ လှရဲလည်း စိတ်ဝင်စားခြင်းမရှိတော့ဘဲ သံတော်ဆင့် တင်းစာကိုသာ ဆက်လက်ဖတ်ရှုနေလိုက်လေသည်။

ဖဲပွင့်ဝါ လူသတ်မှုများအနက် လှရဲ စိတ်အဝင်စားဆုံးမှာ ထူးမြောက် အသတ်ခံရသည့် ဗဟန်း၊ ရေတာရှည်လမ်းမှ



www.burmeseclassic.com

www.burmeseclassic.com



ကိုမြကြည်အား သတ်မှုပင်ဖြစ်၏။

လွန်ခဲ့သော တစ်လခန့်က မိုးဖွဲဖွဲကျနေသော ပျင်း ငြီးငွေ့ဖွယ်နေ့တစ်နေ့၏ နေ့လယ်ချိန်ခန့်တွင် ကိုမြကြည်၏ ရှေ ဟောင်းပစ္စည်းများ ရောင်းချသည့်ဆိုင်ရှေ့သို့ ဖိုကောင်ဆယ်ကာ အပြာရောင်တစ်စီး ထိုးဆိုက်လာပြီးလျှင် ရွှေဖလားရောင် ချိတ် ထဘီနှင့် သခွားစေ့ရောင် နိုင်လွန်အင်္ကျီလက်ရှည်ကို ကြော့မော့ စွာဝတ်စားထားပြီး မန္တလေးပုံတော်ဖိနပ်စီးထားသည့် အမျိုးသမီး တစ်ဦး ကားပေါ်မှဆင်းလာကြောင်း။ ချောမောလှပ ကျက်သရေ ရှိလှသည့် ထိုအမျိုးသမီးသည် ဦးခေါင်းထက်၌ ဘီအေဆံထုံးကို အကျအနထုံးထားပြီး ရွှေဆံထိုးတစ်ချောင်းကို ဆံထုံး၌ စိုက် ထားကြောင်း။

မိုးဖွဲဖွဲကျနေသည့် သမယမှာပင် ရှိုးထုတ်လိုဟန်ရှိသည့် ထိုအမျိုးသမီးသည် နေကာမျက်မှန်ကို စတိုင်လ်ကျကျ တပ်ထား လျက် ဆင်စွယ်ဖြင့်ထုဆစ်ထားသော ယမင်းရုပ်တစ်ရုပ်ကို လက် ဝယ်ပွေ့ပိုက်ကာ ဆိုင်ထဲသို့ဝင်သွားသည်ကို ဆိုင်အဝ၌ ကုလား ထိုင်ဖြင့် ထိုင်နေသည့် ဆိုင်အကူကောင်လေး ဖိုးသားက သေချာ တွေ့လိုက်ရကြောင်း။

အန္တီအမျိုးသမီးသည် ရှေးဟောင်းလက်ရာ ဆင်စွယ်





ယမင်းရုပ်တုကို ရောင်းချလိုဟန်ရှိပြီး ကိုမြကြည်နှင့် ဈေးစကား ပြောနေကြသည်ကို ဖိုးသားက ပထမတွင် နားစွင့်ထောင်နေပြီး ဆက်လက်စိတ်မဝင်စားတော့သဖြင့် ဆိုင်အဝမှာပင် ဆက် က်ထိုင်နေပြီး ထိုနေ့ထုတ် သူကြိုက်ဂေဇက်သတင်းစာကို ဖတ်မြ တ်နေခဲ့ကြောင်း။

ဆယ်မိနစ်ခန့်အကြာတွင် စောစောက အမျိုးသမီးသည် ဆိုင်ထဲမှ ဆင်စွယ်ယမင်းရုပ်တုကို ပွေ့လိုက်လျက်သား ပြန်ထွက် လာရာ ဖိုးသားကိုပင် ပြုံးပြသွားခဲ့ကြောင်း။

အမျိုးသမီးကိုယ်တိုင် ဖိုကောင်ဆယ်ကားကြီးကို မောင်း ထွက်သွားပြီး အတန်ကြာသည်တွင် ဈေးဝယ်လိုသူတစ်ဦး ရောက် လာသဖြင့် ဖိုးသားက ထို သူ ကိုဆိုင်ထဲသို့ ခေါ်သွားခဲ့ ရာ ထိုအခါကျမှ ဆိုင်အတွင်း ကောင်တာစားပွဲအနီးမှ ကြမ်းပြင် တွင် လဲကျသေဆုံးနေသည့် သူ၏ဆရာ ကိုမြကြည်ကို တွေ့ရ ကြောင်း။

ရင်ဝ၌ ဓားမြှောင်တစ်ချောင်းစိုက်လျက်သား သွေးသံ ဖြင့် သေဆုံးနေသည့်အလောင်းကို တွေ့ရမှ ဝန်းကျင်ကို ဟစ်အကူအညီတောင်းခံကြောင်းများ ဝေဝေဆာဆာ ဖော်ပြ သည်ကို လူရဲသည် စိတ်ဝင်စားစွာ ဖတ်ရှုလျက်ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ယင်းသို့ သတင်းထဲတွင် စိတ်ပျော်ဝင်နေစဉ် ရှူးဖိနပ်သံ
တဂေါက်ဂေါက် ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ အဘိုးအို
သည် ရွှင်ပျသောမျက်နှာဖြင့် ရှားနှစ်သားတုတ်ကောက်
တဒေါက်ဒေါက်ထောက်ရင်း အိမ်ထဲမှ ထွက်လာသည်ကို တွေ့
လေသည်။

အဘိုးအိုသည် လှရဲကို ပြုံးပြနှုတ်ဆက်လိုက်ပြီးလျှင်
ကာဒီလက်ကားကြီး၏နောက်ခန်းထဲ ဝင်ထိုင်လိုက်လေ၏။

ကားမောင်းထွက်သွားသည့်အခါမှာပင် အဘိုးအိုသည်
လှရဲအား သမင်လည်ပြန်ကြည့်သွားသေးရာ ထိုအဘိုးအို
အကြည့်ကို လှရဲမှာ ထူးခြားနေသလိုလို ခံစားရလေသည်။

"အင်း ... မှန်ဝိုင်းလေးရဲ့အနောက်က အဘိုးအိုရဲ့မျက်
လုံးတွေဟာ တစ်မျိုးပဲ ... တစ်ခုခု ထူးခြားနေသလိုလိုပဲ၊ ဘာ
လိုထူးခြားနေပါလိမ့်"

လှရဲသည် မျက်မှောင်အတွန့်ချိုးကာ ဇဝေဇဝါဖြစ်နေ
မှာပင် ...

"အောင်မယ်လေးဗျာ ... ဘယ်လိုဖြစ်ရတာတုံး"

ဟူသော အစေခံကောင်လေး မောင်ဝိုင်း၏ အ
တကြားအော်သံနှင့် ပန်းကန်ကျကွဲသံတို့ကို အိမ်အတွင်းမှ ကြ





လိုက်ရရာ လှရဲသည် ထိုင်ရာမှ ဖျတ်ခနဲထပြီး ဧည့်ခန်းကြီးထဲသို့
ခပ်သွက်သွက် ပြေးဝင်လိုက်တော့သည်။

"ဟာ"

ဧည့်ခန်းထဲမှ ဆိုဖာဆက်တီခုံပေါ်တွင် တွေ့လိုက်ရသော
မြင်ကွင်းကြောင့် လှရဲမှာ လွန်စွာအံ့အားသင့်သွားရသလို ယူကျုံး
မရ ဒေါသနှင့်အတူ ကိုယ့်ကိုယ်ကိုယ်လည်း မကျေမနပ်ခြင်း
ကြီးစွာ ဖြစ်သွားရလေ၏။

"တောက် ... ငါရှိနေလျက်နဲ့ ဖြစ်ရလေကွာ၊ လူသတ်
သမားက လက်ဦးသွားပြီပေါ့"

ဆိုဖာခုံတစ်လုံးထက်တွင် ခေါင်းငိုက်စိုက်ချ ထိုင်လျက်
သားဖြစ်နေသည့် ဝတ်လုံတော်ရကြီး ဦးကြာယုမှာ ရင်ဝ၌ ဓား
မြှောင်တန်းလန်းဖြင့် အသက်ပျောက်လျက် ရှိချေပြီတည်း။

လှရဲသည် အလောင်းအနီးသို့ ချဉ်းကပ်သွားကာ
အလောင်း၏ပါးစပ်ထဲ ဆို့ထားသည့် အဝါရောင်ပိုးပဝါကို ဆွဲ
ထုတ်လိုက်လေသည်။

တုန်လှုပ်ချောက်ချားလျက်ရှိသော မောင်ဝိုင်းသည်ကား
ကျွန်းဘလောက်တုံးခင်းကြမ်းပြင်ပေါ်တွင် ကျကွဲလျက်ရှိသော
ကော်ဖီပန်းကန်လုံး၏ အပိုင်းအစတို့ကို ကောက်ယူသိမ်းနေရင်း



www.burmeseclassic.com

www.burmeseclassic.com



"ကျွန် ကျွန်တော် ဘဘကို ကော်ဖီလာအပို့မှာ ခုခုလို တွေ့ရတာပါပဲ ခင်ဗျာ"

ဟု အသံတုန်တုန်လေးဖြင့် ပြောရှာလေ၏။

လူရဲသည် အလောင်းကို အတန်ကြာ စစ်မေးကြည့်ရှုလျက်ရှိရာမှ အလောင်း၏ခါးပုံစပေါ်တွင် တင်နေသည့် အဝါရောင် ဖဲပန်းပွင့်လေးကို ကောက်ယူကြည့်လိုက်ရင်း ခံပြင်းစွာ တောက်ခတ်လိုက်မိတော့၏။

"တောက် ... မြွေပွေးပိုးထိတဲ့ အဖြစ်မျိုးပဲ၊ ငါတစ်ယောက်လုံး ရှိနေတဲ့ကြားက အသတ်ခံရတယ်လို့ကွာ ... ဖြစ်မှဖြစ်ရလေ"

ထို့နောက် ... သူသည် တယ်လီဖုန်းစင်ရှိရာသို့ လေးဖင့်စွာ လျှောက်လှမ်းသွားပြီး အင်းစိန်စီအိုင်ဒီရုံးရှိ စုံထောက်မင်းကြီး၏ ဖုန်းနံပါတ်ကို စိတ်မချမ်းမြေ့စွာ လှည့်လိုက်ပါတော့သတည်း။

✹

ခု နစ် စဉ် ကြယ် တ ပေ

"ဟင်း ဟင်း ... အဲဒါပေါ့ကွာ၊ ပင်လယ်ဖျံ ရေနစ်ကိန်းကြုံတယ်ဆိုတာ"

"အရည်အချင်း တကယ်မရှိလို့ပါကွာ"

စီအိုင်ဒီရုံးမှ အရာရှိများ နားနေခန်းထဲတွင် လူရဲအားအမနာပပြောနေကြသည့် စီအိုင်ဒီစုံထောက် အိုင်ပီအသားမည်းအောင်ဖြိုးနှင့် အလွဲကြီးခေါ် အိုင်ပီဗသန်းတင်တို့၏ သရော်လှောင်ပြောင်စကားသံတို့ကို မကြားဟန်ပြုကာ လူရဲမှာ မင်းကြီးအခန်းထဲမှ ထွက်ခဲ့လျက် စီအိုင်ဒီရုံးဝင်းထဲမှ သူ၏ဖိုးယက်ကားလေးကို မောင်းထွက်သွားတော့၏။

ခု နစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ကောင်းတယ်၊ ဘာမဟုတ်တဲ့အမှုကလေး သုံး၊လေးမှု ဖော်ထုတ်နိုင်တာနဲ့ မြောက်ကြွမြောက်ကြွ ဖြစ်နေတဲ့ ကောင် ... ခုတော့ လူပါးပုလင်းထိပြီ မဟုတ်လား၊ ဘယ့်နှယ်ကွာ ... သူ အနီးကပ် သွားစောင့်ရှောက်မှ လူသတ်ခံရတယ်လို့"

"ဟုတ်ပါ့ကွာ ... ဒီကောင်ဟာ လူဆိုးထိန်းဆေးပုလင်း ရာထူးနဲ့တောင် မတန်ဘူးဆိုတာကို ပြတာပဲကွ၊ ဒီကောင့်လို ကောင်မျိုးကို ငါတို့စီအိုင်ဒီရုံးကနေ ပထုတ်ပြီး နယ်မြေဂါတ် တစ်ခုခုပဲ ပို့လိုက်သင့်တယ်ကွ ... နော အသားမည်းရာ"

"ဟ ... ပို့သင့်တာမှ အရစ်ပါဖြုတ်ပြီး ပို့သင့်တာဗျ၊ အလွဲကြီးရ ... ဟင်း ဟင်း ဟင်း"

ဤတွင် တရားမျှတမှုကို လိုလားသည့် အိုင်ပီကိုမောင်ဖြိုးက လေသံခပ်မာမာဖြင့် တားမြစ်စကား ဆိုတော့၏။

"ခင်ဗျားတို့ဗျာ ... ဘဝတူ စုံထောက်အချင်းချင်း ဒီလောက်လည်း မပြောကြပါနဲ့၊ ပညာရှိ သတိဖြစ်ခဲ့ဆိုသလို ဖြစ်တတ်တာပါပဲ၊ လူသတ်သမားက လူကုံထံအဘိုးကြီးအသွင်နဲ့ လာတော့ သူလည်း ဒီလိုဖြစ်မယ်လို့ ဘယ်ထင်မှာလဲဗျ"

"ဘာ ပညာရှိ သတိဖြစ်ခဲ့တာလဲ ... အဲဒါ သတိမမူလို့

ခုနစ် စဉ် ကြယ် စာပေ



ဝှမမြင်တာကွ"

"တော်ပါဗျာ ... ခင်ဗျားတို့အချင်းချင်း မနာလိုဖြစ်ပြီး ချောက်ချဖို့ပဲ စဉ်းစားနေ၊ လူရဲကလည်း မင်းကြီးကို ကတိပေး သွားပါတယ်ဗျာ၊ ရက်ပိုင်းအတွင်း အဲဒီလူသတ်မှုကို ဖော်ထုတ် ပေးပါ့မယ်တဲ့"

ဤတွင် အိုင်ပီအသားမည်းအောင်ဖြိုးက အသံကျယ်ကြီးဖြင့် လှောင်ပြောင်ရယ်မောတော့၏။

"နောက်တစ်ခါ လာပြန်ပြီလား ... ဟား ဟား ဟား၊ ဘာလဲ ... နောက်ဆယ်ရက်အတွင်း နောက်ထပ်လူတစ်ယောက် ထပ်အသတ်ခံစေရပါမယ်တဲ့လား ... ဟား ဟား ဟား"

အမှုလိုက်တိုင်း တရားခံမဟုတ်သူကို တရားခံထင်ပြီး အလွဲလွဲအချော်ချော် ဖမ်းဆီးတတ်သဖြင့် အလွဲကြီးဟု ကင်ပွန်း တပ်ခြင်း ခံရသည့် အိုင်ပီဗသန်းတင်ကလည်း အိုင်ပီအသားမည်း အောင်ဖြိုးအား လိုက်လှဲ့စွာ ထောက်ခံခြင်းပြုလေ၏။

"ဟုတ်ပါ့ဗျာ ... အဲဒီကောင်က သေတာတောင် ဝမ်း ကျုရပ်မှာ မဟုတ်ဘူး ... ဟား ဟား ဟား"

"အံမယ် အံမယ် ... ရက်ပိုင်းအတွင်းမှာ တရားခံ တွေကို မိအောင်ဖမ်းပြမယ်တဲ့လား ... ဟား ဟား ... အိုင်

ခုနစ် စဉ် ကြယ် စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆေး ကိုမောင်ဖြိုးရဲ့ ...ခင်ဗျားရဲ့လုံ့က ဆဒ္ဒန်ဆင်မင်းရဲ့ ဖင်ခေါင်းပါလားဗျ ...ဟား ဟား ဟား''

''အေးပါဗျာ ... ခင်ဗျား သရော်ထားစမ်းပါ ကိုအောင်ဖြိုး။ ကျုပ်ကတော့ အိုရီးယင့်ဟိုတယ်မှာ ခင်ဗျားကျွေးမယ့်စားပွဲသောက်ပွဲကြီးအတွက် ပါးစပ်ပြင်ထားတယ်၊ ပါးစပ်ပြင်ထားတယ်''

✹✹✹



## ပြန်ဆုံခဲ့ပြီ လူကေရီ

ဆားပုလင်းလူ့ရဲအနေဖြင့် ဖဲပန်းပွင့်ဝါလူသတ်တရားခံတို့အား မကြာမီ ဖမ်းဆီးပေးပါမည်ဟု မည်မျှပင် ကတိစကားပြောကြားပြီး ကြုံးပမ်းထောက်လှမ်းနေသော်လည်း (Media) မီဒီယာများဖြစ်သော သတင်းစာများကမူ C.I.D ၏ အကျော်ကြားဆုံး စုံထောက်များထဲမှ တစ်ဦးဖြစ်သည့် ဆားပုလင်းလူ့ရဲအနီးကပ်စောင့်ကြပ်နေသည့်ကြားထဲမှ ဖဲပွင့်ဝါလူသတ်သမားတစ်ဦးက ဆဋ္ဌမမြောက် လူသတ်မှုကို နွှေခင်းကြောင်တောင်ကြီး ကျူးလွန်သွားနိုင်သည်မှာ ဆားပုလင်းလူ့ရဲ ညံ့ဖျင်းသောကြောင့်သာ ဖြစ်ကြောင်း ပယ်ပယ်နယ်နယ် ရှုတ်ချရေးသားကြလေသည်။

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ကိုမောင်ဖြိုး . . . ဘယ့်နှယ်လဲ . . . သတင်းစာတွေကတော့ ကိုယ့်လူဆားပုလင်းမောင်လှရဲလေးကို အတော်ကို ချီးမွမ်းထောပနာပြုနေကြပါလားဗျူ ကျုပ်တို့တောင် အားကျလှသဗျာ . . . ဟဲ ဟဲ ဟဲ"

C.I.D ရုံးတွင် တွေ့တိုင်း အိုင်ပီမောင်ဖြိုးအား အိုင်ပီအသားမည်း အောင်ဖြိုးက ရိတိတိ သရော်ကလိနေတော့ရာ အိုင်ပီမောင်ဖြိုးလည်း မခံချိမခံသာစွာ အံကြိတ်လျက်သာနေရတော့၏။

လှရဲကိုယ်တိုင်လည်း သူ့မျက်မှောက်မှာပင် လူသတ်မှုအတင့်ရဲရဲ ဖြစ်ပွားသွားရခြင်းအပေါ် လွန်စွာမကျေမချမ်း ဖြစ်လျက်ရှိတော့သည်။

စုံထောက်မင်းကြီး၏ ဆူပူအပြစ်တင်မှုခံရသလို လုပ်ဖော်ကိုင်ဖက်များ၏ ရှေ့တင်ရော၊ နောက်ကွယ်မှာပါ သရော်လှောင်ပြောင် ရှုတ်ချခံနေရရုံတင်မက သတင်းစာများ၏ နေ့စဉ်လိုလို ရှုတ်ချပုတ်ခတ်ခြင်းကိုပါ ခံနေရရာ လှရဲမှာ ခေါင်းမဖော်သာအောင် ယူကျုံးမရဖြစ်လျက် ရှိတော့၏။

သို့ဖြင့် ဖိအားများ၏ သက်ရောက်မှုခံနေရသော လှရဲသည် ဝတ်လုံတော်ရမင်း ဦးကြာယုအသတ်ခံရပြီး ၅-ရက်





မြောက်သောနေ့ နံနက်ပိုင်းတွင် သူနေထိုင်ရာ မအူကုန်းလမ်းကျယ်ထိပ်ရှိ ကာကာဆိုင်တွင် တစ်ဦးတည်းထိုင်လျက် ငေးငူငူဖြစ်နေစဉ် နို့နှစ်ရောင်အော်စတင်ကားလေးတစ်စီးက ကာကာဆိုင်ရှေ့နားတွင် ထိုးရပ်လာလေသည်။

ဆိုင်ထဲရှိ လူအားလုံးလိုလိုရော လှရဲပါ အော်စတင်ကားသစ်လေးကို ငေးကြည့်လိုက်မိစဉ် ကားကို ကိုယ်တိုင်မောင်းလာသည့် အမျိုးသမီးချောချောက ကားတံခါးဖွင့်ကာ ကြော့ကြော့မော့မော့ ဆင်းလာလေ၏။

"အားရှိုးရှိုး . . . အနိပ်စားပါလား"

ကာကာဆိုင်ထဲမှ မအောင့်အည်းနိုင်သည့် စကားသံသဲ့သဲ့အချို့ ထွက်လာသည်။

ဖက်ဖူးရောင်ပါးလွှာလွန်းသော အမေရိကန်နိုင်လွန်သားသည့်ထောင် လက်စကအင်္ကျီလေးကို ပြောင်ချောနူးညံ့အိစက်နေသည့် အစိမ်းနုရောင်ပိုးဖဲထဘီနှင့် တွဲဖက်ဝတ်ထားကာ ကတ္တီပါဖော့ကြိုးခုံမြင့်ဖိနပ်လေးနှင့် လှပလွန်းသော အမျိုးသမီးလေးသည် အနီးဝန်းကျင်မှ ပုရိသအားလုံး၏အကြည့်တို့က စုပြုံကျရောက်သွားကြတော့၏။

နိုင်လွန်ပိုက်ကွန်နက်ကလေးဖြင့် ဆံထုံးပွံ့ပွံ့လေးကိုဦး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထက်တွင် လှပစွာထုံးဖွဲ့ထားပြီး နဖူးပြေပြေလေးပေါ်၌ ဆံမြိတ်လေးများ ဝဲကျနေကာ ထူထူတန်းတန်း မျက်ခုံးလေးများ ပြာရီရွှန်းလဲ့သည့်မျက်ဝန်းများ၊ ဖြောင့်စင်းသောနှာတံ၊ နှင်းဆီဖူး နှုတ်ခမ်းနှစ်မွှာ၊ မေးစေ့လုံးလုံးလေးတို့ဖြင့် လှပအချိုးကျစွာ ဖွဲ့စည်းထားသည့် မိန်းမချောလေးကမူ မည်သည့်အရာကိုမျှ ဂရုစိုက်ဟန်မရှိဘဲ လူရဲထိုင်နေသည့် စားပွဲဆီသို့သာ ခြေလှမ်း မှန်မှန်ဖြင့် ဦးတည်လျှောက်လှမ်းလာချေသည်။

စိုပြည်ဝင်းအိနေသော အသားအရေ၊ အချိုးအဆစ်ကျ ဖွံ့ထွားလှပသည့် ကိုယ်လုံးအလှတို့နှင့်ပါ ပြည့်စုံသော အနှိမ်းမ ချော၏ မပြုံးတပြုံး ပြုံးတုံ့တုံ့ မျက်နှာဝင်းဝင်းလေးအား လူရဲမှာ အိပ်မက်မက်သူနှယ် အငေးသား ဆွံ့အစွာ ကြောင်ကြည့်နေမိပါ၏။

သူမက လူရဲနှင့်မျက်နှာချင်းဆိုင်ရှိ ခွေးခြေခုံပေါ် ရွရွ လေးထိုင်လိုက်ပြီး လွယ်လာသည့် ရေညှိရောင်ဆလင်းဘက်ခ် အိတ်ကို စားပွဲပေါ် အသာတင်လိုက်ရင်းမှ တောက်လက်စွာပြုံး လျက် နှုတ်ဆက်စကားဆိုသည်။

"ဟေး မောင်လူရဲ ... မမမြတ်ကို မမှတ်မိဘူးလား ကွဲ့၊ ပန်းမြတ်မာလာအဖွဲ့က မြတ်ကေရီလေကွယ်၊ ဘယ်လိုလဲ





... မင်းက ရန်ကုန်မြို့ကြီးသားဖြစ်သွားလို့ မေ့သွားပြီလား ... ဟင်း ဟင်း ဟင်း"

ဆည်းလည်းလေးများ လှုပ်ခတ်သွားသလို ရယ်သံလွင် လွင်လေးနှင့် မေးခွန်းထုတ်လိုက်သည့် မြတ်ကေရီအား အံ့အား သင့်စွာ ကြည့်ရင်းမှ လူရဲမှာ လိုက်ခနဲရင်ခုန်ကာ လွန်စွာ မ်းသာသွားပါတော့၏။

"ဟာ ... မမ မမမြတ်ပါလား၊ ဒါကြောင့် တွေ့ဖူးသ လိုလိုပဲဆိုပြီး ကြည့်နေမိတာ မမမြတ်ရဲ့"

"အိုး ... တော်ပါသေးရဲ့၊ မင်းက မမမြတ်ကို မှတ်မိ သားပဲ"

"ဟာ ... မှတ်မိပြီလား မမမြတ်ရယ်၊ မှန်တာပြောရ ရင် ကျွန်တော် မမမြတ်ကို မကြာခဏဆိုသလို သတိရနေတာ ... ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်သလဲကွဲ့ ... မင်းက အခုတော့ မြို့ကျ ရွာမက မြေလတ်မြို့ငယ်လေးက လူရဲမဟုတ်တော့ဘဲ ကျော် CID စုံထောက်ကြီးဖြစ်နေလို့ သဘင်သည်မမမြတ်ကို ခေါ်ရခက်နေလို့လား'

"အာ မမမြတ်ရယ် ... အဲဒီလိုမဟုတ်ရပါဘူး၊ ဂျပ



www.burmeseclassic.com

www.burmeseclassic.com



ခေတ် တစ်ခေတ်လုံး မမမြတ်နဲ့ ကွဲကွာနေရပြီး မမမြတ်တို့ရဲ့အဖွဲ့ သတင်းလည်း မကြားမိတော့ဘူးလေ၊ အဲဒီလို အကြာကြီးကွဲကွာ ပြီးမှ ပြန်တွေ့ရတော့ ရုတ်တရက် ဝေဝေဝါးဝါး ဖြစ်သွားလို့ ဗျာ၊ ပြီးတော့ . . .''

''ပြီးတော့ ဘာဖြစ်သလဲကွဲ့၊ မင်းက နိုင်ငံကျော်ကြီး ဖြစ်သွားလို့ ဆိုပါတော့''

''မဟုတ်ရပါဘူး မမမြတ်ရယ် . . . ပြီးတော့ ဆိုတာက မမမြတ်က အရင်ကထက် အများကြီးပိုလှ. ပိုချောနေလို့ . . . သိရဲ့လား၊ ဒါကြောင့် မမှတ်မိသလိုလို ဖြစ်ရတာ''

လူရဲက နံဘေးစားပွဲရှိ လူများ မကြားရစေရန် လေသံ နှိမ့်ကာ မြတ်ကေရီအား စူးစူးလေးကြည့်ရင်း ပြောလိုက်ခြ ဖြစ်သည်။

သို့သော် မြတ်ကေရီ၏ မျက်နှာချောချောလေးတွ ရှက်သွေးဖြန်းသွားခြင်း၊ ရှက်အမ်းအမ်းဖြစ်သွားခြင်းမျိုး စိုးစဉ်း ပင်မရှိဘဲ သူမက သူ့ကို ခပ်စူးစူးလေးပြန်စိုက်ကြည့်ကာ တ ငြိမ်စွာပဲ ပြုံးပြလိုက်ပါသည်။

ကာကာဆိုင်ထဲရှိ စားသုံးသူပုရိသအပေါင်းနှင့် ဆိုင် ကုလား မန်းနီးကိုယ်တိုင် ဖြစ်မျိုးမှုမထင်အောင် ရက်ရက်





ကော်လှပသည့် မိန်းမချောလေးနှင့် ရင်းနှီးစွာ ပြုံးပြုံးရယ်ရယ် စကားပြောဆိုနေသည့် လူရဲကို အားကျသူအားကျ၊ မနာလိုဖြစ်သူ ဖြစ်ကြလျက်ရှိတော့၏။

''မင်းလည်း အရင်ကထက်စာရင် အများကြီး ပိုချော လာပါတယ်ကွ၊ ထွားကျိုင်းပြီး ယောက်ျားလည်း ပီသလာတယ်၊ ပြီးတော့ စကားလည်း အများကြီးပိုတတ်လာတယ်၊ ဒါထက် အခု ဘယ်မှာ ဘယ်သူနဲ့နေသလဲ . . . ပြောပါဦး၊ ရန်ကုန်ရောက် တာရော ကြာပြီလား''

''အင်း . . . ဂျပန်တော်လှန်ရေးမတိုင်မီမှာပဲ အဖေဆုံး ပြီးတဲ့နောက် ကျွန်တော် ရွာကထွက်ခဲ့ပြီး ဗမာ့တပ်မတော်ထဲ ဝင်ခဲ့တယ်၊ တော်လှန်ရေးကြီးပြီးတော့ တပ်ကထွက်ပြီး ပုလိပ် အက်ဝင်ခဲ့ရာက C.I.D ရောက်ခဲ့ရတာပါပဲ၊ အခု ဒီ မအူကုန်း အမ်းကျွယ် ဟိုးက . . . လမ်းကွေ့မှာရှိတဲ့ သုံးထပ်တိုက်ကြီး ရဲ့ အပေါ်ဆုံးထပ် ဝဲဘက်အခန်းမှာ သူငယ်ချင်းတစ်ဦးနဲ့ ငှားနေ တယ် မမမြတ်''

''ဩော် ဩော် . . . အင်း . . . မင်းရဲ့ဓာတ်ပုံတွေကို သတင်းစာတွေထဲမှာ တွေ့ရမှ မမသတိရနေတဲ့ မောင်လူရဲဟာ C.I.D က စုံထောက်ကြီးတောင် ဖြစ်နေပါလားလို့ သိခဲ့ရတာ



www.burmeseclassic.com

www.burmeseclassic.com



မင်းက အတော်နာမည်ကျော်နေပြီပဲကွ''

''တော်ပါ မမြတ်ရယ် ... ခုတစ်လော ဆက်တိုက်ဆို သလို ဖြစ်ပွားနေတဲ့ လူသတ်မှုတွေကြောင့် ကျွန်တော့်မှာ နာမည် ဆိုးနဲ့ ကျော်ကြားနေတာပါ၊ ဒါကြောင့် အတော်စိတ်ပျက်ပြီး ထိုင်မှိုင်နေရတာဗျ''

လူရဲက တကယ်ပင် စိတ်ပျက်စွာပြောဆို ခေါင်းယမ်း လိုက်ရာ မြတ်ကေရီက ကရုဏာမျက်ဝန်းများဖြင့် ရီဝေဝေကြည့် ရင်း သက်ပြင်းမောလေးချသည်။

''အင်း ... အဲဒီ ဖဲပွင့်ဝါလူသတ်မှုတွေမှာ လူသတ်သ မားတွေဟာ အင်မတန်လျင်ကြောင်းနဲ့ သူတို့လျင်သလောက် C.I.D က စုံထောက်တွေနဲ့ ပုလိပ်တွေဟာ အတော်တုံးကြောင် သတင်းဆောင်းပါးတွေ ဖတ်ရပါတယ်ကွယ် ...၊

အဲဒီစုံထောက်တွေအထဲမှာ အမှုကိုင်ဖြစ်တဲ့ ငါ့မောင် ပိုပြီး လူတွေဝေဖန်ချင်စရာ ဖြစ်သွားတယ်လေ၊ အဲဒီအတွက် မမြတ် စိတ်မကောင်းပါဘူး ...၊

ဒါထက် အဲဒီ ဖဲပွင့်ဝါလူသတ်မှုတွေရဲ့ တရားခံ ခြေရာခံမိပြီလားကွယ်''

''နည်းနည်းပါးပါးလောက်ပဲ ခြေရာခံမိပါတယ်





အများကြီးလိုပါသေးတယ်''

''အို ... ဟုတ်လား ဒီလောက်ပိပိရိရိ ကျူးလွန်ခဲ့တဲ့ လူသတ်မှုတွေကို နည်းနည်းလောက်ခြေရာခံမိတယ် ဆိုရင်ပဲ အတော်နေရာကျနေပါလား မောင်လေးလူရဲရဲ့၊ ကေန္တ ... မောင်လေးရဲ့အစွမ်းကြောင့်ပဲ ဖြစ်ရမယ် ... ဟုတ်တယ်မဟုတ် လား''

မြတ်ကေရီက ပြုံးမြမြလေးဖြင့် ချီးမွမ်းသလိုပြောလိုက် သော်လည်း လူရဲက ခေါင်းကို ဖြည်းလေးစွာယမ်းလိုက်လေ သည်။

''ကျွန်တော့်မှာ ဘာအစွမ်းမှ မရှိပါဘူး မမြတ်ရယ်၊ ဘာအစွမ်း, ဘယ်လိုအရည်အချင်းမျိုးမှ မရှိလို့လည်း ကျွန်တော် အခုတိုင်ရှိနေတဲ့ကြားက ဖဲပွင့်ဝါလူသတ်သမားဟာ ရှေ့နေကြီး ဦးကြာယုကို သတ်သွားနိုင်တာပဲလေ''

ဤတွင် မြတ်ကေရီက မဲ့ပြုံးလေးပြုံးလိုက်လေ၏။

''အဲဒီ ဦးကြာယုအကြောင်းကို မောင်လေး ဘယ် လောက်သိထားသလဲကွဲ့၊ မမြတ်ကြားဖူးသလောက်တော့ အဲဒီ လူကြောင့် ဂျပန်ခေတ်မတိုင်မီ ဗြိတိသျှအစိုးရလက်ထက်မှာ အပြစ်မရှိသူအတော်များများ ထောင်ထဲရောက်သူရောက်, ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စင် တက်သူတက်ရ ဖြစ်ခဲ့ကြဖူးတယ်ကွယ်''

"ဟုတ်ကဲ့ . . . ဒါကို ဦးကြာယုကိုယ်တိုင်လည်း ဝန်ခံ ပါတယ် မမြတ်''

"သူဟာ ဂျပန်ခေတ်တစ်ခေတ်လုံးမှာ အိန္ဒိယနိုင်ငံဘက် အင်္ဂလိပ်အရာရှိတွေနဲ့အတူ လိုက်ပါသွားပြီး ရန်ကိုရှောင်နေခဲ့တာ ကွဲ့၊ မြန်မာပြည်ကို အင်္ဂလိပ်တွေ ပြန်ဝင်လာမှ ပြန်လိုက်ပါလာ ခဲ့တာကွဲ့''

"ဪ . . . မမြတ်က ဦးကြာယုအကြောင်း အတော် သိတာပါလား''

"မမြတ်လိုပဲသိတဲ့သူတွေ အများကြီးရှိပါတယ်ကွယ် သူ့ရဲ့နောက်ကြောင်း သိထားသူအတော်များများကတော့ သူ့ တာကိုတောင် ဝမ်းသာနေကြတာကွဲ့''

မြတ်ကေရီ၏အသံက တစ်မျိုးဖြစ်နေသဖြင့် လူရဲ သူမ၏မျက်နှာကို သေသေချာချာ ဂရုထားကြည့်လိုက်ရာ သူမ မျက်လုံးတို့အထဲတွင် အမုန်းရိပ်ကိုမြင်လိုက်ရသလိုလို ရှိသ အံ့အားသင့်သွားတော့သည်။

သို့သော် ချက်ချင်းဆိုသလိုပင် သူမ၏မျက်လုံးတို့အ တွင် နူးညံ့မှုအရိပ်အယောင်တို့ကို ပြန်တွေ့ရလေ၏။





"ဒါထက် မမြတ်က အခုဘယ်မှာနေတာလဲဟင်၊ ကျွန်တော်လာလည်လို့ ရမလား''

"အင်း . . . မမြတ်က ဘောင်ဒရီလမ်းက စကားဝါစံ အိမ်မှာ နေပါတယ်ကွယ်၊ တစ်နေ့တော့ ငါ့မောင်ကို အလည် အပတ် ခေါ်ပါ့မယ်၊ ခုတော့ သွင်းကုန်ထုတ်ကုန်ပါမစ်ကိစ္စတွေနဲ့ ပတ်သက်ပြီး မမြတ် အလုပ်ရှုပ်နေသေးတယ်ကွဲ့ . . .၊

ဒါထက် ဖဲပွင့်ဝါ လူသတ်သမားတွေနဲ့ ပတ်သက်ပြီး မောင်လေးက ဘယ်လောက်ခြေရာခံမိထားပြီလဲကွယ်၊ မမြတ် က အဲဒီလို အတင့်ရဲရဲနဲ့ ရက်ရက်စက်စက် ဆက်တိုက်ကျူးလွန် တဲ့ လူသတ်မှုတွေကို စိတ်ဝင်စားမိလို့ မေးရတာပါကွယ်''

"ဟုတ်ကဲ့ . . . မမြတ်လိုပဲ ရန်ကုန်တစ်မြို့လုံးတင်မက တစ်နိုင်ငံလုံးက လူအများစုဟာ အဲဒီလူသတ်မှုတွေကို စိတ်ဝင် စားနေကြတယ်ဗျာ . . .၊

အင်း . . . ကျွန်တော်ခြေရာခံမိသလောက် ပြောရရင် အဲဒီလူသတ်မှုအားလုံးဟာ ငွေကြေးဥစ္စာ လုယက်ယူငင်လို့ ဟုတ်ဘဲ အငြိုးအတေးတစ်ခုခုကြောင့်သတ်တာ ထင်ရှားပါ တယ် မမြတ်၊ ပြီးတော့ အဲဒီလူသတ်မှုတွေကို ဂိုဏ်းဂဏအဖွဲ့ တစ်ခုခုက ကျူးလွန်တာဆိုရင် အဲဒီဂိုဏ်းကို ဦးဆောင်သူဟာ



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက် ဖြစ်ရမယ်၊ သူဟာ ကြာသပတေးသမီး ဖြစ်နိုင်ပြီး ဂမ္ဘီရဆိုင်ရာပညာရပ်တွေကို နားလည်တတ်မြောက်သူဖြစ်ရမယ်၊ အဲဒီလောက်တော့ ခြေရာခံမိထားပါတယ် မမမြတ်''

မြတ်ကေရီက ပြုံးလျက် ခေါင်းညိတ်လိုက်ကာ ...

''ဩော် ... ငါ့မောင်က အတော်ခြေရာခံထားနိုင်တာပဲကွယ်၊ ဆက်ပြီးကြိုးစားပေါ့ကွယ်၊ ကဲ ... မမ အားတဲ့အခါမင်းရဲ့အိမ် လာလည်ပါ့မယ်ကွယ်၊ ခုတော့ မမမြတ်မှာ အလုပ်ကလေးရှိလို့ သွားဦးမယ်နော်''

ဟု အသံချိုချိုလေးဖြင့် ပြောကာ ထိုင်ရာမှ ထရပ်လိုက်လေသည်။

''ဟာ မမမြတ် ... စကားကောင်းနေတာနဲ့ မမမြတ်အတွက် ကော်ဖီတောင် မမှာပေးရဘူး''

''ရပါတယ်ကွယ် ... မမမြတ် ကော်ဖီတို့ လက်ဖက်ရည်တို့ မကြိုက်ပါဘူး။ ကဲ ... သွားပြီနော်''

သူမက နှုတ်ဆက်ပြီး ကားပေါ် ကြော့ကြော့လေးတက်ကာ မောင်းထွက်သွားတော့၏။

လူရဲမှာ မြတ်ကေရီ၏ ကားနောက်ပိုင်းကို ငေးကြည့်





ကျန်ရစ်ခဲ့တော့၏။

ဆိုင်ထဲမှ ပုရိသ ပရိသတ်လည်း ခုမှ မျက်စိစားပွဲထိုင်ခြင်းအမှု ပြီးစီးသွားသဖြင့် သူတို့၏ အေးစက်နေသော ကော်ဖီ၊ လက်ဖက်ရည်ခွက်တို့ကို မော့ကြရတော့၏။

''အင်း ... ခေတ်တွေပြောင်းသွားသလို မမမြတ်လည်း အလုပ်အကိုင်ပြောင်းပြီး အရင်လို ဇာတ်ပွဲမကတော့ဘဲ သွင်းကုန်ထုတ်ကုန်လုပ်ငန်း လုပ်နေတာနဲ့တူတယ်၊ သူဟာ ငါ့ကို မမေ့နိုင်ဘဲ တရင်းတနှီး လာနှုတ်ဆက်ရှာသားပဲ၊ ဒါပေမဲ့ သူ့ရဲ့အိမ်ကိုတော့ လာလည်စေချင်ပုံ မပေါ်သေးဘူး။ အိမ်ထောင်များကျနေလို့ပဲလား''


မြတ်ကေရီများ အိမ်ထောင်သည်ဖြစ်ခဲ့လျှင်ဟု တွေးလိုက်မိသည့်အခိုက်တွင် လူရဲ၏ရင်၌ တုန်လှုပ်သလိုလို ဖြစ်သွားရ၏။ နှမြောခြင်းနှင့် မနာလိုခြင်း စေတသိက်ကြောင့်များလားဟု တွေးမိကာ သူ နာကျင်စွာ ပြုံးမိလိုက်တော့သည်။

✺✺✺



www.burmeseclassic.com

www.burmeseclassic.com



## မေ့မရသော အတိတ်ဆိုး

ယင်းနေ့ နေ့လယ်ပိုင်းမှာပင် အင်းစိန် C.I.D ရုံးသို့ (Murder Case) လူသတ်မှု အမှုတွဲဖိုင်များကို ပြန်လည်လေ့လာရန် လူရဲရောက်ရှိသွားသည်တွင် စုံထောက်မင်းကြီးက သူ့ရုံးခန်းသို့ခေါ်ပြီး ရှုသိုးသိုးမျက်နှာဖြင့် အောက်ဖော်ပြပါအတိုင်း အမိန့်ပေးတော့၏။

"မောင်လူရဲ … ဒီစာရွက်ပေါ်က လိပ်စာအတိုင်း သွားပါ၊ လိုအပ်ရင် တပ်ဖွဲ့ဝင်နှစ်ယောက်လောက် ခေါ်သွား၊ ဒီလိပ်စာထဲက လူဆီကို မနေ့ကပဲ အဝါရောင်ပါဆယ်ဘူးရောက်လာလို့ ဆိုင်ရာဂါတ်ကို တိုင်ရာက ကျွန်ုပ်တို့ဆီ သတင်းဆက်ပို့ခဲ့





ဘာပဲ အရင်တစ်ခါလို အလွဲလွဲအချော်ချော် မဖြစ်ပါစေနဲ့"

"ကောင်းပါပြီ မင်းကြီး"

လူရဲမှာ စာရွက်ပိုင်းလေးကို ကိုင်လျက် စုံထောက်မင်းကြီး၏ရုံးခန်းထဲမှ ထွက်လာသည်တွင် အိုင်ပီအသားမည်း အောင်ဖြိုးနှင့် ရင်ဆိုင်တိုးလေတော့၏။

အိုင်ပီအသားမည်းအောင်ဖြိုးက သူ၏ရွှေသွားကျိုးလေးပေါ်အောင် ရီသွဲ့သွဲ့ ရယ်သွမ်းသွေးရင်း …

"ဟဲ ဟဲ ဟဲ … နောက်ထပ်ပါဆယ်ဘူးဝါလေး ရောက်လာပြန်ပြီဆိုပါလား ဆားပုလင်းကြီးရဲ့၊ ဒီတစ်ခါလည်း မောင်ရင်တော့ သတင်းစာတွေရဲ့ နှပ်ပစ်တာခံရဦးတော့မယ်နဲ့ တူပါရဲ့ … ဟဲ ဟဲ ဟဲ"

ဟု သရော်လှောင်ပြောင်လိုက်စဉ် စင်္ကြံထောင့်ချိုးမှ ထွက်လာသည့် အိုင်ပီမောင်ဖြိုးက အသားမည်းအောင်ဖြိုး၏ ပခုံးကို ပုတ်လိုက်ကာ …

"ဟေ့လူ … ဘာကို မဦးမချွတ် ပြောပြန်ပြီလဲ၊ ခင်ဗျားဟာလေ တပ်ဖွဲ့ဝင်အချင်းချင်း ကူညီရိုင်းပင်းရမယ့်အစား ရှုတ်ချလှောင်ပြောင်ဖို့ပဲ တတ်တယ်"

ဟု အပြစ်တင်ခြင်းပြုရာ လူရဲက ပြုံးလိုက်ရင်း …



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ ကိုမောင်ဖြိုးရယ် . . . ကျွန်တော်လည်း တစ်ခါသေဖူးလို့ ပျဉ်ဖိုး နားလည်သွားပါပြီ၊ ဒီတစ်ခါတော့ လူသတ်တရားခံကို ကွိခနဲ မိရစေ့မယ်"

ဟု ပြောလိုက်ရာ အိုင်ပီအသားမည်းအောင်ဖြိုးက ပခုံးတွန့်ပြလိုက်တော့၏။

✺

ဖဲဝါပွင့်လူသတ်သမားတို့၏ သတ္တမမြောက်သားကောင်မှာ ကြည့်မြင်တိုင် နတ်စင်လမ်း၌ နေထိုင်သော ဦးခဲမောင်ဟု ခေါ်တွင်သည့် မုန့်ဖတ်ဖိုပိုင်ရှင် လူဝကြီးပဲ ဖြစ်ပါ၏။

အနီလူဝကြီး၏ အိမ်အောက်ထပ်တွင် မုန့်ဟင်းခါး မုန့်ဖတ်ဖိုရှိပြီး ဦးခဲမောင်တို့လင်မယားက အိမ်အပေါ်ထပ်မှာ နေလေသည်။

"ဩော် . . . ဆရာက C.I.D က စုံထောက်လား၊ အားဗျာ . . . ဟောဒီ ပါဆယ်စက္ကူဘူးဝါကလေး ရကတည်းက ကျုပ်မှာ နေမထိထိုင်မသာနဲ့ စိတ်တွေ ချောက်ချားနေတာဗျ"

ခု နှစ် ဝဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဆရာရယ်၊ ကိုခဲဆိုတာ အအိပ်ရော အစားပါ ချက်ချင်းပျက်သွားတာ၊ ရှေ့မှာလည်း လူခြောက်ယောက် အသတ်ခံရပြီးပြီ မဟုတ်လား။ ဆရာတို့ပုလိပ်စုံထောက်အဖွဲ့ကလည်း တရားခံတွေကို မဖော်ထုတ်နိုင်သေးဘူးလေ"

ဦးခဲမောင်၏ဇနီး ဒေါ်သန်းမြင့်ကပါ မျက်နှာထားညှိုးညှိုးဖြင့် ဝင်ပြောသည်။ လှရဲကမူ ဦးခဲမောင်၏မျက်လုံးများအထဲ စူးခနဲ စိုက်ကြည့်လိုက်ရင်း တည်ငြိမ်စွာ ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ဒီကအဒေါ်ပြောသလို ကျွန်တော်တို့ အင်းစိန်စီအိုင်ဒီအဖွဲ့ကလည်း တရားခံတွေကို မဖမ်းနိုင်သေးတာ အမှန်ပါ၊ ဒါကြောင့် လူသတ်သမားတွေဟာ သူတို့ရဲ့ သတ္တမမြောက်သားကောင်ဖြစ်တဲ့ ဦးကို ဒီနေ့နဲ့မနက်ဖြန် တစ်ရက်ရက်မှာ မထင်မှတ်တဲ့နေရာကနေ ပေါ်လာပြီး ရအောင်သတ်သွားတော့မှာ အမှန်ပဲ"

လှရဲ၏ ပြတ်သားသောမှတ်ချက်စကားကြောင့် ဦးခဲမောင်တို့ လင်မယားနှစ်ယောက်စလုံး၏မျက်နှာမှာ သွေးဆုတ်သလို ဖွေးခနဲ ဖြူသွားတော့၏။ ဦးခဲမောင်မှာ ဆောက်တည်ရာမရအောင် တုန်လှုပ်သွားပြီး ...

"ဟာ ... ဒါ ဒါဆို ဒီနေ့နဲ့မနက်ဖြန် တစ်ရက်ရက်မှာ





ကျုပ် ကျုပ် သေရတော့မှာပေါ့ ... ဟုတ်လား ဆရာ၊ ဆရာ ဆရာတို့က ကျုပ်ကို မကာကွယ်ပေးနိုင်တော့ဘူးလားဗျာ"

ဟု အတုန်လှုပ်ကြီး တုန်လှုပ်စွာ ပြောလိုက်တော့၏။

"ဒီလောက်လည်း ချောက်ချားတုန်လှုပ်မသွားပါနဲ့ ဦးလေးခဲမောင်ရယ်၊ ကျွန်တော် ဦးလေးရဲ့အသက်ကို ကယ်မ,ပေးနိုင်မှာပါ၊ အဲ ... တစ်ခုတော့ရှိတယ်"

"ဘယ် ... ဘယ်လိုတစ်ခုလဲ ဆရာ"

"ဒီလိုဗျာ ... ဖဲပွင့်ဝါဂိုဏ်းဟာ လူတွေကို ငွေကြေးဥစ္စာကြောင့် သတ်ဖြတ်တာမဟုတ်ဘဲ အငြိုးအတေး နာကြည်းမှုတစ်ခုခုကြောင့် သတ်နေတာ သေချာတယ်၊ အဲဒီလို လူတွေကို တန်းစီသတ်ဖြတ်နိုင်စေတဲ့ အဓိကအကြောင်းရင်းကိုသိရင် အဲဒီလူသတ်သမားတွေရဲ့ရန်က ကာကွယ်နိုင်မှာ အမှန်ပဲ ...၊

ဆဋ္ဌမ မြောက်သားကောင်ဖြစ်တဲ့ ရှေ့နေကြီးဦးကြွယ်နဲ့ အဲဒီကိစ္စ သေချာ မဆွေးနွေးလိုက်ရဘူး၊ သူကလည်း သူ့ရဲ့နောက်ကြောင်းကို သေချာမမှတ်မိဘူး ဖြစ်နေတယ်၊ ဒါကြောင့် ဖဲပွင့်ဝါတွေရဲ့ လက်ဦးမှုခံလိုက်ရတယ် ...၊

ဒီတော့ ဖဲပွင့်ဝါလူသတ်သမားတွေရဲ့ရန်ကနေ ဦးလေးကို ကျွန်တော်တို့ ကာကွယ်ပေးနိုင်ဖို့ဆိုတာ ဦးလေးဟာ ဖဲပွင့်ဝါ



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ဘယ်လိုပတ်သက်ခဲ့သလဲဆိုတာတွေကို မကွယ်မဝှက် မခြွင်းမချန် ပြောပြနိုင်မှ ဖြစ်မယ်''

ဤတွင် ဦးခဲမောင်မှာ ငေးငူငူကြီး ဖြစ်သွားတော့၏။

''ဦးလေးစဉ်းစားဖို့က ဦးလေးရဲ့ဘဝမှာ ဘယ်လိုလူတွေကို ဘယ်တုန်းက နာကြည်းလောက်စရာ အပြစ်လုပ်ခဲ့သလဲ ဆိုတာကိုပါပဲ၊ ဦးလေးလို ဖဲပွင့်ဝါတွေရဲ့အငြိုးထားခံရသူတစ်ဦးဦး ဆီက အတိတ်ဇာတ်ကြောင်းတစ်ခုခု သဲလွန်စတစ်ခုခုရရင် ကျွန်တော့်အဖို့ အဲဒီဖဲပွင့်ဝါ လူသတ်ကောင်တွေကို ဖော်ထုတ်ဖမ်းဆီးဖို့ မခက်လောက်ပါဘူး ...၊

သူတို့ကို ဖော်ထုတ်ဖမ်းဆီးနိုင်ရင် လူသတ်မှုတွေလည်း ဆက်မဖြစ်နိုင်တော့ဘူး။ ဒါကြောင့် အဲဒီလို အတိတ်အကြောင်းမျိုးရှိရင် ဖုံးဖိမထားဘဲ ပြောပြပါ။ ဒါမှလည်း ဖဲပွင့်ဝါတွေရဲ့ရန်က ဦးလေးကို ကျွန်တော်တို့ကာကွယ်ပေးနိုင်မှာပါ''

လူရဲ၏တိုက်တွန်းမှုကြောင့် ဦးခဲမောင်မှာ သက်ပြင်းကြီးရှိုက်လိုက်ကာ ကြိမ်ဆက်တီခုံ၏နောက်မှီကို ကျောကပ်လိုက်ပြီး စကားတစ်လုံးချင်း ခပ်ဖြည်းဖြည်း ပြောတော့သည်။

''အင်း ...ဖဲပွင့်ဝါလူသတ်သမားတွေနဲ့ ပတ်သက်သလား၊ မပတ်သက်ဘူးလားတော့ မသိဘူး။ မှတ်မှတ်ရရ ကျုပ်ရဲ့





ဘဝမှာ တစ်ကြိမ်တော့ လောဘကြောင့် အမှားလုပ်မိခဲ့ပါတယ် ရှာရယ်''

''ဟုတ်ပြီ ... ဘယ်လိုအမှားမျိုးပဲဖြစ်ဖြစ်ပေါ့ဗျာ၊ အမှန်အတိုင်း သေချာပြောပြပါ''

''အင်း ...ဖြစ်ပုံက ဒီလိုဗျ''

✹

www.burmeseclassic.com

www.burmeseclassic.com

"လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကျော်လောက်အချိန် မြန်မာ
ထဲ ဂျပန်ဖက်ဆစ်တွေဝင်မလာခင် ခြောက်လလောက်အ
ပေါ့၊ ဗိုလ်ချုပ်အောင်ဆန်းကို အင်္ဂလိပ်အစိုးရက ပုဒ်မ-
နဲ့ ဖမ်းဝရမ်းထုတ်ထားတဲ့အချိန် ...၊

မြန်မာ့လွတ်လပ်ရေးအတွက် မျိုးချစ်လူငယ်တွေ,
တွေ မြေပေါ်ရော မြေအောက်ပါလှုပ်ရှားမှုအမျိုးမျိုး ပြုလုပ်
အချိန်မှာပဲ ကျုပ်တို့လင်မယားဟာ ကျောချောင်း တော
ကမ်းက ပေါက်မြို့လေးရဲ့ အထက်ဘက်မှာရှိတဲ့ ချောင်းသ
ရွာလေးမှာ နေခဲ့ကြတယ် ...၊





ရွာကမ်းစပ်လှေဆိပ်မှာ ထမင်းဆိုင်ဖွင့်ထားတဲ့ ကျုပ်တို့
လင်မယားက ရွာထဲက အိမ်ကိုပိတ်ပြီး ကမ်းစပ်က ထမင်းဆိုင်
မှာပဲ ညအိပ်ညနေ နေခဲ့ကြတယ်၊ ရွာနဲ့ လှေဆိပ်အကြားမှာ
လယ်ကွင်းတွေ ခြားနေတယ်လေ၊ ဒါကြောင့် ညဘက်ဆို ချောင်း
ကမ်းစပ်ကထမင်းဆိုင်လေးမှာ ကျုပ်တို့လင်မယားနှစ်ယောက်
တည်းပေါ့ ...၊

တစ်ညမှာတော့ ညဆယ်နာရီကျော်ကျော်လောက်မှာ
မိုးဖွဲဖွဲလေးကျနေတုန်း လူတစ်ယောက်ဟာ ဆိုင်ကိုရောက်လာ
တယ်၊ သူ တံခါးခေါက်လို့ တံခါးဖွင့်ပေးလိုက်ရတယ်၊ ကျုပ်ရဲ့
မိန်းမကတော့ အိပ်ပျော်နေပြီ ...၊

အဲဒီမှာ ... သူက မကြာခင် ကျုပ်ရဲ့ဆိုင်ဆီ လူတစ်စု
ရောက်လာပြီး ညစာထမင်းစားကြ, တည်းခိုခွင့်တောင်းကြလိမ့်
မယ်တဲ့၊

အဲဒီအခါ တည်းခိုခွင့်ပြုပြီး ညစာလည်း ရှိတဲ့ဟင်းတွေ
နွှေးပြီးကျွေးလိုက်ပါတဲ့၊ ဒါထက် ကြက်သားဟင်းရောရှိလားတဲ့
မေးတယ်၊

ကျုပ်ကလည်း ရှိတယ်၊ လေးငါးယောက်စာတော့ ကျန်
တယ်လို့ ပြောလိုက်တော့ အဲဒီလူက ဒါဆို အဲဒီငှည့်သည်တွေ



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့အခါ ကြက်သားဟင်းပန်းကန်ကို ချကျွေးဖြစ်အောင် ချကျွေးပါတဲ့ . . . သေချာမှာတယ် . . .၊

ပြီးတော့ ဆေးအမှုန့်ထုပ်တစ်ထုပ်ကို ကျုပ်ကိုပေးတယ်၊ ကြက်သားဟင်းပန်းကန်ထဲမှာ အဲဒီအမှုန့်တွေ ဘယ်သူမှ မတွေ့အောင် ဖြူးထည့်ပြီးမှ ကျွေးပါလို့မှာတယ် . . .၊

အဲဒီအတွက် ကျုပ်ကို ငွေတစ်ထောင်ပေးတယ်၊ ငွေတစ်ထောင်ဆိုတာ နည်းနည်းနောနောငွေလား၊ ကျုပ်လုပ်ရမယ့်အလုပ်က လွယ်လွယ်လေးရယ်၊ ရမယ့်ငွေက မတန်တဆဆိုတော့ ကျုပ်ဖြင့် မယုံနိုင်လောက်အောင်ကို အံ့သြသွားတော့တယ်၊

ဒါနဲ့ ဘယ်သူတွေမို့ ဆေးခပ်မှာလဲ, ဘာလဲဆိုတာတောင် မမေးတော့ဘဲ အဲဒီအလုပ်ကို အလွယ်တကူလက်ခံလိုက်တယ် . . .၊

အဲဒီလူဟာ ကျုပ်ကို ငွေတစ်ထောင်ပေးတယ်၊ အဲဒီနောက် မှာစရာရှိတာမှာပြီးတာနဲ့ ဆိုင်ထဲကနေ ချက်ချင်း ပြန်ထွက်သွားတော့တယ် . . .၊

ကျုပ်လည်း မိန်းမကို မနှိုးတော့ဘဲ ထင်းမီးဖို ဖိုပြီး ဟင်းတွေပြန်နွေးလိုက်တယ်၊ လိုလိုမယ်မယ် ဆန်သုံးလုံးလောက် ထပ်ချက်လိုက်တယ်၊ အဲဒီနောက် ရေနွေးအိုးဆက်တည်နေတုန်း





မှာပဲ ဆိုင်ရှေ့က ခြေသံတွေကြားရပြီး တံခါးလာခေါက်တော့တာပဲ . . .၊

ကျုပ် ဆိုင်တံခါးကိုဖွင့်ပေးလိုက်တော့ ဆိုင်တံခါးဝမှာ ခမောက်ဆောင်းထားတဲ့လူတစ်စုကိုတွေ့ရတယ်၊ လူက အားလုံးပေါင်း ခုနစ်ယောက်လောက်ရှိမယ် . . .၊

အဲဒီမှာ လူတစ်ယောက်က ကျုပ်တို့ဒီဆိုင်မှာ သုံးယောက်တည်းမယ်၊ ညစာလည်း စားမယ်၊ မနက်မှ စောစောခရီးဆက်ထွက်မယ်လို့ပြောတယ်၊

ကျုပ်ကလည်း ရပါတယ်, လာပါ ဘာညာနဲ့ ကြိုဆိုရတာပေါ့ ဆရာရယ်၊ အဲဒီမှာ လူသုံးဦးက ကျုပ်ရဲ့ဆိုင်ထဲဝင်လာပြီး နောက်လူလေးငါးယောက်လောက်က စိတ်ချမယ်နော်လို့ ကျန်ရစ်ခဲ့သူတွေကိုမှာပြီး ကမ်းနားကနေ ပြန်ဆင်းသွားကြတော့တယ် . . .၊

အဲဒီတော့မှ ကမ်းစပ်ဆီ ကျုပ်လှမ်းကြည့်လိုက်တော့ မော်တော်လေးတစ်စီး ရပ်ထားတာကိုတွေ့ရတယ် . . .၊

အဲဒီနောက် မော်တော်ဟာ မြစ်ရေစီးအတိုင်း စက်သံကြားရအောင် ညဦးအမှောင်ကြီးထဲမှာ မျောသွားတော့တယ်၊

ကျုပ်လည်း ညသည်သုံးယောက်ကို ဆိုင်ထဲခေါ်သွင်း



www.burmeseclassic.com

www.burmeseclassic.com



နေရာချထားပေးပြီး ထမင်းပွဲပြင်ပေးလိုက်တယ် ...။

ကြက်သားဟင်းပန်းကန်ထဲလည်း ဆေးမှုန့်ကို ဘယ်သူ မှမမြင်နိုင်တဲ့ မီးဖိုနေရာမှာပဲ ဖြူးလိုက်တာပေါ့ ဆရာရယ် ...

အဲဒီနောက် ကြက်သားဆီပြန်ဟင်းပန်းကန်နဲ့အတူ သမျှ ဟင်းပန်းကန်တွေ ချကျွေးလိုက်တယ် ...။

သူတို့သုံးဦးထဲက နှစ်ယောက်က လူငယ်သာသာတွေ ကျန်တဲ့တစ်ယောက်ကတော့ အသက်ပိုကြီးတဲ့လူရွယ်ဗျ။

သူတို့စားသောက်ပြီးတာနဲ့ အိပ်ချင်တယ်ဖြစ်လာ ရော၊ ဒါနဲ့ ကျုပ်လည်း ဆိုင်ရှေ့ခန်းမှာပဲ စားပွဲတွေဆက်ခင်း အိပ်ဖို့ပြင်ပေးရတာပေါ့ ...။

သူတို့ကတော့ နိုင်ငံရေးစကားတွေ ပြောနေကြတယ် သူတို့ဟာ နိုင်ငံရေးသမားတွေလို့ ကျုပ်ထင်လိုက်ပေမယ့် မစ ရဲတာနဲ့ မစပ်စုပါဘူး ...။

ခဏအကြာမှာပဲ ကြက်သားဟင်းစားခဲ့တဲ့သူသုံးဦးစ ဟာ တခေါ်ခေါ်နဲ့ အိပ်ပျော်သွားတော့တယ်၊ အဲဒီတော့မှ ကြ သားဟင်းပန်းကန်ထဲ ကျုပ်ထည့်လိုက်တဲ့ဆေးမှုန့်တွေဟာ အ ဆေးတွေဆိုတာ သိလိုက်ရတော့တယ် ...။

တစ်အောင့်လောက်ကြာတော့ ဆေးခပ်နိုင်းခဲ့တဲ့ မိုး





ဆိုတဲ့လူဟာ ဆိုင်ထဲပြန်ဝင်လာပြီး တိုင်တစ်တိုင်ကိုမှီထိုင်လို့ ဆေးပေါ့လိပ်ကို ထောင်းထောင်းထအောင် ဖွာနေတော့တယ်၊ သူက ကျုပ်ကိုလည်း စကားမပြောဘူး ...။

ကျုပ်ဟာ အဲဒီအချိန်မှာ ငါလုပ်တာမှားများသွားပြီလား လို့ စတင်တုန်လှုပ်လာတော့တယ် ...။

အပြစ်ကင်းစင်တဲ့မျက်နှာလေးတွေနဲ့ ပိုးလိုးပက်လက် အိပ်ပျော်နေတဲ့ လူငယ်သာသာသုံးဦးကို ကြည့်လိုက်၊ မျက်မှောင် ကြီးကုတ်ပြီး မျက်နှာထားတည်တည်နဲ့ ထိုင်နေတဲ့ မိုးကြီးကို ကြည့်လိုက်လုပ်ရင်း ကျုပ်ဟာ ဘာတွေ ဆက်ဖြစ်လာမလဲလို့ ရင်ထိတ်ပူပန်နေမိတော့တယ် ...။

ညဥ့်အတော်နက်လာပြီး သန်းခေါင်ယံရောက်လုလုမှာပဲ မျက်နှာထားတည်တည်နဲ့မိုးကြီးဟာ ကျုပ်ကို ထမင်းဖိုးတွေရော တစ်ညတာ တည်းခိုစရိတ်ကျသင့်ငွေတွေရော ရှင်းပေးပြီး ဒီည အဖို့ တွေ့မြင်လှုပ်ရှားခဲ့သမျှကို ဘယ်သူ့မှမပြောဖို့ ကတိတောင်း တယ် ...။

အဲဒီကတိကို စောင့်ထိန်းဖို့အတွက် နောက်ထပ်ငွေတစ် ထောင်ပေးမယ်လို့ ပြောတယ် ...။

ငွေတစ်ထောင်ကြီးတောင် ထပ်ရမယ်ဆိုတော့ ကျုပ်ပြင်း



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာလိုက်တာ၊ ဒါကြောင့် စိတ်ချ၊ မပြောဘူးလို့ ကတိပေး
လိုက်တယ် ...၊

အဲဒီမှာ သူက ငွေတစ်ထောင်ထုတ်ပေးတယ် ...

ခဏလေးအကြာမှာပဲ၊ နွားလှည်းတစ်စီး ဆိုင်ရှေ့ထိုး
လာတဲ့အသံကြားရတယ် ...၊

မိုးကြီးက ဆိုင်ရှေ့တံခါးဖွင့်လိုက်ပြီး ကျုပ်ကို ငိုင်း
သယ်ပေးဖို့ပြောတယ် ...၊

အဲဒါနဲ့ အကြီးအကျယ် အိပ်မောကျနေကြတဲ့ လူသုံး
ကို ပွေ့မပြီး နွားလှည်းပေါ်တင်ကြရတယ် ...၊

ပြီးတာနဲ့ မိုးကြီးက ကတိတည်နော်၊ ကတိမတည်
တော့ ခင်ဗျားတို့လင်မယားနှစ်ယောက်စလုံး ခေါင်းမရှိတဲ့ လ
ကတုံးတွေ ဖြစ်သွားမယ်လို့ ကြိမ်းဝါးသွားသေးတယ် ...၊

ကျုပ်လည်း သူတို့ရဲ့လှည်း အမှောင်ထုထဲ ဝင်ရော
ပျောက်ကွယ်သွားမှ ဆိုင်တံခါးပြန်ပိတ်ပြီး သက်ပြင်းကော
ကောင်း ချနိုင်တော့တယ် ...၊

ဒါပေမဲ့ တစ်ညတည်းနဲ့ ငွေနှစ်ထောင်ကြီးတောင်
လိုက်လို့ ကျုပ် ဝမ်းသာလုံးဆို့နေခဲ့တာတော့ အမှန်ပဲ၊ ဒါပေ
စိတ်ထဲတော့ စနိုးစနောင့် ဖြစ်နေတယ် ...၊





အင်း ...ဒီလူတွေရဲ့လုပ်ရပ်က သွေးရိုးသားရိုးတော့
မဟုတ်နိုင်ဘူး။ သင်းတို့ဟာ ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ လျှို့ဝှက်
လှုပ်ရှားနေကြတာလဲ မသိဘူး။ သူတို့ဟာ ဘယ်လိုလူမျိုးတွေ
မှန်းကို မသိဘူး ...၊

အေးလေ ...ဘာပဲဖြစ်ဖြစ် ဒီညအဖို့ ငါ အကျိုးအ
မြတ်အတော်ရှိသွားတာတော့ အမှန်ပဲ၊ အဲ ဟိုလူသုံးယောက်ကို
သူတို့ဘာလုပ်ကြမလို့လဲ မသိဘူး။ ဘုရား ဘုရား ...မကြား
ဝံ့မနာသာ ပိုးစိုးပက်စက်အဖြစ်မျိုးတွေ မဖြစ်ပါစေနဲ့ ...၊

ကျုပ်ဟာ အဲဒီလိုအတွေးတွေ ယောက်ယက်ခတ်ရင်း
အဲဒီညက မိုးလင်းလုလုမှ အိပ်ပျော်သွားခဲ့ရတယ် ဆရာရေ''

လူရဲသည် ဦးခဲမောင်ပြောသမျှကို စိတ်ရှည်လက်ရှည်
ဂရုစိုက်နားထောင်နေရာမှ မေးခွန်းထုတ်လိုက်လေသည်။

''အိပ်ဆေးခပ်ခံရတဲ့လူသုံးယောက် ဘာဖြစ်သွားတယ်
လို့ ကြားရသလဲ ဦးလေး''

ဦးခဲမောင်က အိမ်ပေါ်ထပ် ပြတင်းပေါက်မှ လှမ်းတွေ့
နေရသော ရွှေ့လျားနေသည့် တိမ်စိုင်တိမ်ခဲဖြူဖြူတို့ကို ငေး
ကြည့်ရင်း သက်ပြင်းချလေသည်။

''ဟင်း ...သူတို့ရဲ့သတင်း မကြားရခင်တစ်ရက်မှာ



www.burmeseclassic.com

www.burmeseclassic.com



မိုးကြီးပြန်ရောက်လာပြီး ကျုပ်ကို ငွေတစ်သောင်း ထပ်ပေးခဲ့တယ်''

ထို့နောက် တုံ့ဆိုင်းဆိုင်းဖြင့် တစ်လုံးချင်းပြောသည်။

''မကြာပါဘူး ... နောက်သုံးရက်လောက်အကြာမှာပဲ အဲဒီ အိပ်ဆေးခပ်ခံခဲ့ရတဲ့ လူသုံးယောက်ရဲ့ ကြမ္မာကို ကြားရတော့တာပါပဲ ...၊

အဲဒီလူသုံးယောက်စလုံးဟာ တို့ဗမာအစည်းအရုံးဝင်သခင်တွေဆိုတာ သိရတယ်၊ သူတို့သုံးဦးကို ထီးလင်းမြို့က စားသောက်ဆိုင်တစ်ခုရဲ့အပေါ်ထပ်မှာ အင်္ဂလိပ်စစ်ပုလိပ်တွေက ဖမ်းမိသွားခဲ့တယ် ...၊

သူတို့တည်းတဲ့အခန်းထဲမှာ ဗြိတိသျှအစိုးရဆန့်ကျင်ရေး စာရွက်စာတမ်းတွေနဲ့ ကျုပ်ရဲ့ဆိုင်က ထွက်သွားပြီးတဲ့နောက်နေ့ မနက် ၉ နာရီလောက်မှာ သူတို့အိပ်ပျော်နေတုန်း လက်ပူးလက်ကြပ် ဖမ်းမိခဲ့တာပါပဲ ...၊

သူတို့ကို ပခုက္ကူခရိုင် ရာဇဝတ်ဝန်က ဖမ်းဝရမ်းထုတ်ထားလို့ ရှောင်ပုန်းပြေးရင်း အဖမ်းခံခဲ့ရတာလို့ သိရတယ် ...၊

သူတို့ရဲ့သတင်းကို ကြားကြားချင်း ကျုပ်ဖြင့် စိတ်မကောင်းလိုက်တာ၊ ကျုပ်တို့ နိုင်ငံလွတ်လပ်ရေးရဖို့ ကိုယ်ကျိုး





စွန့်လှုပ်ကိုင်နေတဲ့ မျိုးချစ်သခင်သုံးဦးဟာ ကျုပ်ခပ်ခဲ့တဲ့ အိပ်ဆေးတွေကြောင့် စစ်ပုလိပ်တွေရဲ့ အလွယ်တကူ ဖမ်းဆီးတာခံရတာပဲလို့ တွေးမိပြီး စိတ်အတော်ထိခိုက်ခဲ့ရတယ် ...၊

အဲဒီသခင်သုံးဦး တည်းတဲ့အခန်းထဲမှာ လက်ပစ်ဗုံးတစ်လုံးနဲ့ ပြောင်းတိုသေနတ် နှစ်လက်ရယ်, ကျည်ဆန်တွေရယ်ပါ သိမ်းဆည်းရမိလို့ သူတို့ကို အစိုးရပုန်ကန်သူအဖြစ်ပါ သတ်မှတ်ပြီး ပခုက္ကူရာဇဝတ်တရားရုံးမှာ စွဲချက်တင်ခဲ့တယ်လေ ...၊

သခင်သုံးဦးဘက်က မျိုးချစ်ရှေ့နေတွေ လိုက်ပေမယ့် အဲဒီတုန်းက ပခုက္ကူရာဇဝတ်တရားရုံးမှာ နာမည်ကြီးလှတဲ့ ဆွဲချရှေ့နေ ဦးကြာယုရဲ့ စွဲချက်တင်မှုတွေက ပြင်းထန်ခိုင်မာလှတဲ့အတွက် အဲဒီသခင်သုံးယောက်စလုံးဟာ သေဒဏ်ကျခံသွားရတယ် ...၊

ကျုပ်ဟာ ပခုက္ကူကလာတဲ့ မော်တော်သမား, သစ်ဖောင် ဝါးဖောင်သမားတွေဆီကနေ အဲဒီသတင်းတွေကြားရတော့ အတော်စိတ်မကောင်း ဖြစ်မိရတယ် ...၊

နောက် ဂျပန်ခေတ်ရောက်တော့ ရွာမှာ သခင်,တချို့နဲ့ ဂျပန်တွေ ဝင်တာထွက်တာတွေ တွေ့လာရတယ်၊ အဲဒီမှာတင်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဟာ ကျောမလုံဖြစ်လာပြီး ရွာထဲကအိမ်နဲ့ ကမ်းနားက ဆိုင်ကို ရောင်းပြီး အောက်ပြည်အောက်ရွာ ဆင်းလာခဲ့ကြရာက ဒီရန်ကုန်မှာ အခြေချမိခဲ့တာပါပဲ ဆရာ''

ဦးခဲမောင်၏စကားအဆုံးတွင် လူရဲသည် မည်သည့် ထင်မြင်ချက်မှ မပေးဘဲ တစ်စုံတစ်ရာကို တွေတွေကြီး စဉ်းစား လျက်ရှိတော့၏။

အတန်ကြာမှ သူသည် ခါးဆန့်လိုက်ပြီး မေးခွန်းထုတ် သည်။

''အဲဒီသခင်သုံးယောက်ဆိုတာ ဘယ်သူတွေလဲ''

''အင်း ...သူတို့ရဲ့နာမည်တွေက သခင်လှကောင်း ရယ်, သခင်ရွှေသွေးနဲ့ သခင်ငွေသွေးတို့ပဲဗျ၊ ကျုပ်ရဲ့ဘဝမှာ မှတ်မှတ်ရရ ယူကျုံးမရဖြစ်ခဲ့ရတဲ့ အမှားဆိုလို့ အဲသဟာပဲ ရှိပါတယ်ဗျာ ...၊

တကယ်တော့ ကျုပ်ဟာလည်း မျိုးချစ်စိတ်ရှိသူတစ်ဦး ပါ၊ သခင်တွေ ဒုက္ခရောက်စေမယ့် အလုပ်မှန်းသိရင် ငွေဘယ် လောက်ပဲ ရရ ...မလုပ်ပါဘူးဗျာ၊ ကူညီရင်သာ ကူညီလိုက် မယ်''

ဤတွင် ဒေါ်သန်းမြင့်က သူ့ယောက်ျားကို တံတောင်နှင့်





မသိမသာတွက်ရင်း ...

''အို ...ရှင်ကလည်း ဘာတွေပြောနေတာလဲ၊ ပုလိပ် အရာရှိရှေ့မှာ''

ဟု စိုးရိမ်သံဖြင့် တိုးတိုးသတိပေးလိုက်ရာ လူရဲက ပြုံးပြီး ...

''ကိစ္စမရှိပါဘူး အဒေါ်ရယ် ...ပြောပါစေ၊ ဝါသနာ အရ စုံထောက်လုပ်ပြီး အင်္ဂလိပ်အစိုးရရဲ့ လစာရိက္ခာကို စားနေ ပေမယ့် ကျွန်တော်လည်း မျိုးချစ်စိတ်ဓာတ်ရှိသူပါဗျာ''

ဟုပြောလိုက်မှ ဒေါ်သန်းမြင့်က တော်သေးတာပေါ့ဟု စက်ပြင်းချပြီး ပြောရှာလေသည်။

''အင်း ...ကျုပ်ရဲ့အဖြစ်ဟာ ဖဲပွင့်ဝါလူသတ်သမား တွေနဲ့ ပတ်သက်ဆက်နွှယ်မှု ရှိ,မရှိတော့ မသိဘူး ဆရာရေ၊ စောစောကပြောသလို အမှားမျိုးတော့ ကျုပ် ကျူးလွန်မှုးတာပါပဲ ဗျာ''

''ဦးလေးဦးခဲမောင်ရဲ့ ပြောပြချက်အရဆိုရင် ဖဲပွင့်ဝါ လူသတ်သမားတွေနဲ့ ကျိန်းသေပတ်သက်နေတယ်ဗျ၊ ဘာဖြစ်လို့ လဲဆိုတော့ အဲဒီသခင်သုံးယောက်ကို ကြိုးစင်ပေါ်ရောက်အောင် တွန်းပို့ခဲ့သူဟာ ဝတ်လုံတော်ရကြီးဦးကြာယု ဖြစ်နေတယ် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား ဦးကြာယုကို ဖဲပွင့်ဝါတွေက ဟောဒီလို ပါဆယ်ဘူးဝါလေး ပေးပို့ပြီး သတ်ခဲ့တာပဲလေ၊ ဒါကြောင့် ဖဲပွင့်ဝါတွေဟာ သခင် သုံးယောက်ကိုစွန့် ပတ်သက်နေလိမ့်မယ်ဗျ''

ဦးခဲမောင်က သက်ပြင်းကြီးချလိုက်ပြီး ညည်းညည်း ညူညူ ပြောသည်။

''ဟင်း ... ဒါ ဒါဆိုရင်တော့ ကျုပ် ကျုပ်လည်း ဦး ကြာယုလိုပဲ အသတ်ခံရတော့မယ် ထင်ပါရဲ့ဗျာ''

''ဒီလောက်လည်း စိတ်မပျက်သွားပါနဲ့ ဦးလေးရယ်၊ ကျွန်တော်ဟာ ခုအချိန်ကစပြီး ဦးလေးရဲ့အနားမှာ တစ်စက္ကန့် မလပ်ရှိနေမှာပါ ...၊

ပြီးတော့ ကျွန်တော်တပည့် ပုလိပ်စုံထောက်လေး နှစ် ယောက်ကလည်း ဒီအိမ်အောက်ထပ်မှာ မှန်ညှစ်သမားတွေအ ဖြစ် ဟန်ဆောင်ရှိနေကြမှာပါ၊ ကျွန်တော်တို့ရဲ့ တစ်ရံမလပ် စောင့်ကြပ်မှုကြောင့် ဖဲပွင့်ဝါတွေ အနားတောင် သီနိုင်မှာ မဟုတ် ပါဘူး''

ဤတွင်မှ ဦးခဲမောင်မှာ အားတက်သွားရှာတော့၏။

''အေး အေးဗျာ ... အားကိုးပါတယ် ဆရာတို့ရယ်၊ ကျုပ် ကျုပ်ကိုစောင့်ရှောက်ပေးကြပါဗျာ၊ ဆရာတို့ ရှိနေရင်





တော့ ကျုပ်ကို သင်းတို့ ဘယ်လိုမှ အန္တရာယ်ပြုနိုင်မှာ မဟုတ်ပါ ပါဘူး''

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



## မာယာရှင်၏လှည့်ကွက်

ထိုနေ့က နေကုန်သည့်တိုင်အောင် မည်သို့မျှ ထူးခြားမှု မတွေ့ရချေ။

လူရဲက ဦးခဲမောင်တို့လင်မယားနေထိုင်သည့် တိုက်ခံ ပျဉ်ထောင်အိမ်ကြီး၏ အပေါ်ထပ် အိမ်ရှေ့ခန်းမှာ ပက်လက် ကုလားထိုင်တစ်လုံးဖြင့်ထိုင်ရင်း ကရေဗင်အေစီးကရက်ကို တစ် လိပ်ပြီးတစ်လိပ် ဖွာလျက်စောင့်ကြပ်နေလေသည်။

သူ၏တပည့် စာသင်ပုလိပ်လေးနှစ်ယောက်ကလည်း အိမ်အောက်မြေညီထပ်တွင် မုန့်ညှစ်သမားတို့ကို ဝိုင်းကူလုပ် ရင်း မုန့်ညှစ်သမားများအဖြစ် ဟန်ဆောင်ကာ စောင့်ကြပ်လျက်





ရှိပေ၏။

ယင်းသို့ ပုလိပ်စုံထောက်များက စောင့်ကြပ်ပေးနေခြင်း ကြောင့်လည်း ဦးခဲမောင်တို့ဇနီးမောင်နှံမှာ လွန်စွာ စိတ်သက်သာ ရာ ရလျက်ရှိလေသည်။

သူတို့လင်မယားက လူရဲတို့အား ကျေးဇူးတင်အားနာနေ သာကြောင့်လည်း လက်ဖက်ရည်ချိန် လက်ဖက်ရည်၊ ထမင်း ချိန် ထမင်းဖြင့် ဖွယ်ဖွယ်ရာရာ လောကွတ်ပျူငှာစွာ ကျွေးမွေး ည့်ခံခြင်း ပြုလေ၏။

သို့ဖြင့် ညမိုးချုပ်လာရာ ညစာစားသောက်ပြီးနောက် လူရဲမှာ အိမ်ပေါ်ထပ် အိမ်ရှေ့ခန်းမှာပင် ဦးခဲမောင်တို့လင်မယား နှင့် စကားစမြည် ပြောလျက်ရှိလေသည်။

သို့ရှိစဉ် လူရဲက ပုလိပ်စာသင်လေးနှစ်ဦးကို အိမ်ပေါ် ထပ်သို့ ခေါ်ပြောရ၏။

''မောင်ဌေးအောင်နဲ့ မောင်ပြုးချို ... မင်းတို့နှစ် ယောက်အတွက် အောက်ထပ်မှာ ခြင်ထောင်ထောင်ပေးလိမ့်မယ်၊ နိုးကြားကြားနဲ့ အိပ်ကြ ...၊

အလုပ်သမားတွေကတော့ သူတို့အလုပ် သူတို့ဆက်လုပ် ပြီး ညဆယ့်တစ်နာရီလောက်ကျရင် စက်ဘီးတွေနဲ့ မုန့်ဖက်



www.burmeseclassic.com

www.burmeseclassic.com



တောင်းတွေ လိုက်ပို့ကြလိမ့်မယ်၊ မင်းတို့ကတော့ တစ်ယော တစ်လဲစီ အိပ်ပြီး သတိဝီရိယနဲ့နေကြ . . . ကြားလား''

''ဟုတ်ကဲ့ ဆရာလူရဲ''

''အေး . . . အဲဒါဆို အောက်ထပ်မှာ သွားစောင့်နေကြ တော့၊ ထူးခြားတာနဲ့ ဝီစီကိုမှုတ်''

''ဟုတ်ကဲ့''

ပုလိပ်စာသင်ဖွေးအောင်နှင့်ပြုံးချိုတို့ ပြန်ဆင်းသွားသည် တွင် ဦးခဲမောင်က ရေနွေးကြမ်းတစ်ခွက်ငှဲ့သောက်ရင်း အားပ တရှုပြုံးကာ ပြောသည်။

''ဆရာတို့ ဆရာတပည့်တွေရဲ့ တာဝန်ကျေပွန်မှု၊ လုံ့လ ဝီရိယကြီးမားမှုတို့ကတော့ လွှတ်အားရစရာပဲဗျာ၊ ဒီလောက် လုံခြုံရေးကောင်းနေမှတော့ ဖဲပွင့်ဝါတွေ ကျုပ်တို့ရဲ့အိမ်နာ တောင် သိနိုင်ဖွယ်မမြင်ပါဘူး''

ဦးခဲမောင်ကတော် ဒေါ်သန်းမြင့်ကလည်း နှမ်းဆီရွှဲနေ နေသည့် ငါးရံ့ခြောက်ပန်းကန်ကို ရေနွေးကြမ်းဝိုင်းတွင် လာ ပေးရင်း . . .

''ဟုတ်ပါတော် . . . ဆရာတို့ကတော့ ပြည်သူကို စောင့် ရှောက်တဲ့နေရာမှာ တော်ပါပေတယ်၊ ကျွန်မဖြင့် အမှန်အတိုင်း





ပြောရရင် အရင်က ပုလိပ်တွေဆို ကြည့်မရပါဘူး၊ ခုလို ကိုယ် တိုင် ဘေးဒုက္ခကြုံလာရမှ ဆရာတို့ပုလိပ်အဖွဲ့ဟာ တကယ့် အားကိုးအားထားရာမှန်း သိလာရပါတော့တယ် . . .၊

ဆရာတို့သာ ခုလို လာမစောင့်ရှောက်ရင် ကျွန်မတို့လင် မယား ဒီညအဖို့ အိပ်ပျော်နိုင်မှာ မဟုတ်ပါဘူး၊ ကျေးဇူးကြီးပါရဲ့ ရှင်''

ဟု ပြုံးချိုစွာ ကျေးဇူးစကား ဆိုနေချေ၏။

ထိုစဉ် အောက်ထပ်မှ အလုပ်သမားလေးတစ်ဦး လှေ ကားအတိုင်း တက်လာပြီး . . .

''ဦးလေး . . . ရပ်ကွက်လူကြီး ဦးလေးစိုးမောင် လာလို့ ''

ဟု သတင်းပို့လေ၏။

ဦးခဲမောင်လည်း ကြိမ်ဆက်တီခုံမှထကာ . . .

''ဦးစိုးမောင်ကို အိမ်ပေါ်ခေါ်ခဲ့လေကွာ မောင်ထောင်း''

ဟု ပြန်ပြောရင်း လှေကားထိပ်သို့ သွားမည်ပြုစဉ် လှေကားအတိုင်း အသက် ၅၀ ကျော်ခန့် လူကြီးတစ်ဦး တက် လာသည်ကို တွေ့ရလေသည်။

''ဟော ဦးစိုးမောင် . . . လာဗျာ၊ ကြွပါခင်ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



ဦးခဲမောင်က သူတို့၏ ရပ်ကွက်လူကြီးအား လေးလေးစားစားဖြင့် ကြိမ်ဆက်တီခုံတစ်လုံးတွင် နေရာချထားပေးလေ၏။

အသားလတ်လတ်နှင့် အတန်ငယ်ဝသော ရပ်ကွက်လူကြီးမှာ ဆက်တီခုံတွင်ထိုင်ရင်း ကွဲ့ကော်ကိုင်းမျက်မှန်အောက်မှ မျက်လုံးရှူးရှူးတို့ဖြင့် သူနှင့်မျက်နှာချင်းဆိုင်၌ ထိုင်နေသော လူရဲအား အကဲခတ်ကြည့်လိုက်လေသည်။

လူရဲကလည်း တည်ငြိမ်သောမျက်နှာပိုင်ရှင် ရပ်ကွက်လူကြီးအား မသိမသာ အကဲခတ်ကြည့်လိုက်လေသည်။

မာဖလာအနီကြားကို လည်ပင်းမှာပတ်လျက် ခေါင်း၌ သိုးမွေးဆွယ်တာဦးထုပ်ကို ခံညားစွာ ဆောင်းထားပြီး ကုတ်အကျႌရှည်ကြီးနှင့် ပုဆိုးအကွက်ကျဲကြီး ဝတ်ထားသည့် ရပ်ကွက်လူကြီးက ဆက်တီခုံ၌ ကျောမှီရင်း ပါးစောင်တွင်ခဲထားသော ဆေးတံကို အေးဆေးစွာ ဖွာရှိုက်လိုက်ပြီးနောက် လာရင်းစကားကို ဆိုသည်။

"ကိုခဲမောင် ... ခင်ဗျားရဲ့အိမ်မှာ မျက်နှာစိမ်းဧည့်သည်တွေ ရောက်နေတယ်လို့ သတင်းကြားလို့ လာကြည့်တာဗျ"

"ဩော် ... ဟုတ်ပါတယ် ဦးစိုးမောင်၊ ဟို ... ကျွန်





လည်း လာပြီးအကြောင်းကြားမလို့ပါ၊ ဒါပေမဲ့ သူတို့ကလည်း ဒီအိုင်ဒီက ပုလိပ်အရာရှိတွေပါ ခင်ဗျာ"

ရပ်ကွက်လူကြီး၏ မျက်ခုံးမွေးတုတ်တုတ်ကြီးတို့ အပေါ်သို့ မြင့်တက်သွား၏။

လူရဲက သူ၏ဝန်ထမ်းကတ်ကို ထုတ်ပြလိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်တော် ဆားပုလင်းလူရဲပါ၊ အရေးပေါ်အခြေအနေတစ်ခုကြောင့် ဒီကဦးခဲမောင်တို့လင်မယားကို သာစောင့်ရှောက်နေတာပါ ခင်ဗျာ"

"ဩော် ဒီလိုလား ... ဘယ် ဘယ်လို အရေးပေါ်အခြေအနေများလဲကွယ်"

"အခု ရန်ကုန်မှာ ဖဲပွင့်ဝါလူသတ်သမားတွေရဲ့ လက်ချက်နဲ့ လူခြောက်ဦးသေဆုံးခဲ့ရတာကို ဦးလေးလည်း ကြားသိပြီးဖြစ်မှာပါ"

"ဩော် ... အင်း ... ကြားပါတယ်၊ ကြားပါတယ်"

"ဟုတ်ကဲ့ ... အဲဒီ ဖဲပွင့်ဝါတွေက ဦးလေးဦးခဲမောင်ကို သူတို့ရဲ့ သတ္တမမြောက်သားကောင်အဖြစ် ခြိမ်းခြောက်စာပို့ထားပါတယ်၊ အဲဒါကြောင့် ကျွန်တော်တို့က သတင်းရပြီး လာစောင့်ရှောက်ပေးနေကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဩော် . . . ဒီလိုလား၊ ဒါဆိုရင်တော့ ကောင်း လေ့ကွယ်၊ ဒါထက် မောင်ရင်တို့က သုံးယောက်ဆို"

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော့်တပည့်နှစ်ယော က အောက်ထပ်မှာရှိပါတယ်"

"ရှေ့ . . . အတော်နေရာကျတာပါလား၊ ကျုပ်ရဲ့ ကွက်သူ ရပ်ကွက်သားတွေကို ခုလို တခုတ်တရ လာစေ ရောက်နေတာ ကျေးဇူးပါပဲကွယ်၊ ကျုပ်ကဖြင့် အခြားသူစိမ်းေ မှတ်လို့ . . .၊

ခုဟာက လွတ်လပ်ရေးတောင်းဆိုနေတဲ့ကာလမို့ ပြ ရွာ မငြိမ်မသက်ဖြစ်နေလေတော့ လူစိမ်းသူစိမ်း ရပ်ကွက် ရောက်လာတယ်ဆို သတင်းကြားတာနဲ့ ကိုယ်တိုင်ဆင်း စစ်ေ နေရတယ်ကွဲ့၊ ဒီမှာတော့ စိတ်ချပါပြီ၊ ကဲ . . . ကျုပ်ကိုခွင့်ပြု မသန်းမြင့်ရေ ပြန်ပြီ"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ဦးခဲမောင်က ရပ်ကွက်လူကြီးကို လှေကားထိပ်သို့ လိုက် ပို့သည်။

"ကိုခဲမောင် . . . ကျုပ်ဆီလည်း မြို့နယ်ကနေ သတ တစ်ခု ဝင်ထားတယ်ဗျ၊ လာ . . . အောက်ကျမှပြောမယ်"





လူရဲက ကြိမ်ဆက်တီခုံပေါ် ကျောမှီထိုင်ရင်း စီးကရက် ခဲထားလျက်မှ ဦးခဲမောင်တို့ကို လှမ်းကြည့်နေသည်။

ရပ်ကွက်လူကြီးက ဦးခဲမောင်အား ပခုံးဖက်ကာ တစ်စုံ တစ်ရာ တီးတိုးပြောရင်း သူတို့နှစ်ဦး လှေကားမှ တစ်ထစ်ချင်း ဆင်းသွားကြသည်ကို လူရဲနှင့်ဒေါ်သန်းမြင့်တို့ ကြည့်နေကြ၏။

ဒေါ်သန်းမြင့်၏မျက်နှာကမူ ရပ်ကွက်လူကြီးက သူ့လင် တော်မောင်ကို တရင်းတနှီးဆက်ဆံသဖြင့် သဘောကျစွာ ပြုံးလို့။

"အဲဒီရပ်ကွက်လူကြီးက မြင်းလှည်းဆယ်စီးလောက် ထောင်ထားတာလေ၊ ပိုက်ဆံရှိတော့ မာနလည်းကြီးတယ်၊ တော် လူကို အဖက်လုပ်တာမဟုတ်ဘူး၊ ဒီအိမ်တောင် ခုမှ ရောက်ဖူး တာ"

ဒီအိမ်တောင် ခုမှ ရောက်ဖူးတာဟူသော ဒေါ်သန်းမြင့် စကားကို သံယောင်လိုက်လျက် စိတ်ထဲမှ ရေရွတ်မိရင်း ထို ဘား၏ထူးခြားမှုကို သတိပြုမိလိုက်ရာ လူရဲ၏ရင်ဝယ် စိုးရိမ်မှု စ်ခုက သံသယအတွေးနှင့်အတူ လှစ်ခနဲ ဖြစ်ပေါ်သွား၏။

တစ်ကြိမ်တစ်ခါမျှ မလာရောက်ဖူးသည့် ရပ်ကွက်လူ ကြီးက တိုက်တိုက်ဆိုင်ဆိုင် ခုအချိန်ကျမှ လာရတယ်လို့။

သူ၏မျက်လုံးထဲတွင် ဝတ်လုံတော်ရ ဦးကြာယုထံ အမှု

www.burmeseclassic.com



လာအပ်သည့် အဘိုးအိုကို ဖျတ်ခနဲ မြင်ယောင်လိုက်ရာ ခေါ်
မွေးတို့ ထောင်ခနဲဖြစ်သွားပြီး ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်
လေသည်။

ပြီးသည်နှင့် လှေကားထိပ်ဆီ အပြေးအလွှားသွားရော
ရာ သူ၏အထိတ်တလန့်လှုပ်ရှားမှုကြောင့် ဒေါ်သန်းမြင့်မှာ တ
လှုပ်လန့်ဖျပ်သွားတော့၏။

"ဟင် ... ဆရာ ဘာလဲ"

လှေကားထိပ်အရောက်တွင် လူရဲက ငုံ့ကြည့်လိုက်
သည်။

သစ်သားလှေကားကြီး၏အောက်ဆုံးလှေကားထစ်တို့တွင်
ခြေတွဲလောင်းချကာ ဦးခဲမောင်က လှေကားလက်ရန်းကို မှီလျ
ထိုင်နေသည်ကိုတွေ့ရ၏။ ရပ်ကွက်လူကြီးကိုမူ မတွေ့ရတော့ချေ

ငြိမ်သက်ခွေခေါက်စွာ ထိုင်နေသည့် ဦးခဲမောင်အား
ငုံ့ကြည့်ရင်း လူရဲသည် မသက်မသာစိတ်နှင့်အတူ အထိတ်တလ
လည်း ဖြစ်သွားကာ လှေကားထစ်များကို ခုန်ပျံကျော်လွှားလျ
ဆင်းချသွားတော့၏။

"ဦးလေး ဦးလေး ... ဟာ"

ဦးခဲမောင်၏ ပခုံးစွန်းကို ဆွဲကိုင်လှုပ်လိုက်သည်တွင်





ဦးခဲမောင်၏ အတ္တဘောကြီးမှာ လှေကားထစ်တို့ပေါ်မှ လိမ့်လူး
ပြီး ကြမ်းပြင်ပေါ်သို့ တစောင်းအနေအထားဖြင့် ခွေခေါက်ကျ
သွားပါတော့သည်။

သူ၏ရင်ဝ၌ ဓားမြှောင်တစ်လက်က လက်ကိုင်ရိုးနား
အထိ စိုက်ဝင်လျက်ရှိကာ သွေးတို့က ကြမ်းပြင်တွင် စိမ့်ထွက်
အိုင်ထွန်းစပြုလာတော့၏။

"တောက် ... ဖြစ်ရလေကွာ"

လူရဲ ခြံဝသို့ ပြေးထွက်ကြည့်တော့လည်း မည်သည့်
လူသူ အရိပ်အယောင်မျှ မတွေ့ရချေ။

ထိုစဉ် ဒေါ်သန်းမြင့်၏ စီခနဲထွက်ပေါ်လာသည့် ထိတ်
လန့်တကြား အော်ဟစ်သံက ညဥ့်ဝန်းကျင်ကို အကျည်းတန်သွား
စေတော့၏။

✹ ✹ ✹



www.burmeseclassic.com

www.burmeseclassic.com



## ပဥ္စလက်လှသတ်သမား

ဆားပုလင်းလှူရဲ၏အလုပ်ထွက်စာကို ဖတ်ကြည့်ပြီးနောက် စုံထောက်မင်းကြီးသည် ဘက်ဒလီလ်ဖူး အသုံးမကျတဲ့အရူးဟု စိတ်မသက်သာသည့်အသံကြီးဖြင့် ရေရွတ်လိုက်တော့၏။

ထို့နောက် သူ့ရှေ့စားပွဲပေါ်သို့ နုတ်ထွက်စာကို တင်လိုက်ပြီး စားပွဲတစ်ဖက်ရှိ ကုလားထိုင်တွင် ဦးခေါင်းငိုက်စိုက်ချထိုင်နေသည့် လှူရဲအား စေ့စေ့ကြည့်ကာ ...

"ဒီမှာ ဆားပုလင်းလှူရဲ ... မောင်မင်းရဲ့ပေါ့လျော့မှုသတိလစ်ဟင်းမှုကြောင့် နောက်ထပ်လူတစ်ယောက် အသတ်ခံ





လိုက်ရတယ်ဆိုပြီး ကိုယ့်ကိုယ်ကိုယ် အပြစ်ပေးတဲ့အနေနဲ့ နုတ်ထွက်စာ တင်တာလား ...।

ညာဏ်နီညာဏ်နက်များလှတဲ့ လူသတ်သမားကို အရှုံးပေးလိုက်ရလို့ ရှက်ပြီး ကိုယ့်လိပ်ပြာကိုယ်မလုံဖြစ်ပြီး အလုပ်ကနုတ်ထွက်ဖို့ ကြိုးစားတာလား ...।

ဒါမှမဟုတ် လုပ်ဖော်ကိုင်ဖက်တွေနဲ့ သတင်းစာတွေ့ဂျာနယ်တွေက ရှုတ်ချရေးသားခံရမှာကို ကြောက်ပြီး ကိုယ်မြတ်နိုးတဲ့အလုပ်ကနေ ထွက်ပြေးတော့မှာလား ...।

ကျွန်ုပ်ဟာ စုံထောက်ဌာနရဲ့ အကြီးအကဲတစ်ယောက်အနေနဲ့ တာဝန်မကျေပွန်သလိုဖြစ်ခဲ့တဲ့ မောင်မင်းကို ပြင်းပြင်းထန်ထန် အပြစ်ပေးလိုပေမယ့် မောင်မင်းရဲ့ အရင်အမှုတွေတုန်းက ရဲရဲရင့်ရင့် ထက်ထက်မြက်မြက် တာဝန်ထမ်းရွက်နိုင်ခဲ့တာတွေကို ထောက်ထားပြီး အလုပ်က ထုတ်ပစ်တဲ့အထိ အရေးမယူလိုပါဘူး။ သတိပေးစာထုတ်ပြန်အပြစ်ပေးဖို့လောက်ပဲ စဉ်းစားထားပါတယ် ...।

စုံထောက်ဆိုတဲ့အလုပ်ဟာ ရာဇဝတ်မှုကို ဘယ်လိုကျူးလွန်ရမလဲလို့ ကျားချောင်းသလို အမြဲချောင်းနေတဲ့ ဒုစရိုက်သမားတွေနဲ့ ထာဝစဉ် ညာဏ်ကစားနေရတဲ့ အလုပ်မျိုးပါ ...।



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ စုံထောက်က ဉာဏ်ပိုသာတဲ့အခါ ရာဇဝတ်သားကို ဖမ်းမိမယ်၊ ရာဇဝတ်သားက ဉာဏ်ပိုသာတဲ့အခါ စုံထောက် ချာချာလည် ကျန်ရစ်ခဲ့မယ်၊ ဒါမျိုးဟာ ဖြစ်တတ်တဲ့သဘောပါ ...။

လက်ဝှေ့ကြိုးဝိုင်းထဲက လက်ဝှေ့သမားတွေလိုပဲပေါ့၊ အနီထောင့်က လက်ဝှေ့သမားက နိုင်ချင်နိုင်မယ်၊ တစ်ခါတလေ အပြာထောင့်က လက်ဝှေ့သမားက နိုင်ချင်နိုင်မယ်၊ အချိတိုင်းမှာ အနီထောင့်က လက်ဝှေ့သမားကချည်းပဲ အနိုင်ရလိမ့်မယ်လို့ ဘယ်သူမှ မျှော်လင့်လို့ မရပါဘူး ...။

အဲဒီလိုပဲ တစ်ဖက်လူရဲ့ လက်သီးချက်ပြင်းပြင်းမိလိုက်တာနဲ့ပဲ တစ်ခါတည်း အရှုံးပေးလိုက်မှာလား၊ ကြမ်းပြင်ပေါ်က ပြန်မထတော့ဘူးလား ...။

မောင်မင်းလို ... ထူးချွန်ထက်မြက်သူအဖို့ တစ်ခါ, နှစ်ခါ ကျရှုံးရုံနဲ့ တစ်သက်လုံး လက်မြှောက်အရှုံးပေးဖို့ မလိုပါဘူး ...။

စကားပုံတစ်ခုရှိတယ်၊ (It is not necessary to drown in a puddle of water) အိုင်ကွက်သေးသေးလေးမှာ ရေနစ်သေဖို့ မလိုအပ်ပါဘူးတဲ့၊ ကျွန်ုပ်ဆိုလိုချင်တာက ဒီလောက်နဲ့တော့ ကိုယ် မြတ်နိုးတန်ဖိုးထားတဲ့ စုံထောက်အလုပ်ကို ကျောခိုင်းစွန့်ခွာမသွားပါနဲ့ ... ထပ်ကြိုးစားကြည့်ပါဦး၊ ကြိုးဝိုင်းကြမ်းပြင်ပေါ်က ကြိုးစားပြီး ပြန်ထလိုက်ပါဦး ...။





လွယ်လွယ်နဲ့ အရှုံးပေးတတ်တဲ့သူကို ဘယ်သူကမှ သူ့ရဲ့ ကောင်းလို့ မသတ်မှတ်ပါဘူး ...။

မောင်မင်းလို ... ထူးချွန်ထက်မြက်သူတစ်ဦးကို စုံထောက်လောက,ကနေ နာမည်ဆိုးနဲ့ ထွက်ခွာသွားရတာမျိုး ကျွန်ုပ် မဖြစ်စေချင်ဘူး၊ ကျုပ်တို့ အင်းစိန်စီအိုင်ဒီဌာနက ဆားပုလင်းနှင်းမောင်တို့လို, ဆားပုလင်းမင်းအောင်တို့လို နာမည်ကောင်းနဲ့ ကျော်ကြားသူပဲ မောင်မင်းကိုဖြစ်စေချင်တယ် ...။

A bad sore heals, but repute kills... တဲ့၊ အနာဆိုးသာလျှင် ကုသရင်ပြန်ကောင်းနိုင်ပေမယ့် နာမည်ဆိုး နာမည်ပျက်ကတော့ ဘဝကို အသေသတ်ပစ်လိမ့်မယ်တဲ့ ...။

ဒီတော့ နာမည်ဆိုးနဲ့ မထွက်ခွာဖြစ်အောင် ကြိုးစားပါ၊ မောင်မင်းကို နောက်ထပ်ရက်သတ္တတစ်ပတ် အချိန်ထပ်ပေးလိုက်မယ် ...။

ရစ်ကွက်လူကြီး အယောင်ဆောင်ပြီး လူသတ်မှုကို ပိုင်နိုင်ကျူးလွန်သွားခဲ့တဲ့ လူသတ်သမားကို ရအောင် ဖော်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါ။ အဲဒီရက်အတွင်း မောင်မင်းရဲ့ နုတ်ထွက်စာကို ကျွန်ုပ် ဒီ စားပွဲအံဆွဲထဲမှာပဲ သိမ်းထားမယ် ...

မောင်မင်းလူရဲ ... ကြိုးဝိုင်းကြမ်းပြင်ပေါ်ကနေ တစ်ကြိမ်လောက်တော့ ကြိုးစားထကြည့်ပါဦး ... (Try again) ထရိုင်းအဂိန်း''

စုံထောက်မင်းကြီး၏ စကားအဆုံးတွင် ဆားပုလင်းလူရဲသည် မတ်တတ်ခြေစုံရပ်ကာ စုံထောက်မင်းကြီးအား လေးစားစွာ အလေးပြုလိုက်လေသည်။

''ကောင်းပါပြီမင်းကြီး ... မင်းကြီးရဲ့ စာနာထောက်ထားမှုကို ကျွန်တော် လေးစားပါတယ်၊ လူလည်ကျလွန်းတဲ့ လူသတ်သမားကို ဖမ်းမိနိုင်အောင် ကြိုးစားကြည့်ပါဦးမယ်''

ထို့နောက် လူရဲသည် စုံထောက်မင်းကြီး၏ ရုံးခန်းထဲမှ ထွက်လာခဲ့ရာ စုံထောက်များ နားနေခန်းထဲရှိ စားပွဲတွင် ငေးငေးငိုင်ငိုင် ထိုင်နေသည့် အိုင်ပီမောင်ဖြိုးကို တွေ့ရလေ၏။

အိုင်ပီမောင်ဖြိုးက လူရဲကို မော့ကြည့်လိုက်ပြီး ...

''ဘယ်လိုလဲ လူရဲ ... မင်း တကယ်နုတ်ထွက်တော့မှာလား''

ဟု စိတ်မကောင်းသံကြီးဖြင့် မေးလိုက်လေတော့သည်။

ခု နစ် ငဲ့ ကြယ် တ ပေ



''ဟုတ်တယ် ... ကျွန်တော့်ကိုယ်ကျွန်တော် ဒီလောက်ညံ့ဖျင်းရမလားလို့ ခွင့်မလွှတ်နိုင်လောက်အောင် ဒေါသဖြစ်ပြီး ဒီစုံထောက်အလုပ် နုတ်ထွက်ဖို့ဆုံးဖြတ်ခဲ့တာပါ အိုင်ပီ ...၊

ဒါပေမဲ့ ကျွန်တော်ရဲ့ဆုံးဖြတ်ချက်ကို မင်းကြီးက လက်မခံဘူး၊ လူသတ်သမားကို မိဖို့ ထပ်ကြိုးစားနိုင်းတယ်၊ ရက်သတ္တတစ်ပတ် ထပ်ကြိုးစားကြည့်ဖို့ အခွင့်အရေး (Chance) ပေးလိုက်တယ်''

ထိုစဉ် အိုင်ပီအသားမည်းအောင်ဖြိုးနှင့် အိုင်ပီဦးကြာပေါ်တို့ နားနေခန်းထဲ ဝင်လာကြရာ လူရဲ၏စကားကို နားစွန်နားဖျားကြားလိုက်ရသည့် အသားမည်းအောင်ဖြိုးက လှောင်ရယ်ရယ်လိုက်လေသည်။

''ဟဲ ဟဲ ဟဲ ... လူရဲ ... မောင်ရင်က မရဲဘဲ ကျွဲပြီးသလိုပါလားကွ၊ မနိုင်ဝန်ဆိုတာ မထမ်းတာကောင်းပါတယ်ကွာ ... ဟဲ ဟဲ ဟဲ ... ကိုယ့်ရှေ့တင် လူသတ်သမားက နှစ်ခါ နှစ်ကြိမ် သတ်သွားတာတောင် နမ်းတစ်စေ့လောက် မရိပ်မိခဲ့တဲ့ မင်းရဲ့အရည်အချင်းကို မင်းသိပြီး ငါတို့ရဲ့ စီအိုင်ဒီကနေ ထွက်သွားတာ အကောင်းဆုံးပဲကွ ... သိရဲ့လား ... ဟင်းဟင်း ဟင်း''

ခု နစ် ငဲ့ ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို မင်းလို ဆားပုလင်းလေးတစ်ယောက်ရဲ့ အရည်အချင်းလောက်နဲ့ ဉာဏ်ရည်ဉာဏ်သွေးမြင့်တဲ့ လူသတ်သမားမျိုးကို ဘယ်လိုဖမ်းမိနိုင်မှာလဲကွာ ...၊

ဒါကိုမှ ထပ်ကြိုးစားကြည့်ဦးမယ်ဆိုရင်တော့ ... ဟဲ ဟဲ ... ဟိုအင်္ဂလိပ်စကားပုံလိုပေါ့၊ ဘာတဲ့ ... (Who purposely swallows a bone puts great faith in his throat) အရိုးမှန်းသိလျက်နဲ့ မျိုချတဲ့သူဟာ ကိုယ့်လည်ချောင်းကို ကိုယ်ယုံကြည်လွန်းတဲ့သူတဲ့၊ ဟဲ ဟဲ ဟဲ ... အရိုးထစ်စူး နေပါဦးမယ်ကွာ ... ဟဲ ဟဲ ဟဲ''

သည်တစ်ခါတော့ အိုင်ပီမောင်ဖြိုးလည်း လူရဲဘက်မှ မည်သို့မျှ ကာကွယ်ပြောဆိုမှု မပြုနိုင်တော့ချေ။

လူရဲသည် အိုင်ပီအသားမည်းအောင်ဖြိုးအား ခွန်းတုံ့ပြန်ခြင်း မပြုနိုင်ဘဲ အံကြိတ်ကာသာ စုံထောက်များ နားနေခန်းထဲမှ ထွက်ခဲ့တော့၏။

သူ၏တစ်ကိုယ်လုံးသည် ရှက်ခြင်း၊ ခံပြင်းခြင်း၊ ဒေါသထွက်ခြင်း စေတသိက်များကြောင့် ပူလောင်ကျွမ်းလျက်ရှိတော့သည်။

စီအိုင်ဒီရုံးဝင်းထဲမှ ခြေတစ်လှမ်းချင်း လှမ်းထွက်ခဲ့သည့်





တွင် မျက်လုံးတို့သည် ပြာဝေလျက်ရှိတော့၏။

ဘယ်ရောက်၍ ဘယ်ပေါက်မှန်းမသိအောင်ပင် စိတ်တို့လွင့်ပါးကာ သတိလက်လွတ်ဖြစ်နေသည်။

စုံထောက်မင်းကြီး မြှင့်တင်ပေးလိုက်သဖြင့် ပြန်လည်မြင့်တက်လာသည့် စိတ်ဓာတ်ခွန်အားမှာ အိုင်ပီအသားမည်းအောင်ဖြိုး၏ ထိုးနှက်မှုကြောင့် ပြိုဆင်းသွားခဲ့ရပြီဖြစ်၏။

အိုင်ပီအသားမည်းအောင်ဖြိုး၏ သရော်လှောင်ပြောင်စကားတို့က အဆိပ်လူးမြား အစင်းစင်းသို့နှယ် လူရဲ၏နှလုံးသားကို ထွင်းဖောက်လျက်ရှိတော့သည်။

ထိုသရော်လှောင်ပြောင်သံတို့က ပဲ့တင်ရိုက်ကာ သူ့နောက်သို့ ပြေးလိုက်နေဆဲဖြစ်၏။

''မနိုင်ဝန်ဆိုတာ မထမ်းတာကောင်းပါတယ်ကွာ ... ဟဲ ဟဲ ဟဲ''

''မင်းရဲ့ အရည်အချင်းကို မင်းသိပြီး ငါတို့ရဲ့စီအိုင်ဒီမှနေ ထွက်သွားတာ အကောင်းဆုံးပဲကွ သိရဲ့လား ... ဟင်း ဟင်း ဟင်း''

''အရိုးမှန်းသိလျက်နဲ့ မျိုချတဲ့သူဟာ ကိုယ့်လည်ချောင်းကို ကိုယ်ယုံကြည်လွန်းတဲ့သူတဲ့ ... ဟဲ ဟဲ ဟဲ၊ အရိုးထစ်စူး



www.burmeseclassic.com

www.burmeseclassic.com



နေပါဦးမယ်ကွာ ...ဟဲ ဟဲ ဟဲ"

နောက်ဆုံးဝယ် သူသည် သက်ပြင်းကို အခါခါချကာ ခေါင်းငိုက်စိုက်ကျရင်း လမ်းမတစ်ခုကိုဖြတ်ကူးလိုက်သည်တွင်

"အို"

'ကျွီ ယီ ယီ ကျွီ'

သူ့နားထဲတွင် ကားတစ်စီး၏ဘရိတ်အုပ်သံကို ကြား လိုက်ရပြီး သူနှင့်တစ်တောင်ခန့်အကွာတွင် ကားခေါင်းတစ်ခုကို ဘွားခနဲတွေ့လိုက်ရတော့သည်။

"ဘယ်လိုလဲ ...ကားတစ်စီးလုံးလာနေတာ မမြင် ဘူးလား။ အတော်သေချင်နေတယ်နဲ့တူတယ်"

ဒေါသတကြီး ရန်တွေ့သံနှင့်အတူ ကားရှေ့ခန်းတံခါး ဖွင့်ကာ ဒေါနှင့်မောနှင့် ဆင်းလာသော အမျိုးသမီးလေးကို လူရဲ ကြောင်ကြည့်နေလိုက်မိ၏။

မှန်နိုင်လွန်အပြာနုရောင်လက်ပြတ်လေးနှင့် အပြာရင့်ခံ တွင် ဖြူပြာအပွင့်အဆုပ်အဆုပ်ကြီးများရှိသော ဘရိုကိတ်ထဘီ လေးကို ချပ်ရပ်စွာ ဝတ်ဆင်ထားပြီး နဖူးဝင်းဝင်းလေးပေါ် ဆံ မြိတ်လေးများ ဝဲပုံနေကာ ကျောနောက်တွင် ကျစ်ဆံမြီးနှစ်ခု ချထားသည့် နုနယ်ပျိုမျစ်လှပသော မိန်းမပျိုလေးကို လူရဲက





ငေးငူငူသာ ကြည့်နေမိလေသည်။

သူမက သူ့ရှေ့တွင် ဆတ်ခနဲ ခါးထောက်ရပ်လိုက်၏။

"ဒီမှာ ...ရှင့် စိတ်တော့ကောင်းပါတယ်နော်"

"အဲ ...ကောင်း ကောင်းပါတယ်"

"ဒါဆို ရှင်ဘာလုပ်တာလဲ၊ ဟွန်းတီးပြီး မောင်းလာတဲ့ ကားရှေ့တည့်တည့်ကိုမှ ဖြတ်ကူးတာ ဘာသဘောလဲ၊ သေချင် လို့လား ...ဟုတ်လား"

လူရဲက အံကြိတ်ပြီး သက်ပြင်းချလိုက်သည်။

"ဟုတ်တယ် ...ကျုပ်ရဲ့ဘဝက သေသွားတာပဲ ကောင်းပါတယ်ဗျာ၊ တိုက်ပစ်လိုက်ရင် ပြီးရော"

"အိုး ...ရှင့်ကိုတိုက်လို့ သေသွားရင် နိုရာ ထောင်ကျ မှာပေါ့၊ ဒါထက် နေပါဦး ...ရှင်က ဘာဖြစ်လို့ သေချင်နေ တာလဲ၊ ဘာလဲ ...ရည်းစားကြောင့် အသည်းကွဲလာတာ လား"

"ဟာဗျာ ...မဟုတ်တာ၊ ကျုပ်ဟာ မိန်းမတစ်ယောက် ကြောင့် အသေခံလောက်အောင် မပျော့ညံ့ပါဘူးဗျ"

"ဩော် ဟော် ...ဟုတ်ပြီ၊ ရှင့်ကိုကြည့်ရတာ ရုပ်ရည် ကတော့ သန့်ပြန့်ပေမယ့် ခေါင်းကဆံပင်က စုတ်ဖွားနဲ့၊ ရုပ်သွင်



www.burmeseclassic.com

www.burmeseclassic.com



ကသည်း စိတ်နှလုံး ချုံးချုံးကျနေတဲ့ပုံမျိုး။ ပြီးတော့ ကုတ်အင်္ကျီ ဘောင်းဘီရှည် ဝတ်ထားတာ စမတ်ကျသလိုလို ရှိပေမယ့် အောက်ခံ ရှပ်အင်္ကျီရဲ့ အပေါ်ဆုံးကြယ်သီးနှစ်လုံး ပြုတ်နေပုံက အဝတ်အစားကိုတောင် ဂရုမစိုက်နိုင်တော့တဲ့ပုံမျိုးပဲ …၊

ဒါကြောင့် ရှင်ဟာ ဖဲရှုံးလာသူပဲဖြစ်ရမယ် …ဟုတ်တယ်မဟုတ်လား။ ကြွေးတွေ လည်ပင်းနစ်နေလို့ သေချင်တာ မဟုတ်လား''

လူရဲက သူမကို မျက်မှောင်ကုတ်ကြည့်လိုက်သည်။

''မင်းလေးက စုံထောက်မလေးကျနေတာပဲ၊ ကောက်ချက်တွေ စွပ်စွဲနေတာပါလား။ ဒီမှာ ကျုပ်ဟာ လောင်းကစားကို သိပ်မုန်းတဲ့သူ …သိလား''

သူမက အံ့သြသလို မျက်လုံးပြူးကြည့်သည်။ မကျေချမ်းနိုင်သလိုလည်း နှုတ်ခမ်းကိုမဲ့လိုက်၏။

''နေပါဦး …ဒါဖြင့် ရှင်က ဘာဖြစ်လို့ သေချင်နေတာလဲ …ပြောပါဦး''

လူရဲ သက်ပြင်းချလိုက်သည်။

''ကျရှုံးခဲ့လို့ ဆိုပါတော့ဗျာ၊ အဲဒီကျရှုံးခဲ့မှုကြောင့် လူ ဖော်ကိုင်ဖက်တွေရဲ့ လှောင်ပြောင်သရော်တာခံရတယ်၊ မနက်ဖြန်ဆို ကျုပ်ကို ရှုတ်ချအပြစ်တင်တဲ့စာတွေ သတင်းစာအစောင်စောင်နဲ့ ဂျာနယ်တွေမှာပါလာတော့မယ် …၊

အဲဒီသတင်းစာ, ဂျာနယ်တွေကို ကျုပ်မမြင်ချင်ဘူး။ ဒါကြောင့် ကျုပ်သေသွားရင် တစ်မျိုးကောင်းတယ်လို့ တွေးမိလို့ပါဗျာ''

နီရာဆိုသော မိန်းမချောလေးက လူရဲကို ပိုမိုစိတ်ဝင်စားစွာ စူးစူးလေး ကြည့်လိုက်သည်။

ရှပ်ရှည်အားဖြင့် သာမန်ယောကျ်ားလေးများထက် ပိုမိုသန့်ပြန့်ချောမောသည့် ဤလူရွယ်လေးသည် စိတ်ဓာတ် အတော်ညှိုးချုံးနေပုံရလေသည်။

ကြံ့ခိုင်တောင့်တင်းပျိုမျစ်သည့် ဤလုလင်ပျိုအား မည်သို့သော ကျရှုံးမှုမျိုးက အသက်ကိုပင် အမှုမထားနိုင်လောက်အောင် လွှမ်းမိုးခဲ့လေသနည်း။

စပ်စုတတ်သော မိန်းကလေးပီပီ သူမ စိတ်ဝင်စားသွားမိ၏။ အတန်ကြာ တွေကြည့်နေပြီးမှ …

''ဒီမှာ ဒီမှာ …စောစောက ရှင့်ကိုသာ တိုက်မိသွားရင် ကျွန်မှာ ဒုက္ခအကြီးကြီးရောက်ရတော့မှာ …ဟုတ်တယ်မဟုတ်လား။ အဲဒါကို ရှင် ဝန်ခံနိုင်သလား''







www.burmeseclassic.com

www.burmeseclassic.com



"ဝန်ခံပါတယ်၊ ကျုပ်ကြောင့် ခင်ဗျားလေး ဒုက္ခရော
သွားရမှာ အမှန်ပါပဲ၊ ကျွတ် ... ကျုပ်ကတော့ ဘာလုပ်
နာမည်ဆိုးဖို့ ကံကပါလာတာပါလား"

"ဟုတ်ပါပြီလေ၊ ရှင့်မှာအပြစ်ရှိတယ်လို့ ပြောရင်
လက်ခံနိုင်မလား"

လူရဲ ခေါင်းငိုက်စိုက်ချရင်း ဖြေသည်။

"ဟုတ်ပါတယ်ဗျာ ... အရာရာ ကျုပ်ရဲ့အပြစ်ပ

နီရာက ပြုံးလိုက်သည်။

"ဟုတ်ပြီ၊ အပြစ်ရှိတယ်ဆိုရင် အဲဒီအတွက် အပြစ်
တာရော ခံနိုင်သလား"

လူရဲက နားမလည်သလို မော့ကြည့်၏။

"ခံနိုင်ပါတယ်၊ နေပါဦး ... ဘယ်သူက အပြစ်ပေး
လဲ"

နီရာက သူမ၏ရင်ညွှန့်လေးကို လက်မလေးကော့
ထောက်ပြလိုက်၏။

"ဒီမှာလေ ... နီရာက အပြစ်ပေးမှာပေါ့၊ အဲဒီအ
အတွက် နီရာ့ကို တစ်ခုခုလိုက်ကျွေးရမယ်၊ နီရာ ဗိုက်ဆာ
... ဘယ့်နှယ်လဲ"

ခု နှစ် စဉ် ကြယ် တာ ပေ



လူရဲက သူမကို မျက်လုံးပြူးပြီးကြည့်သည်။

"နဂိုကမှ စိတ်ညစ်နေရတဲ့ကြားထဲမှာ ခင်ဗျားလေး
မကျေနပ်ရင် ကျုပ်ကိုသာ ရိုက်သွားတော့"

"ဟင့်အင်း ... အဲဒီလို အပြစ်မပေးချင်ဘူး၊ ရှင့်ကို
ပေးမယ့်အပြစ်က နီရာ့ကို တစ်ခုခုလိုက်ကျွေးဖို့နဲ့ ရှင့် သေချင်
လောက်အောင် ကျရှုံးခဲ့ရတာဟာ ဘယ်လိုကျရှုံးခြင်းမျိုးလဲဆို
တာကို အမှန်အတိုင်း ပြောပြဖို့ပဲ၊ ကဲ ... သိပြီမဟုတ်လား၊
လာ ... ကားပေါ်တက်၊ စားတော်ဆက်တစ်ခုခုကို သွားမယ်"

နီရာက လူရဲ၏လက်မောင်းတစ်ဖက်ကို ဆွဲကိုင်ခေါ်ကာ
ကားထဲ အတင်းဝင်စေလိုက်၏။

လူရဲမှာ ဆုတ်ကန်ကန်ဖြင့်ပါသွားပါတော့သတည်း။

✹

www.burmeseclassic.com

www.burmeseclassic.com

"ဟင် ... လူသတ်သမားက ရပ်ကွက်လူကြီးဟ
ဆောင်ပြီး ဝင်သတ်သွားရအောင် အဲဒီရပ်ကွက်လူကြီးကို မုန့်ဖ
ဗိုပိုင်ရှင်နဲ့ သူ့အလုပ်သမားတွေက မမှတ်မိဘူးလား။ ရပ်ကွက်လူ
ကြီးကို အရင်က မမြင်ဖူးကြဘူးလား"

"ကောင်းကောင်းကြီး မြင်ဖူးကြပါတယ် နီရာ"

"အဲဒီလိုမြင်ဖူးရဲ့သားနဲ့ လူသတ်သမားဟာ ရပ်ကွက်
လူကြီးအဖြစ် ဘယ်လိုပုံမှားရိုက်နိုင်မှာလဲ ကိုလူရဲရဲ့"

လူရဲက သူ့ရှေ့စားပွဲပေါ်မှ လင်မနစ်ပုလင်းကို မျက်
မှောင်ကုတ် စိုက်ကြည့်ရင်း လေးလေးပင်ပင် ဖြေလိုက်သည်





"လူသတ်သမားဟာ ရပ်ကွက်လူကြီးဦးစိုးမောင်နဲ့ တစ်ထေရာတည်း တူနေလို့တဲ့၊ အသတ်ခံရတဲ့ မုန့်ဖတ်ဗိုပိုင်ရှင် ဦးခဲမောင်ရော, သူ့ရဲ့အလုပ်သမားကပါ ရပ်ကွက်လူကြီး ဦးစိုးမောင်လို့ပဲ ထင်ခဲ့ကြတာ"

"အဲဒီလူသတ်သမားက ရပ်ကွက်လူကြီးဦးစိုးမောင်နဲ့ အတော်တူနေလို့ ... ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်လိုတူတာလဲ၊ နဂိုမူလကတည်းက ရုပ်ချင်းတူနေလို့လား။ ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်၊ လူတစ်ယောက်နဲ့ တစ်ယောက် ချွတ်စွပ်ထပ်တူတူဖို့ဆိုတာ အမြွာကလွဲရင် လူသန်းတစ်ရာမှာ တစ်တွဲရှိဖို့တောင် မလွယ်ဘူး"

"ဟုတ်တယ် ... ကိုယ်လည်း အဲဒါပဲ စဉ်းစားမရဖြစ်နေတာ၊ အဲဒီလူသတ်မှုဖြစ်နေတဲ့အချိန်မှာ ရပ်ကွက်လူကြီးဦးစိုးမောင်ဟာ ဒီမြို့ရပ်ကွက်လူကြီးတွေ, ဂေါပကလူကြီးတွေနဲ့အတူ ရပ်ကွက်ဓမ္မာရုံမှာ အစည်းအဝေး ကျင်းပနေခဲ့တယ်၊ အဲဒီအတွက် (Alibi) အလီဘိုင် အနိုင်အလုံပြနိုင်တယ်"

"ဩော် ... ဒါဆို လူသတ်သမားက မိတ်ကပ်ပညာနဲ့ အတုလုပ်ပြီး လာသတ်သွားတာပေါ့ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ဦးနဲ့တစ်ဦး မိတ်ကပ်ပညာနဲ့ ထပ်တူတူအောင် လုပ်နိုင်ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား နီရာ ...၊

ပြီးတော့ လာလုပ်သွားတာ ညဘက်ဆိုပေမယ့် မီးရောင် အပြည့်အဝ ရှိနေတယ် ...၊

အဲဒီလိုအခြေအနေမျိုးမှာ ဘယ်လိုပညာနဲ့ ချွတ်စွပ် တူအောင် အယောင်ဆောင်ဖန်တီးနိုင်မှာလဲ နီရာ"

လူရဲ၏အမေးစကားကြောင့် နီရာမှာ တွေတွေငေးငေး လေး ဖြစ်သွားပြီး လင်မနစ်ရည်ကို စက္ကူပိုက်လေးဖြင့် စုပ် သောက်နေလိုက်ရင်း မျက်မှောင်ကို အတွန့်ချိုးထားလေသည်။

အတန်ကြာမှ ...

သူမက လူရဲကိုမကြည့်ဘဲ စကားတစ်လုံးချင်း ပြော လိုက်၏။

"အဲဒီလို အယောင်ဆောင်ဖန်တီးနိုင်တဲ့ပညာမျိုး ရှိ တယ် ကိုလူရဲ"

"ဗျာ ... အဲဒီလိုပညာမျိုး ရှိတယ် ... ဟုတ်လား"

"ဟုတ်တယ်၊ အဲဒီလျှို့ဝှက်ပညာကို ဂမ္ဘီရလောကီ သိပ္ပံ ရှင် ဝိဇ္ဇာဓိုရ်တွေကတစ်ဆင့် ဂမ္ဘီရပညာရှင်တွေဟာ ရှေးနှစ်ပေါင်း သုံးထောင်လောက်ကတည်းက ပညာအမွေအဆင့်ဆင့် ဆက်ခံရ





ရှိခဲ့တာပဲ ကိုလူရဲ ...၊

အဲဒီပညာရပ်ကို သစ္စာတော်ခံ လျှို့ဝှက်ပညာရပ်အဖြစ် နှစ်ပေါင်း ထောင်နဲ့ချီပြီး လျှို့ဝှက်ထားခဲ့ကြတယ် ...၊

ပညာအမွေ ဆက်ခံရရှိသူတွေဟာ သွေးသားရင်းချာ ဒါမှမဟုတ် တပည့်ရင်းကိုသာ သစ္စာခံစေပြီး လျှို့ဝှက်သင်ပြ ပေးလေ့ ရှိခဲ့တယ် ကိုလူရဲ"

နီရာ၏စကားတို့ကို လူရဲ စိတ်ဝင်စားစွာ နားထောင် နေမိတော့၏။

"ရှေးဟောင်း ဂမ္ဘီရကျမ်းတစ်ဆူဖြစ်တဲ့ ဝဏ္ဏယနကျမ်း မှာ လောကီသိပ္ပံပညာ ၆၄ ပါးထဲက တစ်ပါးအဖြစ် အဲဒီ အနေကရူပါဝိဘာဝကရဏ အမျိုးမျိုးသော အဆင်းရုပ်သဏ္ဌာန် တို့အား ကောင်းစွာပြုနိုင်ခြင်းအတတ်ကို အတိအလင်းဖော်ပြ ထားတယ် ကိုလူရဲ ...၊

အဲဒီအတတ်တတ်မြောက်သူဟာ သူ့ရဲ့အသက်, သူ့ရဲ့ ဘဝ ဒါမှမဟုတ် သူ့သွေးရင်းသားရင်း မိသားစုနဲ့ပတ်သက်ပြီး ဆုံးရှုံးနစ်နာမှုကြီးစွာ ဖြစ်မယ့်အခါမျိုး, ဖြစ်တဲ့အခါမျိုးမှာမှ ပညာ ကို ထုတ်သုံးခွင့်ရှိတယ် ကိုလူရဲ"

"ဒါဆို အဲဒါဟာ ဂမ္ဘီရအတတ်မျိုးပေါ့ ... ဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



နီရာ''

''ဟုတ်ပါတယ် ကိုလှရဲ''

''အင်္ဂလိပ်သီလရှင်ကြီးတွေရဲ့ ကွန်ဗင့်ကျောင်းထွက်ဖြစ်တဲ့ နီရာက အဲဒီလို ဂမ္ဘီရပညာမျိုးကို ယုံသလား''

နီရာက ပြုံးလိုက်သည်။

''မကြုံဖူးသူတွေကတော့ ယုံချင်မှယုံမှာပေါ့ရှင်၊ ကိုလှရဲဆို အခု ကိုယ်တိုင်ကြုံနေရပြီလေ၊ တကယ်တော့ အင်မတန်လျှို့ဝှက်နက်ရှိုင်းပြီး သာမန်လူတွေရဲ့ဉာဏ်နဲ့ လိုက်မမီသေးတဲ့ ဂမ္ဘီရပညာရပ်တွေဟာ လောကမှာ အမှန်တကယ်ပဲ ရှိနေပါတယ် ကိုလှရဲ''

''ချိုင်းလ်ဒါး (Chidker) ရဲ့ ပါဠိအဘိဓာန်ကျမ်းကြီးမှာ Deep unfathomable (အတိုင်းအဆမရှိအောင် နက်ရှိုင်းတယ်) လို့ ဂမ္ဘီရဆိုတဲ့စကားလုံးကို အဓိပ္ပာယ်ဖွင့် ဆိုထားတယ် ကိုလှရဲ''

''အင်း ... ဂမ္ဘီရပညာရှိတယ်ဆိုတာကို ကိုယ်လက်ခံပါတယ် နီရာ၊ ဒါပေမဲ့ လူတစ်ယောက်ရဲ့ ရုပ်ဆင်းသဏ္ဌာန်ကို အသွင်အမျိုးမျိုးပြောင်းစေနိုင်တဲ့ အတတ်မျိုး ရှိတယ်ဆိုတာကိုတော့ လက်မခံနိုင်ပါဘူး နီရာ''

နီရာက ပြုံးလိုက်ပြန်သည်။

ရ နှစ် စဉ် ကြယ် တ ပေ



''နီရာပြောပြီးပါပကော ... မကြုံဖူးသူတွေက ယုံချင်မှယုံမယ်လို့''

''ဟုတ်တယ် နီရာ ... ကိုယ်လည်း ကိုယ်တွေ့ကြုံမှ ယုံနိုင်မယ်၊ အခု ကိုယ်ကြုံခဲ့ရတာတွေဟာ ဖဝေဖဝါကြုံရခြင်းမျိုးဆိုတော့ ဝေခွဲရခက်နေတာ အမှန်ပါပဲ၊ အဲ ... ဇာတ်သမားတွေ ရုပ်ပြောင်းရုပ်လွှဲလုပ်တာမျိုးလောက်တော့ လက်ခံနိုင်ပါတယ် နီရာ''

''ကောင်းပြီလေ ... ကိုလှရဲလည်း တစ်နေ့တော့ ကြုံရမှာပါ၊ ကဲ ... နီရာတို့ပြန်မယ်၊ နီရာ ခေါင်းနည်းနည်းမူးနောက်နောက် ဖြစ်နေလို့ ကိုလှရဲပဲ ကားမောင်းပါလား။ ကိုလှရဲနေတဲ့နေရာ အရင်သွားပါ၊ ပြီးမှ နီရာနေတဲ့ လှည်းတန်းဘက် နီရာဘာသာ ပြန်မောင်းလာပါ့မယ်''

ထို့နောက် အင်းစိန်လမ်းဆုံရှိ ကျင်းဗွာစားတော်ဆက်ထဲမှ သူတို့ ထွက်လာခဲ့ကြတော့၏။

လှရဲက နီရာ၏ အပြာနုရောင် ဟီးလ်မင်းကားလေးကို အင်းစိန်လမ်းမကြီးအတိုင်း ဖြည်းဖြည်းမှန်မှန် မောင်းလာသည်။

နီရာက ကားနောက်ခန်းမှ ဆိုဖာနံ့ပေါ်တွင် ဆိတ်ငြိမ်စွာ လိုက်ပါလာ၏။

ရ နှစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



သည်မိန်းကလေးက ငယ်ရွယ်လှပသော်လည်း ပညာဗဟုသုတ ကြွယ်သူလေးဖြစ်သည်။

ကျင်ဝှာစားတော်ဆက်၌ ဆီချက်ခေါက်ဆွဲတစ်ပွဲစီ စားလျက် လင်မနစ်ရည်တစ်ပုလင်းစီသောက်ရင်း သူမနှင့် စကားပြောရသည့် အချိန်အတန့်လေးသည် ကြည်နူးဆွတ်ပျံ့ဖွယ် သမယလေး ဖြစ်သွားခဲ့သည်။

သူမက သူပြောသမျှကို စိတ်ဝင်စားစွာ ဆိတ်ဆိတ်ငြိမ်ငြိမ် နားစွင့်ထောင်ခဲ့၏။

ထိုသို့ နားထောင်ရင်း သူမ၏မျက်ဝန်းပြာပြာတို့တွင် စာနာမှုအရိပ်အငွေ့တို့ ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်လာတတ်သည်ကို သူ သတိပြုမိခဲ့သည်။

သူမကိုယ်သူမ မိတ်ဆက်ပေးခဲ့သဖြင့်လည်း သူမ၏ အိမ်အမည်မှာ နှင်းဖြူဖြူဟု သိရ၏။

သူမဝယ် ဖခင်ကြီးမရှိတော့ချေ။ သူမ၏မိခင်ကြီးက ရှမ်းတောင်တန်းတစ်နေရာမှ မြို့ငယ်လေးတစ်မြို့တွင် နေထိုင်ပြီး သူမကို ပညာတတ်မိန်းကလေးတစ်ဦးဖြစ်စေရန် ရန်ကုန်မြို့ ကြည့်မြင်တိုင်ဘက်ရှိ ကွန်ဗင့်ကျောင်းတွင် ကျောင်းတက်စေခဲ့သည်။

ခု နှစ် စဉ် ကြယ် တာ ပေ



ဆွေမျိုးနီးစပ်တော်သည့် အပျိုကြီးအဒေါ်ဝမ်းကွဲတစ်ဦးနှင့် အတူနေထိုင်ရန် လှည်းတန်းအရပ်၌ တိုက်ပုလေးတစ်လုံးကို မိခင်ဖြစ်သူက ဝယ်ပေးထားလေ၏။

သူမက ယခု တက္ကသိုလ်ဝင်စာမေးပွဲအောင်ပြီးဖြစ်သဖြင့် ရန်ကုန်ယူနီဗာစီတီ ဆက်တက်ရန် စောင့်ဆိုင်းနေချိန် ဖြစ်သည်။

"မေမေနဲ့က တစ်နှစ်မှတစ်ကြိမ်ပဲ တွေ့ရတယ်၊ မေမေက နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း လုပ်နေတယ်လို့ပြောတယ်၊ နိုရာ စာမေးပွဲပြီးလို့ ကျောင်းရက်ရှည်ပိတ်တဲ့အခါမှာ မေမေ ရန်ကုန်ဆင်းလာပြီး နိုရာ့ကိုတွေ့တယ်၊ တစ်နှစ်လုံးမှ အဲဒီ သုံးလေးရက်ပဲ တွေ့ရတာ၊ ပြီးတာနဲ့ပြန်သွားရော . . .၊

နိုရာသုံးဖို့ ငွေကိုတော့ မက္ကဆင့်ဘဏ်မှာ အလုံအလောက် အပ်နှံထားပြီး နိုရာ့အတွက် ဘဏ်စာရင်းဖွင့်ပေးထားတယ်"

နိုရာက လူ့ရဲ၏အခက်အခဲများ၊ ပြဿနာများ၊ ကျရှုံးမှုများကို ဂရုတစိုက် နားထောင်ပြီးနောက် သူမ၏အကြောင်းကိုလည်း ပြောပြခဲ့ခြင်း ဖြစ်သည်။

မည်သို့ဆိုစေ နိုရာဆိုသောမိန်းကလေးသည် လွန်စွာ ချစ်ခင်နှစ်လိုဖွယ်ကောင်းသော မိန်းကလေးမျိုးဖြစ်၏။

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



လှရဲက ကားမောင်းနေရင်းမှ နီရာ၏အကြောင်းကို တွေးလျက် နောက်ခုံသို့ လှည့်ပြန်လှည့်ကြည့်လိုက်သည်။

"ဟင်"

ဟီးလ်မင်းကားပြာလေး၏နောက်ခုံတွင် ဆိတ်ငြိမ်စွာ တစ်ဦးတည်း ထိုင်နေသူက နီရာမဟုတ်တော့ဘဲ လွန်စွာရုပ်ဆိုးသည့် မျက်တွင်းဟောက်ပက်ဖြစ်နေသော မိန်းမကြီးတစ်ဦး ဖြစ်နေ၏။

"နီ ... နီရာရော"

နီရာ့ကို နောက်ခုံတန်းတွင် လုံးဝမတွေ့ရတော့ချေ။

"ဟာ ... မဟုတ်သေးပါဘူး"

လှရဲသည် လွန်စွာအံ့အားသင့် တုန်လှုပ်သွားပြီး ခေါင်းမွေးများ ထောင်ထသွား၏။

မျက်နှာကို ချက်ချင်း ရှေ့သို့လှည့်ကာ လမ်းနံဘေးတစ်နေရာ၌ ကားကို ကမန်းကတန်း ထိုးရပ်လိုက်၏။

ပြီးသည်နှင့် သူက ကားနောက်ခန်းသို့ ချာခနဲလှည့်ကြည့်လိုက်ပြန်ရာ ...

"ဟာ ... နီ နီရာပါလား"

စောစောက အဘွားကြီးအို ထိုင်နေသည့်နေရာတွင်

ရ နစ် စဉ် ကြယ် တာ ပေ



နီရာက တည်ငြိမ်စွာထိုင်ရင်း သူ့ကိုပြုံးကြည့်နေ၏။

လှရဲမှာ ကျောရိုးထဲမှပင် စိမ့်ခနဲဖြစ်သွားရသည်။

သူမက ဖျာယီးဖျာယာ ဖြစ်နေသည့် လှရဲကို မျက်မှောင်လေးအတွန့်ချိုးလျက် ပြုံးစူးစူးလေး ကြည့်နေသည်။

"ကိုလှရဲ ... ဘာကိုပြူးတူးပြဲတဲ ကြည့်နေတာလဲရှင့်၊ ကားကိုရော ဘာဖြစ်လို့ ဒရောသောပါး ရပ်လိုက်ရတာလဲ"

"နီ နီရာ ... စောစောက နီရာထိုင်နေတဲ့ နေရာမှာ နီရာမဟုတ်ဘူး၊ အဘွားကြီးအိုတစ်ယောက် ထိုင်နေတယ်"

"ဟုတ်ရဲ့လား ကိုလှရဲရဲ့ ... ဒီကားနောက်ခန်းမှာ နီရာတစ်ယောက်တည်း ထိုင်နေတာပါ၊ ဘယ်ကအဘွားကြီးအိုမှ မရှိပါဘူး"

"မဟုတ်ဘူး ... ကိုယ် အဘွားကြီးကို တကယ်တွေ့လိုက်ရတာပါ၊ အခု ဘယ်လိုဖြစ်သွားသလဲ မသိဘူး"

သူမက အသံလေးထွက်အောင်ရယ်လိုက်၏။

"ဟင်း ဟင်း ဟင်း ... အဲဒါဟာ အနေကရှုပါဝိဘာဘာရဏပညာရပ်ပဲ ကိုလှရဲ၊ ဘယ့်နှယ်လဲ ... ကိုယ်တွေ့ကြုံဖူးသွားပြီဆိုတော့ နက်နဲလှတဲ့ ဂမ္ဘီရပညာရပ်ဆိုတာကို ယုံပြီလား ... ဟင်း ဟင်း ဟင်း"

ရ နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



လှုရဲမှာ အံ့သြလွန်းသောကြောင့် ပါးစပ်အဟောင်းသား
ဖြင့် ဘာပြောရမှန်းမသိအောင် ဖြစ်သွားရတော့၏။

အတန်ကြာမှ စကားလုံးတို့ အထစ်ထစ်အငေါ့ငေါ့ ထွက်
လာသည်။

"နို့ နိုရာက အဲဒီ အဲဒီလို ဂမ္ဘီရအတတ်မျိုးတွေ
တတ်တယ် ...ဟုတ်လား"

နိုရာက အေးဆေးစွာပဲ ပြုံးလိုက်ပါ၏။

"ဟုတ်တယ် ကိုလှုရဲ၊ ဘယ်လိုတတ်ထားတာလဲ
ဘယ်သူ့ဆီက သင်ယူထားသလဲဆိုတာကိုတော့ မမေးပါနဲ့
သစ္စာ တော်ခံ လျှို့ဝှက်ပညာရပ်မို့ သေရေးရှင်ရေးလောက်
အရေးမကြီး ရင် နိုရာ ပြောခွင့်မရှိပါဘူး ...၊

ကိုလှုရဲကို အခုလို အစွမ်းပြရတာက ကိုလှုရဲကို အ...
ယူသွားတဲ့ လူသတ်သမားဟာ နိုရာ့လိုပဲ အနေကရူပါဝိဘာ...
ကရဏပညာရပ်ကို တတ်ကျွမ်းတယ်လို့ ယူဆမိလို့ပါ ...၊

သူက အဲဒီပညာရပ်ကို မသုံးသင့်တဲ့နေရာမှာ အသုံး...
နေတဲ့အတွက် နိုရာ့အနေနဲ့ မခံချင်စိတ်ဖြစ်ပေါ်လို့လည်း အဲ...
လူသတ်သမားကို ဖော်ထုတ်ချင်လာတယ် ကိုလှုရဲ ...၊

ချစ်မြတ်နိုး တန်ဖိုးထားအပ်တဲ့ မြင့်မြတ်လှတဲ့ ဂမ္ဘီရ...





...ဟောင်းပညာရပ်ကို လူသတ်မှု ရက်ရက်စက်စက်ကျူးလွန်ရာမှာ
...အသုံးချတဲ့သူကို ပညာပြန်ပေးချင်လာတယ် ကိုလှုရဲ ...၊

ဒါကြောင့် အဲဒီပညာရပ်ရဲ့ အတိမ်အနက်ကို ကိုလှုရဲ
...သိအောင်ပြရတာပါ၊ အမှန်တော့ နိုရာမှာ အဲဒီလို အစွမ်းပြခွင့်
...ရှိပါဘူး ...၊

ကဲ ...နိုရာရဲ့ရည်ရွယ်ချက်ကို သိလောက်ရောပေါ့
...လူသတ်သမားတွေကို ဖော်ထုတ်ဖမ်းဆီးရာမှာ နိုရာ့ကို ကိုလှုရဲနဲ့
...အတူ ပူးပေါင်းပါဝင်ခွင့်ပြုနိုင်မလား ကိုလှုရဲ"

လှုရဲမှာ နိုရာ့ကို အံ့သြခြင်းအခါခါဖြင့် မယုံနိုင်စရာ
...ကြည့်လို့သာ နေမိတော့၏။

"ဟင် ...ဘယ်လိုလဲ ကိုလှုရဲ၊ နိုရာ့ကို ကိုလှုရဲနဲ့အတူ
...ပေါင်းခွင့် မပြုနိုင်ဘူးလား"

နိုရာက လက်မောင်းတစ်ဖက်ကို ဆွဲကိုင်လှုပ်ယမ်းကာ
...မေးလိုက်မှ လှုရဲမှာ အိပ်မက်မှ လန့်နိုးသူလို မျက်တောင်
...ဖျတ်ဖျတ်ခတ်ရင်း ...

"နို့ နိုရာက လူသတ်သမားကို ဖော်ထုတ်ရာမှာ ပူးပေါင်း
...ဝင်မယ် ...ဟုတ်လား"

ဟု မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုလူရဲ ... အနေကရူပါဝိဘာဝကရေး
ပညာသမားကို အဲဒီပညာနဲ့ပဲ အနိုင်ယူမှုဖြစ်မယ်လေ"

"ဟုတ်ပါတယ် နီရာ ... ရာဇဝတ်သား လူသတ်
ကောင်တွေရဲ့လက်ထဲကို အံ့မခန်းတဲ့ပညာရပ် ရောက်သွားတာ
ဟာ မြင်းကိုချိုတပ်ပေးသလို ဖြစ်သွားတာပေါ့ ...၊

အဲဒီလို ဂမ္ဘီရပညာရပ်မျိုးကိုတော့ ကိုယ်လိုက်မိမှာ
မဟုတ်ဘူး။ ဒါကြောင့် နီရာက အဲဒီ အနေကရူပါဝိဘာဝကရေး
ပညာကို အသုံးပြုပြီး ကူညီမယ်ဆိုရင် ကိုယ် ဝမ်းပန်းတသာ
လက်ခံပါတယ် နီရာ"

နီရာက အားရပါးရပြုံးလိုက်ပြီး သူမ၏ လက်ယာဘက်
လက်ဖဝါးကို ထောင်လိုက်၏။ လူရဲကလည်း သူ၏ လက်ယာ
ဘက်လက်ဖဝါးကို ထောင်လိုက်သည်။

ထို့နောက် ပြိုင်တူပြုံးကာ လက်ဖဝါးချင်း ရိုက်လိုက်ကြ
တော့၏။

'ဖြောင်း'

✺



လူရဲက ပလက်ဖောင်းပေါ်တွင်ရပ်လျက် နီရာ အသွား
...အဖြစ် ရုတ်ခြည်းအသွင်ပြောင်းပြခဲ့သည့် အနေကရူပါဝိဘာဝ
...ရေးပညာရပ်၏အကြောင်း ဆက်လက်တွေးတောနေမိ၏။

သူ၏ဇာတိမြို့ ဘုရားပွဲသို့ ပန်းမြတ်မာလာဇာတ်အဖွဲ့
...ရောက်ကပြစဉ်က မြို့ပြင်တောင်ကုန်းပေါ်၌ မြတ်ကေရီ
...သွားအိုတစ်ယောက်အဖြစ် အသွင်ပြောင်းသွားပုံကိုလည်း ပြန်
...ည်သတိရသွားတော့၏။

"အင်း ... မမြတ်ဟာလည်း အနေကရူပါဝိဘာဝက
...ပညာရပ်ကို အင်မတန် ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်



www.burmeseclassic.com

www.burmeseclassic.com



ထားသူပဲဖြစ်ရမယ် …။

အစက အဲဒီလို အစွမ်းထက်ပြီး အံ့ဩစရာကောင်း
တဲ့ ဂမ္ဘီရအတတ်ပညာရပ်မျိုး ရှိတယ်ဆိုတာကို ငါမသိခဲ့ဘူး

နိုရာနဲ့တွေ့မှ နိုရာပြောပြလို့ အဲဒီပညာရပ်အကြောင်း
သိခဲ့ရတာပဲ …။

မမမြတ်လည်း အဲဒီပညာရပ်ကို တတ်မှာသေချာတယ်
ဒါပေမဲ့ အဲဒီပညာရပ်အကြောင်း မမမြတ် ပြောတာ မကြား
ဘူး …။

မမမြတ်က အတော်သိုဝှက်တာပဲ၊ ဘာပဲဖြစ်ဖြစ် မ
မြတ်ဆီမှာလည်း အဲဒီပညာရပ်အကြောင်း လေ့လာသင့်တယ်

လူသတ်သမားဟာ အဲဒီ အနေကရူပါဝိဇ္ဇာဝက
ပညာကို အသုံးချပြီး လူသတ်မှုတွေ ကျူးလွန်ခဲ့တာ ဖြစ်နိုင်
တယ် …။

ဒီတော့ အဲဒီပညာရပ်ကို ဘယ်သူတွေ တတ်သေးသလဲ
လို့ စုံစမ်းလေ့လာနိုင်ရင် လူသတ်သမားကို ဖော်ထုတ်နိုင်
သိပ်မဝေးတော့ဘူး''

လူရဲက ယင်းသို့တွေးရင်း ပလက်ဖောင်းပေါ်ရပ်နေ
သူနေထိုင်ရာ တိုက်ခန်းပေါ်တက်သည့် လှေကားရှိရာ တံ





ပေါက်ဆီ ခြေဦးလှည့်လိုက်စဉ် …

'ကျွိ'

ပလက်ဖောင်းဘေးသို့ ကားဒီလက်ကားနက်ကြီးတစ်စီး
ထိုးဆိုက်လာလေသည်။

''ဟော့ … မောင်လေးလူရဲ''

ခေါ်သံကြားသဖြင့် နောက်သို့ လူရဲလှည့်ကြည့်လိုက်ရာ
ကားရှေ့ခန်းပြတင်းဝတွင် မြတ်ကေရီ၏ ပြုံးမြမြမျက်နှာလှလှ
လေးကို တွေ့ရလေ၏။

''ဟာ … မမမြတ်ပါလား။ မမမြတ်ရဲ့အကြောင်း တွေး
နေတုန်း မမမြတ် ရောက်လာတာပါလား''

ကားအနီးသို့ လျှောက်လာသည့် လူရဲအား မြတ်ကေရီ
က မျက်စလေးချီကာ ကြည့်လိုက်ရင်း …

''အလို … ငါ့မောင်က မမမြတ်အကြောင်း ဘာတွေ
များ စဉ်းစားနေတာတုံး''

ဟု မေးလိုက်လေသည်။

''ဩော် … ဘာမှမဟုတ်ပါဘူး။ မမမြတ်ရဲ့ စကားဝါစံ
အိမ်ဆီ သွားလည်ချင်လိုက်တာလို့ တွေးနေမိတာပါ …။
မမမြတ်နဲ့ ဝေးကွာခဲ့တာ နှစ်တွေကြာလှပြီးမှ ကံဆုံလို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေ့ပြန်တော့လည်း လိပ်စာသိလျက်နဲ့ သွားလည်ပတ်ခွ
မရတာဆိုးလှတယ်လို့ တွေးနေမိတာပါ''

ဤတွင် မြတ်ကေရီ၏မျက်နှာချောချောလေးတွင် စိတ်
မကောင်းသည့်အရိပ်အယောင်များ ဖျတ်ခနဲ ဖြစ်ပေါ်သွားတော
၏။

သို့သော် သူမက သက်ပြင်းလေးချလိုက်ပြီးနော
ချက်ချင်းဆိုသလို ပြုံးလိုက်ကာ ...

''ကဲ ကဲ ... ညှိသည်က ဒီလောက်လာလည်ချင်နေ
တော့ အိမ်ရှင်က ဖိတ်ခေါ်ရတော့မှာပေါ့၊ မနက်ဖြန် မန
(၁၀) နာရီလောက်လာခဲ့ ... ဟုတ်ပြီလား၊ မမြတ် မျှော်
မယ်''

မြတ်ကေရီ၏ဖိတ်ခေါ်စကားကြောင့် လူရဲဝမ်းသာသွ
သည်။

သူက သူ့ရည်ရွယ်ချက်နှင့်သူမို့ အိမ်အလည်ဖိတ်ခေ
ခြင်း ခံရမှုအတွက် ဝမ်းသာသွားခြင်းဖြစ်၏။

သို့သော် ... နိုရာ့ကိုပါ မြတ်ကေရီနှင့် တွေ့ဆုံပေး
သည့်ဆန္ဒ ရုတ်ခြည်းဖြစ်ပေါ်လာသဖြင့် ထပ်တွန့်တက်လို
တော့သည်။





''ကျွန်တော်လာရင် တစ်ယောက်တည်းလာမှာမဟုတ်
ဘူးနော်''

''ဟင် ... မင်းက ဘယ်သူတွေကို ခေါ်လာဦးမလို့လဲ၊
မမြတ်က အေးအေးရှင်းရှင်းနေချင်တာ၊ လူစိမ်းသူစိမ်းတွေနဲ့
မိတ်မဖွဲ့ချင်ဘူး''

''မမြတ်ကလည်း သူစိမ်းမဟုတ်ပါဘူး၊ ကျွန်တော့်ရဲ့
ချစ်သူလေးပါ၊ မမြတ်နဲ့ မိတ်ဆက်ပေးချင်လို့ပါ''

ဤတွင် မြတ်ကေရီက မျက်လုံးလေးပြူးသွားပြီးမှ မချို
မချဉ်ပြုံးလိုက်ကာ ...

''ဩော် ဟော် ဟော် ... ဒီလိုလား၊ မင်းက ရည်းစား
တွေ ဘာတွေ ရှိနေပြီဆိုပြီး ကြွားချင်လို့ဆိုပါတော့၊ အဲဒါဆိုရင်
တော့ ခေါ်ခဲ့ပါကွယ်၊ ယောက်မလောင်းလျာချောချောလေးကို
မမြတ်ကလည်း တွေ့ချင်ပါတယ်''

''ဟား ... ကျေးဇူးပဲ မမြတ် ... သင့်ခ်ယူ''

''ကဲ ... ဒါဆို မမြတ်သွားပြီ၊ မနက်ဖြန်မနက်သာ
လာခဲ့ကြ ... ဟုတ်ပြီလား၊ မမြတ်က မနက်စာနဲ့ တည်ခင်း
ကျွေးမွေးပါ့မယ်ကွယ် ...၊

ရည်းစားချောချောလေး ရထားတဲ့ ငါ့မောင်ကို ဂုဏ်ပြု



www.burmeseclassic.com

www.burmeseclassic.com



တဲ့အနေနဲ့ပေါ့ ...ဟုတ်လား ...ဟင်း ဟင်း ...ကဲ သွားပြီ နော်''

''ဟုတ်ကဲ့''

မြတ်ကေရီက အပြုံးဖြင့် နှုတ်ဆက်ကာ ကာဒီလက်ကားကြီးကို မောင်းထွက်သွားတော့၏။

လူရဲမှာ ကျေနပ်စွာပြုံးရင်း ကျန်ရစ်ခဲ့ပါတော့သတည်း။

✸

နောက်နေ့နံနက် ဆယ်နာရီထိုးလုလုတွင် ဟီးလ်မင်းကားပြာလေးက ဘောင်ဒရီလမ်း (ယခုဓမ္မစေတီလမ်း) ထဲသို့ ခပ်ဖြည်းဖြည်း မောင်းဝင်လာတော့၏။

နီရာ နေထိုင်ရာ လှည်းတန်းမှ တိုက်ပုလေးသို့ မနေ့ညနေကတည်းက လူရဲသွားရောက်ပြီး မြတ်ကေရီနှင့်ပတ်သက်သည့် အကျိုးအကြောင်းဟူသမျှ ရှင်းပြကာ နီရာကို ယနေ့မနက် စံကားဝါစံအိမ်သို့ အတူလိုက်ပါရန် ခေါ်ခဲ့ခြင်းဖြစ်သည်။

နီရာမှာ လူရဲနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် စိတ်အားထက်သန်နေသူလေးမို့ လူရဲ၏ချစ်သူရည်းစား ဟန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



လျက် အတူလိုက်ပါရန် မဆိုင်းမတွ သဘောတူခဲ့ရှာလေ၏။

"ရှေ့ကခြံပဲ နီရာ၊ ခြံဝကအုတ်တိုင်မှာ စံကားဝါစံအိမ်လို့ ကမ္ပည်းကြေးပြား ရေးထိုးထားတယ်"

အုတ်တံတိုင်းခတ် ကျယ်ဝန်းသော ခြံကြီး၏ အဝင်ဝ သံပန်းတံခါးရှေ့တွင် ကားခေါင်းထိုးရပ်လိုက်သည်နှင့် ခြံအတွင်း ပန်းပင်များအကြား ပေါင်းသင်နေသည့် ကုလားမာလီကြီးက ခြံတံခါးဝဆီ ခပ်သုတ်သုတ်လျှောက်လာ၏။

"ဟရေး ဘရားဆပ် . . . အစ်မလေးနဲ့ တွေ့ဖို့လာတဲ့ ညည့်သည်တွေလား၊ နာမည်ပြောပါ ဆပ်"

"လူရဲပါ"

မြတ်ကေရီက ကြိုတင်မှာထားပုံရ၏။

နာမည်ပြောလိုက်သည်နှင့် ခြံစောင့်မာလီကြီးက ခါးကြား၌ ထိုးချိတ်ထားသည့် သော့တွဲကိုဖြုတ်ကာ ခြံတံခါးသော့ကို ဖွင့်ပေးလိုက်တော့သည်။

နီရာက ဟီးလ်မင်းကားလေးကို အင်္ဂတေခင်းလမ်းလေး အတိုင်း မောင်းလာကာ နှစ်ထပ်တိုက်ဝါကြီး၏ ဆင်ဝင်ရှေ့တွင် ထိုးရပ်လိုက်၏။

ကျောက်ဖြူသားလှေကားထစ်များကို နင်းတက်ခဲ့ကြပြီး





သည်နှင့် ကျယ်ဝန်းလှသော ညည့်ခန်းမကြီး၏တံခါးဝသို့ ရောက်ရှိသွားကြတော့သည်။

"ဟော . . . မောင်လေးလူရဲတို့ ရောက်လာမှကိုး၊ ကဲ . . . အေးအေးလူလူ ထိုင်ကြပါကွယ်"

ကျွန်းလှေကားကြီးအတိုင်း အိမ်ပေါ်ထပ်မှ ဆင်းလာသည့် မြတ်ကေရီက ပြုံးရွှင်စွာကြိုဆိုပြီး ညည့်ခန်းထဲရှိ ဆိုဖာကြီးများတွင် ထိုင်စေလေသည်။

ကိုယ်လုံးပေါ် ရှန်သားအင်္ကျီလက်စက အပြာနုရောင်လေးကို အပြာရင့်ရင့်အောက်ခံအရောင်ပေါ်၌ ပန်းပွင့်ဖြူလေးများ ကျိုးတိုးကျဲတဲ ပါဝင်သည့် ဖဲကတ္တီပါ ရွှေနားကွပ်ထဘီလေးနှင့် ချပ်ချပ်ရပ်ရပ် တွဲဖက်ဝတ်ဆင်ထားလျက် ဆံပင်ရှည်ရှည်အား ကျစ်ဆံမြီးနှစ်ချောင်းကျစ်ကာ ကျောနောက်တွင် ချထားသော နီရာ့ကို မြတ်ကေရီက ပြုံးကြည့်ကာ . . .

"မောင်လေးလူရဲရဲ့ မိန်းကလေးလားကွဲ့၊ တကယ့်အချောလေးပဲ၊ ငါ့မောင်က ရွေးလည်းရွေးတတ်ပ"

ဟု ချီးကျူးစကားဆိုလေ၏။

"ဟုတ်တယ် မမမြတ် . . . နာမည်က နီရာတဲ့၊ ကွန်ဗင့်ကျောင်းထွက်လေ၊ ရန်ကုန်ယူနီဗာစတီတက်ဖို့ စောင့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"နိုရာ ... ဒါ ကိုယ်ပြောပြောနေတဲ့ မမြတ်ကေရီ"

လှရဲက မိတ်ဖွဲ့ပေးလိုက်ရာ ကွန်မင့်ကျောင်းသူလေးပီပီ နိုရာက မြတ်ကေရီအား လက်ယာလက်ကမ်းပေးလိုက်၏။

အမျိုးသမီးနှစ်ဦး တစ်ဦးနှင့်တစ်ဦး ပြုံးကြည့်ရင်း လက်ဆွဲ နှုတ်ဆက်လိုက်ကြသည်။

"မမြတ်နဲ့တွေ့သိခွင့်ရလို့ ဝမ်းသာပါတယ် မမြတ်"

"မမြတ်ကလည်း ဝမ်းသာပါတယ်ကွယ်"

ထို့နောက် လှရဲနှင့်မြတ်ကေရီတို့က သူမတို့ စတင် ဆုံစည်းခဲ့ကြပုံတို့ကို စားမြုံ့ပြန်ရင်း ရယ်ပွဲဖွဲ့ပြောဆိုလျက်ရှိ ကြတော့၏။

နိုရာသည် တွေတွေငေးငေး မျက်နှာလေးဖြင့် မြတ် ကေရီအား စိတ်ဝင်စားစွာ ရှုရှုစိုက်စိုက်လေးကြည့်ရင်း နံဘေးမှ ဆိတ်ငြိမ်စွာ နားထောင်နေလေသည်။

လှရဲနှင့်မြတ်ကေရီတို့ကသာ ရယ်ရယ်ပြုံးပြုံးဖြင့် စကား တွေ ဖောင်လောက်အောင်ပြောနေကြသော်လည်း နိုရာ၏ အမူ အရာက အေးတိအေးစက်နှင့် မထုံတက်တေးဖြစ်နေလေ၏။

အချိန်အတော်ကြာအောင် စကားပြောနေကြပြီးမှ မြတ် ကေရီက တိုင်ကပ်နာရီကို လှမ်းကြည့်ပြီး ထိုင်ရာမှထလိုက်





သည်။

"ကြည့်စမ်း ... ငါမောင်နဲ့ အေးအေးဆေးဆေး ပြန် တွေ့တုန်း စကားပြောလို့ကောင်းနေလိုက်တာကွယ်၊ ထမင်းစား ချိန်တောင် ရောက်ပြီ၊ ခဏထိုင်နေကြဦးနော် ... မမြတ် မိအေးကို ထမင်းပွဲပြင်ခိုင်းလိုက်ဦးမယ်"

မြတ်ကေရီ အိမ်အတွင်းဘက်သို့ ဝင်ရောက်သွားသည် နှင့် လှရဲက နိုရာ့ကို အပြစ်တင်စကား တီးတိုးဆိုလေသည်။

"နိုရာ မျက်နှာကြီးက ဘယ်လိုဖြစ်နေတာလဲ၊ မမြတ် ကို အားနာစရာ"

"နိုရာက ဘာဖြစ်နေလို့လဲ"

"မျက်နှာကတည်တည်ကြီးနဲ့ တစ်မျိုးပဲ"

"ဟုတ်တယ် ကိုလှရဲ ဒီမှာ နိုရာပြောမယ် ... မမြတ် ကို နိုရာ တမင် လက်ဆွဲနှုတ်ဆက်လိုက်တာ ... သိလား၊ လက်ဖဝါးချင်း ထိတွေ့လိုက်ရမှ ပိုသေချာသွားတယ်"

"ဘယ် ဘယ်လိုသေချာတာလဲ နိုရာ"

"သူဟာ ပညာသည်တစ်ယောက်ပဲ ကိုလှရဲ၊ နိုရာဟာ ဂမ္ဘီရတိကျွပညာရပ်တစ်မျိုးကို တတ်ထားတယ်၊ အဲဒီပညာအရ လူတစ်ယောက်ရဲ့အသားကို ပိုင်ပိုင်နိုင်နိုင် ထိတွေ့လိုက်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူရဲ့ အတွင်းအဇ္ဈတ္တသန္တာန်မှာ ကိန်းအောင်းနေတဲ့ စိတ်ခံစားမှုအစွမ်း (Power) တွေကိုသိနိုင်တယ် ကိုလူရဲ၊ မှန်တာပြောရရင် သူကျွေးမယ့်ထမင်းကိုတောင် သတိထားစားရမယ့်ကိန်းပဲ''

ထိုစဉ် ...

ခြံထဲသို့ မြင်းရထားတစ်စီး မောင်းဝင်လာသံ ကြားရသဖြင့် လူရဲက ပြတင်းဝမှ မတ်တတ်ရပ်ကြည့်လိုက်သည်။

နီရာကလည်း သူ့နောက်တွင် လာရပ်ကာ လူရဲ၏ပခုံးကို ကျော်ပြီး မြင်းရထားဆီ လှမ်းကြည့်နေ၏။

ရထားပြတင်းပေါက်၌ အမျိုးသမီးကြီးတစ်ဦး၏ ကိုယ်အထက်ပိုင်းကို တွေ့ရသည်။

ထို့နောက် လူရဲက အိမ်တံခါးဝဆီ စောင့်ကြည့်နေစဉ် ခဏအကြာ၌ အိမ်ရှေ့တံခါးပေါက်မှ အမျိုးသမီးကြီးတစ်ဦးအား အစေခံဖြစ်ဟန်တူသည့် မိန်းကလေးတစ်ဦးက လက်မောင်းတစ်ဖက် ဖေးမ,တွဲကိုင်ဝင်လာသည်ကို တွေ့ရ၏။

လူရဲက အသက် (၅၀) ခန့်ရှိသော မျက်နှာထားတင်းတင်း၊ အသားဖြူဖြူ၊ ပိန်ပိန်သွယ်သွယ် အမျိုးသမီးကြီးအား ငေးကြည့်နေစဉ် အိမ်အတွင်းဘက်မှ မြတ်ကေရီ ခပ်သွက်သွက်





ထွက်လာလေသည်။

''ဟော မမကြီး ... ဒီနေ့ပြန်လာတာလား၊ မြတ်က နောက်ဖြန်မှ ပြန်လာမယ်ထင်တာ''

မြတ်ကေရီက ခပ်ပြုံးပြုံးမျက်နှာပေးဖြင့် ပြောလိုက်သော်လည်း ခြေတစ်ဖက်အနည်းငယ်ဆာနေပုံရသည့် အမျိုးသမီးကြီးက မပြုံးမရယ်မျက်နှာဖြင့် အိမ်ထဲလှမ်းဝင်လာရင်း လူရဲကို မျက်မှောင်ကုတ်ကြည့်လိုက်လေသည်။

''သူတို့က ဘယ်သူတွေလဲ မြတ်''

''ဪ ... မြတ်ရဲ့ကွဲကွာနေတဲ့ မိတ်ဆွေမောင်လေး တစ်ယောက်ပါ ... မောင်လူရဲတဲ့၊ ပြီးတော့ သူကတော့ ... နဲ့''

ဆိုဖာခုံများဘက် လှည့်ကြည့်ကာပြောလိုက်သည့် မြတ်ကေရီ၏မျက်နှာ အံ့အားသင့်သွားဟန်ရှိပြီး စကား တိုးလိုးတန်းလန်း ဖြစ်သွားသဖြင့် လူရဲလည်း ပြတင်းအနီး မတ်တတ်ရပ်နေရာမှ ဆက်တီခုံများဆီ လှည့်ကြည့်လိုက်ရာ သူပါ အံ့ဩသွားရသော့၏။

ဆိုဖာဆက်တီတစ်လုံးပေါ်တွင် တည်တည်ငြိမ်ငြိမ် ထိုင်နေသည်က နီရာမဟုတ်တော့ဘဲ ယောက်ျားပျိုချောချောလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးဖြစ်နေသောကြောင့်ပင်။

လှူရဲက အခြေအနေအရပ်ရပ်ကို ချက်ချင်းရိပ်စားမိသွားတော့၏။

"ဟင် ... ဟို စောစောက နီရာရော ဘယ်"

မြတ်ကေရီက သူ့စိမ်းယောက်ျားပျိုလေးအား လက်ညှိုးညွှန်ကာ အံ့ထစ်ထစ်အငေါ့ငေါ့ မေးလိုက်ရာ သူမ၏စကားမဆုံးမီမှာပင် လှူရဲက အခြေအနေကို ထိန်းကာ ဝင်ပြောလိုက်ရလေသည်။

"နီရာရဲ့အဖေက အရေးတကြီးကိစ္စရှိလို့ဆိုပြီး သူ့မောင်လေးကိုခေါ်နိုင်းလိုက်လို့ပါ မမြတ် ...။

နီရာရဲ့မောင်လေးက ဒီကို တက္ကစီနဲ့ လိုက်လာတယ်လေ၊ သူ့အစ်မကိုတော့ အဲဒီတက္ကစီနဲ့ပဲ ပြန်လွှတ်လိုက်တယ် နီရာ့အစား သူ့မောင်လေးကို ခေါ်ထားလိုက်ရတယ် ...။

ဒီကအပြန်မှာ ကျွန်တော်က သူနဲ့လိုက်သွားရမှာပါ နီရာ့ဖေဖေရဲ့ကုမ္ပဏီရုံးခန်းကို ကျွန်တော်လည်းမသိဘူး"

လှူရဲက မနည်း ယုတ္တိရှိအောင် ပြောလိုက်ရသော်လည်း မြတ်ကေရီ၏မျက်နှာဝယ် အပြုံးတို့လွှင့်ပျောက်ကာ မှိုင်းမှိုင်းညို့ညို့ ဖြစ်သွားတော့၏။





အမျိုးသမီးကြီးကမူ လှူရဲကိုရော ကောင်ချောလေးကိုပါ အလိုမကျသလို စူးစူးရဲရဲကြည့်ပြီးနောက် ကျွန်းလှေကားကြီး အတိုင်း အိမ်ပေါ်ထပ်သို့ တက်သွားတော့၏။

အခြေအနေ အခင်းအကျင်းတစ်မျိုးဖြစ်သွားသဖြင့် မြတ် ကေရီ၏မျက်နှာက ကြည်သာမှု မရှိတော့ချေ။

သူမက သက်ပြင်းချလိုက်ပြီး လက်ပိုက်ကာ မတ်တတ် ရပ်နေရင်းမှ ကောင်ချောလေးကို တည့်တည့်ကြည့်လျက် ...

"နီရာ့မောင်လေးကလည်း ချောသားပဲ၊ နာမည်လေး ပြောပါဦး"

ဟုမေးလိုက်လေ၏။

"ကိုတာပါ ခင်ဗျ"

"ကိုတာတဲ့လား၊ ဩော် ဩ ... နီရာ့မောင်မို့လို့လား သိဘူး၊ ရုပ်ချင်းအတော်ဆင်တာပဲ၊ ကဲ ကဲ ... နီရာ့အစား ကိုတာပဲ ဝင်စားလိုက်ပေါ့၊ ထမင်းပွဲအဆင်သင့်ဖြစ်ပြီ ... လာ ... မောင်လေးတို့"

မြတ်ကေရီ၏မျက်နှာက ပြန်ပြုံးလာပြီး သူတို့နှစ်ဦးကို ထမင်းစားခန်းဆီသို့ ဦးဆောင်ခေါ်သွားတော့၏။

ကျယ်ဝန်းလှသည့် ထမင်းစားခန်းထဲမှ ကျောက်စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကြီးပေါ်တွင် အငွေ့ထောင်းထောင်းထနေသော ထမင်းဟင်းလျာတို့က အမယ်စုံလှပေ၏။

"ကဲ ထိုင် ... အားရပါးရသာ စားကြ ... ဟုတ်လား ဘာမှအားမနာနဲ့နော်"

မြတ်ကေရီက ခပ်ပြုံးပြုံးမျက်နှာလေးဖြင့် လောကွတ်စကားဆိုရင်း ဟင်းလျာတို့ကို ကိုယ်တိုင်ခပ်ထည့်ပေးပြီးနောက်

"စားကြနော်"

ဟု ထပ်မံပြောကာ ထမင်းစားခန်းထဲမှ ထွက်သွားတော့၏။

လှရဲက ထမင်းပန်းကန်ကို မတို့ထိသေးဘဲ ကိုတာ့ကို ရှုးရှုးရဲရဲကြည့်လိုက်၏။

ကိုတာက မျက်မှောင်လေးအတွန့်ချိုးကာ သူ့ကိုပြန်ကြည့်ပြီး ...

"မကြာခင် အင်မတန် အရေးကြီးတဲ့ အခြေအနေတွေ ဖြစ်လာတော့မယ်"

ဟု ခပ်တိုးတိုးပြောလိုက်လေသည်။

ကိုတာ၏စကားသံက စောစောကလို ယောကျ်ားလေးအသံမျိုး မဟုတ်တော့ဘဲ နိုရာ၏အသံအတိုင်း ဖြစ်နေ၏။

ခု နှစ် စဉ် ကြယ် တာ ပေ



လှရဲ ရင်တဒိန်းဒိန်းခုန်နေစဉ်မှာပင် ထမင်းစားခန်းထဲသို့ မြတ်ကေရီ ပြန်ဝင်လာလေသည်။

သည်တစ်ခါတော့ သူမ၏မျက်နှာဝယ် အပြုံးကို မတွေ့ရတော့ဘဲ စူးလက်သောမျက်ဝန်းတို့အထဲတွင် မာကျောမှုကိုသာ မြင်ရ၏။

သူမက လှရဲနှင့် ကိုတာ့ကို ဝေ့ကြည့်လိုက်ပြီး ...

"စားကြလေ ... ဘာဖြစ်လို့ မစားကြသေးတာလဲ"

ဟု လေသံမာမာဖြင့် မေးလိုက်တော့သည်။

ပြီးသည်နှင့် သူမက ကိုတာ့ကို လက်ညှိုးငေါက်ငေါက် ထိုးလိုက်ပြီး ...

"ဒီမှာ ... မင်း ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာသဘောနဲ့ ဒီလိုလုပ်တာလဲ၊ ငါ မာလီကြီးကိုမေးပြီးပြီ ... ဒီအိမ်ခြံဝင်းထဲကို မင်းတို့နဲ့ မမကြီးရဲ့ကြားမှာ ဘယ်သူမှ ထပ်ရောက်မလာဘူး။ ဘယ်တက္ကစီကားမှလည်း ဝင်မလာဘူးတဲ့၊ မင်း မင်းဟာ ရှပ် ရုပ်ပြောင်းရုပ်လွှဲအတတ်ကို တတ်သူလား ... ဟုတ်လား"

ဟု အော်ဟစ်မေးလိုက်လေသည်။

မြတ်ကေရီ၏အသံက ကျားသစ်မ၏ ဟိန်းသံနှယ် ထမင်းစားခန်းထဲတွင် ပဲ့တင်ရိုက်သွား၏။

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

ကိုတာက ကျောက်စားပွဲဝိုင်းမှ ထလိုက်ပြီး မြတ်ကေ
နှင့် မျက်နှာချင်းဆိုင်ရပ်လိုက်ကာ ပြတ်သားစွာပြောတော့၏
"ဟုတ်တယ်၊ ကျွန်မဟာ ရှင့်လိုပဲ အနေကရှုပါဝိဘာဝ
ကရဏအတတ်ကို တတ်ထားသူပဲ"

ပြောရင်း ကိုတာ၏ရုပ်သွင်က တဖြည်းဖြည်းပြောင်းသွား
ရာ ခဏအတွင်းမှာပင် ကိုတာ၏နေရာတွင် နီရာဖြစ်သွားတော့
၏။

အဝတ်အစားများပါ လိုက်ပါပြောင်းလဲသွားပုံက မယုံ
နိုင်စရာကောင်းလောက်အောင် ပြောင်မြောက်လှသော ပဥ္စလက်
ပြကွက်ကိုကြည့်နေရသကဲ့သို့ လူရဲ ခံစားရ၏။

ကြက်သီးမွေးညင်းတို့ပင် တဖြင်းဖြင်း ထသွားရတော့
သည်။

"အို"

မြတ်ကေရီ အံ့သြတုန်လှုပ်သွားတော့၏။

"ဒါပေမဲ့ အဲဒီပညာရပ်ကို ကျွန်မဟာ အကုသိုလ်အ
ပြုရာမှာ လုံးဝအသုံးမပြုဘူး၊ ရှင်ကသာ သစ္စာတော်ခံ လျှို့ဝှက်
ပညာရပ်ဖြစ်တဲ့ အနေကရှုပါဝိဘာဝကရဏပညာရပ်ကို
မကောင်းတဲ့နေရာတွေမှာ အသုံးပြုနေတာ"





"ဘာ"

မြတ်ကေရီ၏ ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်
သွားပြီး ဒေါသဖြစ်ခြင်း၊ လွန်စွာတုန်လှုပ်ခြင်း စေတသိက်တို့
ကြောင့် သူမ၏ရုပ်သွင်က ချက်ချင်းဆိုသလိုမှာပင် ခက်ထန်
ကြမ်းကြုတ်သော ကျားသစ်ရိုင်းမ၏သွင်ပြင်မျိုး ဖြစ်သွားတော့
၏။

နီရာက မနားစတမ်း ဆက်ပြောသည်။

"ရှင် ငြင်းချင်သေးသလား ... ကျွန်မဟာ ရေးဟောင်း
သို့ရတိက္ခအတတ်ကိုပါ တတ်သူပဲ၊ အဲဒီအတတ်ပညာအရ
လူတစ်ယောက်ရဲ့အသားကို ပိုင်ပိုင်နိုင်နိုင် ထိတွေ့လိုက်ရရုံနဲ့
အဲဒီလူရဲ့အတွင်းစိတ်အကြံနဲ့ အကုသိုလ်ကြီးမားသူ ဟုတ်မဟုတ်
သိနိုင်တယ်ရှင့် ... သိရဲ့လား၊

စောစောက ရှင့်လက်ကို နှုတ်ဆက်ဖို့ ဆုပ်ကိုင်လိုက်
တာနဲ့ ရှင့်ရဲ့လက်ဟာ အကုသိုလ်အမှုကြီးတွေကို ကျူးလွန်ထား
တဲ့ သွေးစွန်းပြီးသားလက်ဆိုတာ သိလိုက်ရတယ် ...၊

နောက်ထပ် သွေးထပ်စွန်းဖို့လည်း ကြံစည်ထားတယ်ဆို
တာ ပေါ်လွင်နေတယ် ... ရှင် ငြင်းချင်သေးသလား"

ဤတွင် မြတ်ကေရီသည် သူမ၏ ဘရိုက်တ်ကေဘီ



www.burmeseclassic.com

www.burmeseclassic.com



အောက်နားစကို ဖျတ်ခနဲ ဆွဲလှန်ကာ ခြေသလုံးဝင်းဝင်း အထက်ပိုင်းတွင် သားရေကြိုးဖြင့် ချည်ထားသော သားရေဓား အိမ်ထဲမှ ဓားမြှောင်တစ်ချောင်းကို ဆတ်ခနဲ လျှင်မြန်စွာ ဆွဲ ထုတ်လိုက်တော့၏။

သူမ၏လက်ထဲမှ ဓားမြှောင်သည်ကား ရှမ်းဓားမြှောင် တစ်ချောင်းပင် ဖြစ်ပါတော့သည်။

သူမက ရှမ်းဓားမြှောင်ဖြင့် နီရာ၏ဝမ်းဗိုက်ကို လျှပ်ပြက် သလို လျှင်မြန်ခြင်းမျိုးဖြင့် ထိုးလိုက်တော့၏။

'ဖွစ်'

✹

စံကားဝါ စံအိမ်ကြီး၏အပေါ်ထပ် လသာဆောင်၌ ကျွန်းသားလှုပ်ကုလားထိုင်ကြီးပေါ်တွင် ထိုင်ရင်း ဒေါ်မြစ်ဇာသည် တွေဝေးလျက်ရှိလေ၏။

သူမသည် ယမန်နေ့ ညနေပိုင်းက ပဲခူးသို့သွားပြီး ခြံပိုင်ရှင်နှင့် တွေ့ဆုံခဲ့သည်။

ပဲခူး၊ ဒေးစွန်ပါဘုရားအနီးရှိ ခြံပိုင်းတစ်ပိုင်းကို ဝယ်ယူ ရန် ပဲခူးလိပ်ပြာကန်လမ်းမှ ခြံပိုင်ရှင်ထံ စရန်ငွေသွားပေးခြင်း ဖြစ်၏။

ဒေးစွန်ပါအနီးမှ ခြံပိုင်းကိုဝယ်ပြီး ဇရပ်တစ်ဆောင်

ခု နစ် စဉ် ကြယ် တ မေ

www.burmeseclassic.com

www.burmeseclassic.com



ဆောက်ကာ ဥပုသ်သီလဆောက်တည်နေထိုင်ရန် ရည်ရွယ်ထားသည့်အတိုင်း သူမ၏ လက်စွဲတော် အိမ်စေမလေး မိချမ်းကို ခေါ်လျက် မီးရထားဖြင့် ပဲခူးသို့ သွားခဲ့ခြင်းဖြစ်၏။

ဦးစွာ ရည်ရွယ်သည်က ပဲခူးမြို့သို့ရောက်လျှင် မြင်းဖိုးစရန် ငွေပေးပြီး တည်းခိုခန်းတစ်ခုတွင် ညအိပ်ကာ နောက်နေ့၌ ဒေးဝွန်းပါသို့ ဆက်သွားလျက် ဒေးဝွန်းပါတောင်ခြေရှိ သီလရှင်ကျောင်းတစ်ကျောင်းကျောင်းတွင် နောက်တစ်ညအိပ်မည်ဟူ၍ ဖြစ်သည်။

သို့သော် မူလအစီအစဉ်ကိုဖျက်ကာ ပဲခူးမြို့ပေါ်မှာသာ တစ်ညအိပ်ပြီး ရန်ကုန်သို့ အဝေးပြေးကားဖြင့် ပြန်လာခဲ့၏။

သို့သော် နေအိမ်သို့ပြန်ရောက်ရောက်ချင်းမှာပင် စိတ်နောက်ကျူစရာနှင့် ကြုံရသည်။

သူစိမ်းယောက်ျားနှစ်ဦးကို အိမ်ရှေ့ဧည့်ခန်းကြီးထဲတွင် တွေ့လိုက်ရသောကြောင့် ဖြစ်၏။

မိမိသည် လူစိမ်းသူစိမ်းတို့နှင့် မပတ်သက်လိုသဖြင့် ဤစကားဝါစံအိမ်ကြီးသို့ မည်သည့်သူစိမ်းဧည့်သည်ကိုမျှ မခေါ်ရန် ညီမဝမ်းကွဲဖြစ်သူ မြတ်ကေရီအား သေချာမှာကြားထားပြီး ဖြစ်သည်။

ခု နစ် စဉ် ကြယ် စာ ပေ



သို့ပါလျက် မြတ်ကေရီက သူစိမ်းယောက်ျားလေးနှစ်ဦးကို အိမ်အလည်ခေါ်ထား၏။

"အင်းလေ ... ဘာပဲဖြစ်ဖြစ် ကိစ္စအားလုံးလည်း ပြီးပြီပဲ၊ ဒီစကားဝါစံအိမ်ကြီးကို ရောင်းပြီး မြတ်ကေရီကို ထက်ဝက်ခွဲပေးပြီးတာနဲ့ ရန်ကုန်မြေကိုရော သူ့ကိုပါ ခွဲခွာရတော့မှာပဲလေ ...၊

သူလည်း ငယ်တော့တာမှ မဟုတ်ဘဲ၊ သူ့လမ်းသူဆက်လျှောက်နိုင်ဖို့ ဘဝကြင်ဖော်ရှာတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ ...၊

ငါတော့ ဒီအိမ်ဖိုးငွေ တစ်ဝက်ရပြီးတာနဲ့ ဒေးဝွန်းပါကို သွားပြီး ဇရပ်ကျောင်းဆောင်တစ်ဆောင် ဆောက်မယ်၊ ပြီးရင် ယောဂီဝတ်မယ်၊ အကုသိုလ်ကြွေးတွေ ကြေစေဖို့ ကုသိုလ်အမှုကို အသက်သေတဲ့အထိ လုပ်သွားမယ် ...၊

မိချမ်းကိုတော့ လက်တိုလက်တောင်းနိုင်းဖို့ ခေါ်သွားရမှာပဲ၊ မနက်ဖြန်တော့ အိမ်ဝယ်မယ့်သူက စရန်စာချုပ်လာချုပ်မယ်လို့ ရှေ့နေကပြောတယ် ...၊

ဒီကကိစ္စတွေ မြန်မြန်ပြီးအောင် ဖြတ်ပြီး ငါ အပြီးတိုင်ထွက်သွားချင်လှပြီ၊ အတိတ်ဟူသမျှကို ဒီမှာပဲ ထားခဲ့ချင်လှပြီ"

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြစ်ဇာမှာ ယင်းသို့တွေးရင်း ခြံရှေ့ပိုင်းမှ သစ်ပင်တို့၏ ထိပ်ဖျားဆီ ငေးကြည့်လျက်ရှိလေ၏။

ထိုစဉ် လှေကားဆီမှ ခြေသံတို့ကြားရပြီးနောက် လသာဆောင်ဘက်လျှောက်လာသည့် ခြေသံတို့ကိုပါ ကြားရသဖြင့် ဒေါ်မြစ်ဇာက ခေါင်းငဲ့ကြည့်လိုက်တော့သည်။

လသာဆောင်ဆီ ဦးတည်ကာ မြတ်ကေရီက ရှေ့မှ လျှောက်လှမ်းလာနေပြီး သူမ၏နောက်မှ ယောကျ်ားပျိုတစ်ဦး လိုက်ပါလာသည်ကို တွေ့ရရာ ဒေါ်မြစ်ဇာမှာ အံ့သြခြင်းနှင့်အတူ ဒေါသပါ ထောင်းခနဲ ထွက်သွားရတော့၏။

သူမသည် မီးတောင်နှယ် ဒေါသပေါက်ကွဲတတ်သူပီပီ ချက်ချင်းဇာတိပြကာ ကျားရိုင်းမနှယ် ဟိန်းဟောက်သံ ထွက်ပေါ်သွားတော့သည်။

"ဟဲ့ မိမြတ် ... ဘယ့်နှယ်ကြောင့် ဒီအိမ်ပေါ်ထဝ်ဆီ အဲဒီကောင်ကို ခေါ်လာရတာလဲ၊ လူစိမ်းသူစိမ်းတွေနဲ့ ဘာကြောင့် ဒီလောက် စဝ်စဝ်ယှက်ယှက် လုပ်နေရတာလဲဟင်"

မြတ်ကေရီက ပြုံးချိုသောမျက်နှာဖြင့် ဦးခေါင်းအနည်းငယ် ညွှတ်လိုက်ကာ ...

"မမကြီးကို မောင်လူရဲက လက်ဆောင်ပေးချင်လို့တဲ့ ဒါကြောင့် ခေါ်လာရတာပါ၊ ကဲ မောင်လေး ... လက်ဆောင် ပေး လိုက်လေကွယ်"

ဟုပြောကာ ဘေးသို့ ဖယ်ပေးလိုက်ရာ လူရဲက ရှေ့သို့ တိုးလာပြီးလျှင် သူ၏လက်ထဲ၌ ကိုင်ထားသည့် လေးထောင့်ယွန်းဘူးလေးကို ခါးညွှတ်ကာ ကမ်းပေးလိုက်လေသည်။

ဒေါ်မြစ်ဇာမှာ ဇဝေဇဝါဖြစ်သွားပြီး ...

"အို ... ဘာလက်ဆောင်လဲ၊ ဘာလက်ဆောင်မှ မလိုချင်ဘူး"

ဟု အော်လိုက်လေ၏။ လူရဲက ပြုံးလိုက်ပြီး ...

"ယူပါခင်ဗျာ၊ မမကြီးရဲ့ ဘဝတစ်သက်တာလုံး ရလိမ့်မယ်လို့ လုံးဝမျှော်လင့်မထားတဲ့ လက်ဆောင်ပါ၊ အထူးလက်ဆောင်ဆိုပါတော့"

ဟု လေချိုအေးအေးလေးဖြင့် ပြောလိုက်ရာ ဒေါ်မြစ်ဇာမှာ မည်သို့သောလက်ဆောင်ပစ္စည်းများလဲဟု သိချင်စိတ်ဖြစ်ပေါ်သွားသော်လည်း ချီတုံချတုံမှုဖြစ်နေသေး၏။

လူရဲက လက်နှစ်ဖက်ကို ရှေ့ပိုတိုးလိုက်ပြီး ...

"ယူပါခင်ဗျာ၊ မမြတ်ကိုလည်း ပေးပြီးပါပြီ၊ မယူချင်သေးရင်လည်း ဘယ်လိုလက်ဆောင်ပစ္စည်းလဲဆိုတာ သိရ







www.burmeseclassic.com

www.burmeseclassic.com



အောင် ဖွင့်ကြည့်ပါ ခင်ဗျာ''

ဟု ခပ်ပြုံးပြုံးမျက်နှာဖြင့် ထပ်မံတိုက်တွန်းလိုက်ရာ ဒေါ်မြစ်ဇာက သူမ၏ညီမ မြတ်ကေဇီကို လှမ်းကြည့်လိုက်လေ၏။

မြတ်ကေဇီက ပြုံးလျက် ခေါင်းကို ဖြည်းလေးစွာ ညိတ်ပြလိုက်သည်။

ဤတွင်မှ ဒေါ်မြစ်ဇာသည် လူရဲဘက်သို့ ပြန်လှည့်ပြီး လျှင် ယွန်းဘူးလေးဆီသို့ လက်နှစ်ဖက်လှမ်းလိုက်တော့သည်။

သူမက ယွန်းဘူးလေး၏ အောက်ခြေကို ဝဲဘက်လက်ဖြင့် ဖေးမကိုင်လိုက်လျက် လက်ယာဘက်လက်ချောင်းလေးများဖြင့် ဘူးအဖုံးကို အသာလေးဖွင့်ကြည့်လိုက်တော့ရာ ...

''အလိုလေး''

ယွန်းဘူးလေးထဲမှာ တွေ့ရသည်က သူမ လုံးဝ မမျှော်လင့်ထားသော အရာဖြစ်ပါ၏။

စတီးလ်ရောင်လက်နေသော လက်ထိတ်တစ်စုံပင် ဖြစ်ပါ၏။

ဒေါ်မြစ်ဇာ အံ့အားသင့် တုန်လှုပ်သွားစဉ်မှာပင် လူရဲက လျှပ်ပြက်သလို လှုပ်ရှားလိုက်တော့သည်။

'ချောက်'

ခု နှစ် စဉ် ကြယ် တာ ပေ



မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်းမှာပင် ယွန်းဘူးလေးထဲမှ လက်ထိတ်က ဒေါ်မြစ်ဇာ၏ လက်နှစ်ဖက်ကို ပူးခတ်ပြီး ဖြစ်သွားတော့၏။

''အို''

သူမက လွန်စွာတုန်လှုပ်ချောက်ချားသွားပြီး သူမ၏ညီမ မြတ်ကေဇီကို ချာခနဲလှည့်ကြည့်လိုက်တော့သည်။

''အလိုလေး''

သူမ ပိုမိုတုန်လှုပ်သွားတော့၏။

သူမ၏ညီမ မြတ်ကေဇီ၏နေရာတွင် အခြားတစ်ပါးသော မိန်းမချောလေးကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

သို့သော် ထိုမိန်းကလေးကို သူမ မြင်ဖူးသလိုလိုရှိကြောင်း ချက်ချင်းသတိပြုမိ၏။

''ဟုတ်ပါတယ် ... ချွတ်စွပ်ပဲ''

စူးစူးရဲရဲကြည့်လေ သူမ၏ထင်မြင်ယူဆချက်က ခိုင်မာလေ၊

''မယ် မယ်ကေ ... မင်း မယ် မယ်ကေလား''

ချောက်ချားတုန်လှုပ်လျက်ရှိသည့် ဒေါ်မြစ်ဇာအား နီရာက ပြုံးကြည့်လိုက်သည်။

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ နှုတ်ခမ်းလွှာတို့က ပြုံးနေသော်လည်း မျက်ဝန်းတို့က မီးဝင်းဝင်းတောက်လျက်ရှိ၏။

"ကျွန်မဟာ မယ်ကော်မဟုတ်ပါဘူး ဒေါ်မြစ်ဇာ … ဒေါ်မယ်ကော်ရဲ့သမီး နှင်းဖြူဖြူပါ၊ ကျွန်မဟာ မေမေယယ်ငယ်က ရုပ်နဲ့ အင်မတန်တူတယ်လို့ မေမေကပြောဖူးလို့ ရှင်ဟာ ကျွန်မကိုမြင်တာနဲ့ မေမေ့သမီးဖြစ်ကြောင်း သိသွားမှာစိုးလို့ ရှင် ဒီအိမ်ကြီးထဲ ဝင်လာတုန်းက နဂိုရုပ်သွင်ကနေ ယောကျ်ားပျို တစ်ယောက်ရဲ့ရုပ်သွင်ကို ပြောင်းထားခဲ့တာပါ၊ ရှင့်ကိုတော့ မေမေပြလို့ ဓာတ်ပုံထဲမှာ မြင်ဖူးထားတယ်လေ"

"ဪ … မင်းက မယ်ကော်ရဲ့သမီးပီပီ သူ့ဆီက အနေကရွှပါဝိဘာဝကရဏအတတ်ကို အမွေဆက်ခံရရှိထားတယ်ပေါ့"

"ဟုတ်တာပေါ့ ဒေါ်မြစ်ဇာ၊ ရှင်လည်း ရှင့်ရဲ့ညီမ မြတ်ကေရီကို ပညာအမွေပေးထားတာပဲ မဟုတ်လား …၊

ဒါပေမဲ့ မေမေနဲ့ ရှင်နဲ့မတူဘူး။ မေမေက အဲဒီပညာကို အကုသိုလ်အလုပ်တွေမှာ လုံးဝမအသုံးမပြုဘူး၊ ရှင် ရှင်တို့က အင်မတန်မွန်မြတ်လှတဲ့ အဲဒီရှေးဟောင်းဂန္ဓာရီပညာကို မဟုတ်တဲ့နေရာမှာ အသုံးပြုခဲ့ကြတယ် မဟုတ်လား"





ဤတွင် ဒေါ်မြစ်ဇာက လှောင်ရယ်ရယ်လိုက်၏။

"ဟား ဟား ဟား … ဟင်း ဟင်း ဟင်း"

ထိုရယ်သံထဲတွင် နာကြည်းသံစွက်ဖက်ပါဝင်နေသည်။

"ဟင်း ဟင်း ဟင်း … ဟုတ်တယ်၊ အစကတော့ အဲဒီပညာရပ်ကို မကောင်းတဲ့နေရာမှာ ထုတ်သုံးဖို့ မရည်ရွယ်ခဲ့ပါဘူး …၊

ဒါပေမဲ့ ငါ့မိသားစုကို သေကွဲကွဲအောင်အလုပ်ခံရလို့ အဲဒီပညာကို ထုတ်သုံးခဲ့ရတာပါ နှင်းဖြူဖြူ …၊

မင်းရဲ့အမေကိုလည်း ပြောပြလိုက်ပါ … ဆရာကြီးအာဘမင်းနာဂရဆီမှာ ကတိခံဝန်ထားတဲ့အတိုင်း ငါဟာ ဆရာကြီးသင်ပေးထားတဲ့ပညာရပ်ကို မိမိရဲ့မိသားစုကို မထိခိုက်ရင် အသုံးမပြုပါဘူးလို့၊ ဒါပေမဲ့ ငါ့ရဲ့မိသားစုကို ထိခိုက်ခဲ့တဲ့အတွက်, ငါ့ရဲ့သားလေးနှစ်ယောက် မတရားအပြုခံရပြီး ကြိုးစင်တက်ခဲ့ရတဲ့အတွက် လက်စားချေတုံ့ပြန်နိုင်စေဖို့ အဲဒီပညာရပ်ကို အသုံးပြုခဲ့တာပါလို့ ပြောပြလိုက်ပါ နှင်းဖြူဖြူ …။

ဒါထက် ငါ့ရဲ့ညီမ မြတ်ကေရီကော"

"သူ့ကို ရှင့်လိုပဲ ဟောဒီ အင်းစိန်စီအိုင်ဒီက စုံထောက်အားပုလင်းလူရဲက ဖမ်းဆီးထားပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြစ်ဇာက အံကိုကြိတ်လိုက်သည်တွင် မျက်ရည်တစ်စက် လွင့်ကျလာတော့၏။

အိမ်ဖော်မလေးမိချမ်းကတော့ သူ့သခင်မကြီးဘေးမှာ တုန်တုန်လှုပ်လှုပ်ဖြင့် ငုတ်တုတ်ထိုင်လျက်။

နီရာက ဆက်လက်ရှင်းပြသည်။

"မြတ်ကေရီက ကျွန်မကို ရှမ်းဓားမြှောင်နဲ့ ထိုးဖို့ ကြိုးစားခဲ့တယ်၊ ကျွန်မက ဗာဟုယုဒ္ဓလို့ခေါ်တဲ့ သတ်ပုတ်ခြင်းအတတ်ကို သူ့လိုပဲ တတ်ကျွမ်းထားသူမို့ သူ့ရဲ့ဓားမြှောင်ကိုင်လက်ကို အချိန်မီ ပုတ်ထုတ်ကာကွယ်နိုင်ခဲ့တယ် ...၊

သူက နောက်တစ်ကြိမ် ထပ်တိုးဖို့ ကြိုးစားရာမှာ ဟောဒီကိုလှူရဲက ပစ္စတိုနဲ့ ထုတ်ချိန်လိုက်လို့ မြတ်ကေရီ လက်လျှော့သွားရတော့တယ် ...၊

မြတ်ကေရီတတ်ထားတဲ့ပညာနဲ့ မြတ်ကေရီကိုင်ဆောင်တဲ့ ရှမ်းဓားမြှောင်ကိုကြည့်ရင် ရန်ကုန်မြို့မှာ ဖြစ်ခဲ့တဲ့ လူသတ်မှုကြီးခုနစ်မှုကို ကျူးလွန်ခဲ့သူဟာ မြတ်ကေရီနဲ့ ဆက်နွယ်နေတယ်ဆိုတာ သေချာသွားပြီမို့ ကိုလှူရဲက သူ့ကို ဖမ်းလိုက်ရတာပါပဲ ...၊

ကိုလှူရဲက မြတ်ကေရီကို ပထမ လက်ထိတ်ခတ်ဖမ်း





ားတာပါ၊ ဒါပေမဲ့ ကျွန်မက အဲဒီလူသတ်မှုတွေ ကျူးလွန်နိုင်ဖို့ ခိုက ပံ့ပိုးခဲ့သူဟာ ရှင်ဖြစ်လိမ့်မယ်လို့ တွက်ပြခဲ့လို့ ကိုလှူရဲက ှင့်ကိုပါ ဖမ်းဖို့ စီစဉ်ခဲ့ရတာပဲ ...၊

ဒါနဲ့ မြတ်ကေရီကို အောက်ထပ်မှာပဲ ကြိုးသေချာ ုပ်ပြီး ကိုလှူရဲက ချုပ်နှောင်ခဲ့တယ်၊ လက်ထိတ်က တစ်စုံ ည်းပါတာမို့ မြတ်ကေရီဆီက လက်ထိတ်ကို ဖြုတ်ယူလိုက်ရ ယ် ...၊

ပြီးတော့ ဗဟန်းဌာနကို ဖုန်းဆက်လိုက်တယ်၊ မာလိ ုလားကြီးနဲ့ အိမ်ဖော်မလေးကို အိမ်နောက်ဘက်က အခန်း ခန်းထဲမှာထည့်ပြီး အပြင်က တံခါးသော့တွေ ခတ်ထားခဲ့ ယ် ...၊

ပြီးမှ ကျွန်မဟာ ရှင့်ကိုပါလှည့်စားပြီး အလွယ်တကူ မ်းနိုင်ဖို့ မြတ်ကေရီရဲ့အသွင် ယူခဲ့တာပါပဲ"

ဤတွင် လှူရဲက ဝင်ပြောလိုက်တော့၏။

"ကဲ ဒေါ်မြစ်ဇာ ... အောက်ထပ်ကို ဆင်းကြရအောင်၊ ကြာရင် ဗဟန်းဌာနက အင်စပက်တာတွေ ရောက်လာ ာ့မယ်၊ ဌာနရောက်မှပဲ ခင်ဗျားရော မြတ်ကေရီကိုပါ အသေး ် စစ်မေးတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လှုရဲနှင့်နိုရာတို့က ဒေါ်မြစ်ဇာအား အောက်ထပ်သို့ ခေါ်လာတော့၏။

အိမ်ဖော်မလေးမိချမ်းမှာ သူ့သခင်မကြီးအတွက် စိတ်မကောင်းဖြစ်ကာ ရှိုက်ငိုကျန်ရစ်ခဲ့သည်။

အောက်ထပ်သို့ရောက်သည်တွင် လှုရဲရော နိုရာပါ မျက်လုံးပြူးသွားကြရတော့၏။

"ဟင် … မြတ် မြတ်ကေရီ မရှိတော့ပါလား"

"အို … ဟုတ်ပါရဲ့၊ သူ့ကို ဒီကုလားထိုင်နဲ့ တွဲပြီး ကြိုးအထပ်ထပ် တုပ်ထားခဲ့တာပါ၊ ခု သူလွတ်သွားပြီ ကိုလှုရဲ"

ညှော်ခန်းထဲရှိ စန္ဒရားကြီးအနီးမှ သစ်သားကုလားထိုင်နှင့်တွဲကာ ကြိုးတုပ်ချည်ထားခဲ့သည့် မြတ်ကေရီမှာ ပျောက်ခြင်းမလှ ပျောက်သွားခဲ့ပြီ ဖြစ်ပါ၏။

ကုလားထိုင်ဘေး ကြမ်းပြင်ပေါ်တွင် မနီလာကြိုးက အခွေလိုက်ကျန်ရစ်ခဲ့သည်။

ကုလားထိုင်ပေါ်တွင် စာရွက်ခေါက်ကလေးတစ်ခု တွေ့သဖြင့် ဖွင့်ကြည့်လိုက်ရာ အောက်ဖော်ပြပါအတိုင်း ရေးသားထားခဲ့ကြောင်း ဖတ်ရလေ၏။





လှုရဲ …

မင်းဟာ ငါ့ကိုဖမ်းဖို့ မင်းရဲ့ရည်းစား ကဝေမလေးရဲ့ အစွမ်းတွေကို အသုံးချခဲ့တယ်ပေါ့ … ဟုတ်လား။

အေး … အဲဒီဟာမလေးက ကဝေမ ဖြစ်သလို ငါက လည်း ၁၂ ကြိုးပဲ။

ငါဟာ ရန်သူ့လက်က လွတ်မြောက်အောင် ရှောင်ထွက်ခြင်းအတတ်ဖြစ်တဲ့ ရှေးဂမ္ဘီရ ပတိကြိယာအတတ်ကို တတ်မြောက်ထားသူမို့ မင်းတို့ရဲ့အနှောင်အဖွဲ့ကနေ လွတ်မြောက်သွားခဲ့ပြီ။

မင်းနဲ့ မင်းရဲ့ကောင်မလေးကို ငါက မကြေပွဲ နွှဲပါဦးမယ်။

ပညာအဆင့်မြင့်တဲ့ မင်းရဲ့ရည်းစားနဲ့ မင်းကို အနိုင်ယူနိုင်ဖို့ ဂမ္ဘီရအဆင့်မြင့်ပညာတွေ ထပ်ဆည်းပူးလိုက်ပါဦးမယ်။

ဒါကြောင့် လှုရိုးစဉ်တောင်တန်းက ဆရာသခင်တွေဆီ ငါသွားပြီ။

တစ်နေ့တော့ မုချပြန်တွေ့ပြီး ငါ့ရဲ့ရှုံးကြွေးကို ဆပ်ပြမယ်၊

ပန်းမြတ်ကေရီ



www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်

လူရဲနှင့်နိုရာတို့ ပန်းမြတ်ကေရီနှင့် ပြန်လည်ဆုံစည်းကြပုံကို နောက်လထွက်ရှိမည့် 'လူရိုးစဉ်တောင်တန်းမှ ရက္ခဒေဝီ' ဂမ္ဘီရလုံးချင်း စာအုပ်တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။

လူရဲက စာကိုဖတ်ပြီးနောက် သက်ပြင်းချလိုက်သည်

''မြတ်ကေရီကတော့ ထွက်ပြေးသွားပြီ နိုရာ၊ အေးလေ ... လူသတ်မှုတွေရဲ့ အဓိကတရားခံလွတ်သွားပေမယ့် မူလဇာ မြစ် လက်သည်တရားခံကို ဖမ်းမိတော့ တော်သေးတာပေါ့ ...

ဌာနရောက်မှပဲ အဲဒီလူသတ်မှု (၇) မှုကို ဘာကြောင့် ရက်ရက်စက်စက် ကျူးလွန်ခဲ့ရသလဲဆိုတာ သိရအောင် ဒေါ်မြ ဇာကို အသေးစိတ် စစ်ဆေးမေးမြန်းရတော့မှာပဲ နိုရာ''

လူရဲ၏စကားအဆုံးမှာပင် သော့ပွင့်နေပြီဖြစ်သည့် [illegible] အဝ သံပန်းတံခါးကြီး၏ရှေ့သို့ ဥဩသံတစီစီနှင့် ပုလိပ်ကား တစ်စီး ထိုးဆိုက်လာပါတော့သတည်း။

✹✹✹



အခန်း (၃)

ယေ်ဘာဝ သံယောဇဉ်

နာကြည်းရိပ်

အချစ်ပဥ္စလက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)



## ယေ်ဘဝသံယောဇဉ်

တရားခံဒေါ်မြစ်ဇာအား ဌာနတွင် ဆားပုလင်းလူရဲက စစ်မေးလေသောအခါ ဒေါ်မြစ်ဇာကလည်း လူသတ်မှု (၇) မှု ဆက်တိုက်ဆိုသလို ကျူးလွန်ခဲ့ရခြင်း၏ ရည်ရွယ်ချက်နှင့် အဖြစ်သနစ်အလုံးစုံကို မကွယ်မဝှက် ဝန်ခံထွက်ဆိုခဲ့ပါသည်။

ယင်း ဒေါ်မြစ်ဇာ၏ ထွက်ဆိုချက် (Statement) အား ဝတ္ထုသွားဖြင့် ဖော်ပြလိုက်ပါသည်။

✺



www.burmeseclassic.com

www.burmeseclassic.com

မမြစ်ဇာသည် မကွေးခရိုင်အတွင်းရှိ ဆောမြို့လေး၏ အနောက်ဘက် သုံးမိုင်အကွာ၌ တည်ရှိသည့် ဆင်သေရွာတွင် မွေးဖွားကြီးပြင်းခဲ့ရသူလေး ဖြစ်၏။

ငယ်စဉ်ကပင် မိဘနှစ်ပါး ကွယ်လွန်သွားသဖြင့် အဒေါ်ဖြစ်သူ မိသားစုနှင့်အတူ နေထိုင်ကြီးပြင်းခဲ့ရသည်။

မမြစ်ဇာ အပျိုဖော်ဝင်စ တစ်ညနေခင်းတွင် ရွာသူ အဖော်တစ်စုနှင့်အတူ ရွာအနောက်ဘက်ရှိ တောစပ်သို့ ဟင်း ရွက်ခူးထွက်ခဲ့ကြရာမှ မမြစ်ဇာမှာ တဖြည်းဖြည်း အဖော်ကွဲလာ စဉ် ...





“ဟယ် ... ယုန်ကလေးတော့”

ကင်ပွန်းချုံတစ်ချုံအောက်၌ ချစ်စဖွယ် ယုန်ဖြူဖြူဖွေး ဖွေးလေးတစ်ကောင်ကို မမျှော်လင့်ဘဲ တွေ့ရသဖြင့် ဖမ်းယူရန် ကြိုးစားရာ ယုန်ဖြူလေးက ခုန်ဆွခုန်ဆွဖြင့် ထွက်ပြေးတော့၏။

မမြစ်ဇာလည်း ယုန်ကလေးကို လိုချင်ဇောဖြင့် လိုက် ဖမ်းရာမှ တောထဲရောက်မှန်းမသိ ရောက်သွားပြီး နောက်ဆုံး မျက်စိလည်သွားတော့၏။

သူမသည် ရွာသို့မပြန်တတ်တော့ဘဲ စိတ်အားငယ် စိတ်ပျက်ကာ သင်ကဒူးပင်ကြီးတစ်ပင်အောက်တွင် ထိုင်ငိုနေမိစဉ် အနီးသို့ သူမနှင့်ရွယ်တူခန့်ရှိသော ကောင်မလေးတစ်ယောက် ရောက်ရှိလာခဲ့လေသည်။

“ဟဲ့ .. နင်က ဘယ်ကလဲ၊ ဘာဖြစ်လို့ ငိုနေရတာလဲ”

ဤတွင် မမြစ်ဇာက သူမ၏နာမည်နှင့် အဖြစ်အပျက်ကို ငိုရှိုက်ရင်း ပြောပြလိုက်ရာ မယ်ကော်ဟု အမည်ရှိသော ထိုမိန်း ကလေးက ဘာမျှမပူရန် အားပေးပြီး ...

“ငါနဲ့ ငါ့အဘိုးတို့က ဒီတောထဲမှာနေတာဟ၊ နင် လိုက်ခဲ့ ... ပြီးရင် ငါ့အဘိုးက နင့်တို့ရွာကို လိုက်ပို့လိမ့်မယ်”

သို့ဖြင့် မမြစ်ဇာမှာ မယ်ကော်ခေါ်ရာလိုက်သွားရာ တော



www.burmeseclassic.com

www.burmeseclassic.com



ဏ်တစ်နေရာရှိ ချောက်ကမ်းပါးစပ်မှ သစ်လုံးအိမ်ကလေးသို့ ရောက်ရှိသွားတော့၏။

မယ်ငေက်၏ အဘိုးဖြစ်သူ ဦးမင်းနာဂရလည်း မမြစ်ဇ ကို အားပေးပြီး သစ်သီးများကျွေးကာ ခဏအနားယူစေပြီးမှ သူတို့မြေးအဘိုးက တောစပ်ဆီသို့ လိုက်ပို့ပေးခဲ့လေသည်။

ရွာသို့ပြန်ရန် လမ်းစကိုတွေ့ရသည်နှင့် မမြစ်ဇာမှာ လွန်စွာဝမ်းသာသွားပြီး မယ်ငေက်တို့မြေးအဘိုးအား နှုတ်ဆက် ကာ ရွာဆီပြန်ခဲ့တော့၏။

ထိုအချိန်မှစ၍ မမြစ်ဇာမှာ မယ်ငေက်အား ခင်မင်သွား ခဲ့လေသည်။

ဦးမင်းနာဂရမှာ မိဘမဲ့မြေးမလေးနှင့်အတူ တော အတွင်းပိုင်း၌ သစ်လုံးအိမ်ကလေးဆောက်ကာ နေလာခဲ့သည် မှာ နှစ်နှစ်ခန့် ကြာပြီဖြစ်၏။

ဦးမင်းနာဂရသည် ကုန်းဘောင်ခေတ်က မကွေးရာဇ သားကြီး၏ မြေးဝမ်းကွဲတော်စပ်ပြီး ကနဦး နယ်ချဲ့ဆန့်ကျင်ရေး စစ်ပွဲတို့တွင် ပါဝင်နွှဲခဲ့သူ မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည်။

နောက်ပိုင်း လက်နက်လူသူအင်အားမမျှသဖြင့် နယ်ချဲ့ တပ်တို့ကို ရှုံးနိမ့်ပြီး ရောဝတီမြစ်၏အနောက်ဘက်သို့ ထွက်





ပြေးပုန်းရှောင်ခဲ့ရာမှ ချင်းတို့၏ဒေသ မောပိတောင်ခြေရွာကလေးသို့ ရောက်ရှိလာပြီး ယင်းရွာသူနှင့်အိမ်ထောင်ကျကာ တောမုဆိုးဘဝသို့ ကူးပြောင်းခဲ့လေသည်။

ဦးမင်းနာဂရသည် မုဆိုးအဖြစ် ကျင်လည်ရင်း မောပိတောင်ပေါ်တွင် တရားကျင့်နေသည့် ဂူအောင်းရသေ့ကြီးဦးစက္ကိန်နှင့် တွေ့ဆုံရကာ ရသေ့ကြီးဦးစက္ကိန်၏ တရားချမှုကြောင့် မုဆိုးအလုပ်ကို စွန့်လွှတ်ခဲ့လေ၏။

ရသေ့ကြီးဦးစက္ကိန်က အိန္ဒိယပြည် ဟိမဝန္တာတောင်တန်းမှ ဆရာသခင်တို့ထံတွင် လောကီပညာရပ်မျိုးစုံကို နှစ်ပေါင်းများစွာ ဆည်းပူးခဲ့သူဖြစ်ရာ သူ့ကို လွန်စွာလေးစားပြီး သံယောဇဉ်ဖြစ်နေသည့် ဦးမင်းနာဂရအား ယင်းလောကီပညာရပ်တို့ထဲမှ အချို့ကို သင်ပြပေးခဲ့လေသည်။

ဦးမင်းနာဂရလည်း ရသေ့ကြီး ဦးစက္ကိန်၏တောတွင်းဂူသို့ မကြာခဏသွားရောက်ပြီး ဖိုကူဆွဲပေးရင်း လောကီပညာရပ်တို့ကို ဆယ်နှစ်ခန့် သင်ယူဆည်းပူးခဲ့လေ၏။

ဦးမင်းနာဂရသည် အသက်မွေးဝမ်းကျောင်းအဖြစ် တောတောင်အတွင်းမှ ဆေးဖက်ဝင်သော သစ်မြစ်သစ်ဥတို့ကို ရှာဖွေတူးဖော်ကာ အနီးဝန်းကျင်ရွာများသို့ သွားရောက်ရောင်းချလေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိလေသည်။

ယင်းသို့ နေထိုင်လာခဲ့ရာမှ မြေးမလေးဖြစ်သူ မယ်ငကံ အပျိုဖော်ဝင်စမှာပင် ဦးမင်းနာဂရ၏ ဖနီးသည်ရော သားဖြစ်သူနှင့် ချွေးမဖြစ်သူတို့ပါ ပုလိပ်ရောဂါဖြင့် ကွယ်လွန်ကုန်ကြရာ မြေးမလေးမယ်ငကံကို ခေါ်လျက် မောပိတောင်ခြေတောထဲသို့ ပြောင်းရွှေ့နေထိုင်ခဲ့လေ၏။

ပုလိပ်ရောဂါဆိုးကြောင့် ရွာပျက်သွားသဖြင့် ရွာသို့လည်း မပြန်တော့ချေ။

ရသေ့ကြီးဦးစက္ကိန် ကွယ်လွန်သွားပြီးနောက်၌လည်း ဦးမင်းနာဂရတို့မြေးအဘိုးသည် တောတောင်ထဲမှာပင် ဆက်လက်နေထိုင်ခဲ့ရာမှ မမြစ်ဖာနှင့် ဆုံစည်းခဲ့ခြင်း ဖြစ်ပါ၏။

မမြစ်ဖာသည် မယ်ငကံတို့မြေးအဘိုးကို ခင်မင်သွားပြီးဖြစ်ရာ မယ်ငကံတို့ရှိရာ တောတွင်းမှ သစ်လုံးအိမ်ကလေးသို့ မကြာခဏ လာလည်လေ့ရှိသလို မယ်ငကံကလည်း မမြစ်ဖာတို့ရွာသို့ ရံဖန်ရံခါ အလည်လိုက်ပါသွားလေ့ရှိလေသည်။

ဦးမင်းနာဂရသည် နောက်ပိုင်းနှစ်များတွင် ကျန်းမာရေးချူချာလာရာ သူတတ်ကျွမ်းထားသည့် လောကီပညာရပ်တို့ကို မြေးမလေး မယ်ငကံအား လက်ထပ်သင်ကြားပေးတော့၏။





ဤတွင် မယ်ငကံကလည်း ညီအစ်မအရင်းတမျှ ချစ်ခင်နေပြီဖြစ်သည့် မမြစ်ဖာကိုပါ သင်ပေးရန် ဘိုးအေဖြစ်သူကို ပူဆာတိုက်တွန်းခဲ့လေသည်။

“အိမ်း . . . ခေတ်ကာလကလည်း ကောင်းတာမဟုတ်ဘူး။ မြေးမလေးနှစ်ဦးစလုံးကလည်း မိဘမဲ့လေးတွေဆိုတော့ ခေတ်ပျက်ကြီးထဲ လူလုပ်ရာမှာ ကိုယ်ရန်ကာအဖြစ် လောကီပညာရပ်တချို့ကို တတ်ထားသင့်တယ်ကွဲ့၊ အဘိုး သင်ပေးပါ့မယ်လေ၊ ဒါပေမဲ့ မြေးမလေးတို့က သစ္စာကတိတော့ ပြုရလိမ့်မယ်ကွဲ့.”

“ဟုတ်ကဲ့ . . . သမီးတို့ သစ္စာကတိပြုပါ့မယ် အဘိုး”

မမြစ်ဖာသည်လည်း လောကီဂမ္ဘီရပညာရပ်တို့ကို လွန်စွာစိတ်ဝင်စားသူဖြစ်ရာ သစ္စာကတိခံပြီး သင်ယူရန် စိတ်အားထက်သန်ခဲ့ပါ၏။

သို့ဖြင့် မယ်ငကံနှင့်မမြစ်ဖာတို့သည် အောက်ဖော်ပြပါအတိုင်း သစ္စာကတိပြုပြီး သစ္စာတော်ခံ လျှို့ဝှက်ဂမ္ဘီရပညာရပ်တို့ကို သင်ယူဆည်းပူးခဲ့ကြလေသည်။

“ကျွန်ုပ်တို့သည် မိမိနှင့် မိမိမိသားစု၏အသက်အိုးအိမ်စည်းစိမ်ကို မထိပါးသရွေ့ သင်ယူအံ့သော ဂမ္ဘီရပညာရပ်တို့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးတို့၏ အကျိုးပျက်စီးရာပျက်စီးကြောင်း ရည်ရွယ်ပြုလုပ်စီရင်ခြင်းမပြုပါဟု ကတိခံဝန်သစ္စာပြုပါ၏ ...။

ယင်းသစ္စာပျက်ယွင်းပါက တူသောအကျိုးပေးပါစေသတည်း ...၊

ကံကြမ္မာလည်းဘီး၏ နင်းကြိတ်မှု ခံရပါစေသတည်း။

မဟာပထဝီမြေကြီး၏ဝါးမျိုမှု ခံရပါစေသတည်း''

ထို့နောက်တွင်မူ မမြစ်ဇာသည် သူငယ်ချင်း မယ်ကေ့နှင့်အတူ သစ္စာတော်ခံ လျှို့ဝှက်ကမ္ဘာရပညာရပ်တို့ကို သုံးနှစ်သုံးမိုး ဆည်းပူးသင်ယူခဲ့လေသည်။

ယင်းနောက် အဘိုးဦးမင်းနာဂရမှာ လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့လေရာ မမြစ်ဇာက သူငယ်ချင်းဖြစ်သူ မယ်ကေ့အား ရွာသို့ခေါ်လာခဲ့ပြီး သူမနှင့်အတူ နေထိုင်စေခဲ့လေ၏။

မကြာမီ တစ်နှစ်အတွင်းမှာပင် ချောမောလှပကြသည့် သူငယ်ချင်းနှစ်ဦးစလုံးမှာ ဘဝကြင်ဖော်တို့ကို တွေ့ရှိပြီး ပူးစာဖက်ခဲ့ကြပါတော့သတည်း။

***



## နာကြည်းရိပ်

မယ်ကေ့က ရွာသို့ လယ်ယာမြေစာရင်းလာကောက်သည့် ဝန်ထောက်ကလေး ကိုမြတ်သူနှင့် အိမ်ထောင်ကျသွားသဖြင့် လက်ထပ်ပြီးနောက် ပခုက္ကူမြို့သို့ လိုက်ပါသွားရရာ ယင်းအချိန်မှစ၍ မယ်ကေ့နှင့် မမြစ်ဇာတို့ သူငယ်ချင်းနှစ်ဦးမှာ ကွဲကွာသွားရတော့၏။

သို့သော် လူကြုံရှိပါက သူငယ်ချင်းနှစ်ဦးမှာ အပြန်အလှန် စာရေးဖြစ်ကြသေးသည်။

နောက်ပိုင်းတွင်မူ မယ်ကေ့မှာ ခင်ပွန်းဖြစ်သူ ပြောင်းရွှေ့တာဝန်ထမ်းရွက်သည့် မြို့ရွာအနှံ့သို့ လိုက်ပါသွားရာ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးမှာ လုံးဝ ဝေးကွာသွားရတော့၏။

မမြစ်ဇာမှာ စတီးဘရားသား စပါးဝယ်ယူရေးကုမ္ပဏီ အဝယ်တော်ကိုဝင်းအောင်နှင့် အကြောင်းဆက် ပေါင်းဖက်ပြီး ကိုဝင်းအောင်၏ဇာတိ မြစ်ခြေသို့ လိုက်ပါသွားရလေသည်။

ထိုမှ မမြစ်ဇာမှာ ခင်ပွန်းဖြစ်သူကိုဝင်းအောင် ပြောင်း ရွှေ့ရာနောက် တကောက်ကောက်လိုက်ပါသွားခဲ့ရပြီး သူမနှင့် အတူ မိဘမဲ့တူမလေး (အဒေါ်၏သမီး) မြတ်မြတ်ကိုပါ ခေါ်သွား လေ၏။

မြတ်မြတ်မှာ ငယ်စဉ်ကပင် ထက်မြက်သူလေးဖြစ်ပြီး အစ်မဝမ်းကွဲတော်သည့် မမြစ်ဇာအား ချစ်ကြောက်ရိုသေသူလေး ဖြစ်သည်။

ကိုဝင်းအောင်နှင့် မမြစ်ဇာတို့မှ သားယောကျာ်းလေး နှစ် ဦး မွေးဖွားခဲ့ရာ ရွှေသွေးနှင့် ငွေသွေးဟူ၍ အမည်မှည့်ခေါ်ခဲ့လေ ၏။

ရွှေသွေးနှင့်ငွေသွေး အရွယ်ရောက်စမှာပင် ဖခင်ဖြစ်သူ ဦးဝင်းအောင် ကွယ်လွန်သွားရာ ဒေါ်မြစ်ဇာမှာ မွေးစားသမီး (ညီမ) နှင့် သားနှစ်ယောက်၏တာဝန်ကို လွှဲပြောင်းထမ်းဆောင် ရသော်လည်း ခင်ပွန်းဖြစ်သူ ရှာဖွေစုဆောင်းပေးခဲ့သည့် ငွေကြေး





မော်တော်တစ်စင်းထောင်လျက် စီးပွားရေးကို ဦးဆောင်နိုင်ခဲ့ လေသည်။

မြစ်ခြေမြို့တွင် ပြန်လည်အခြေချခဲ့သည့် ဒေါ်မြစ်ဇာ၏ မော်တော်ဆလင်မှာ ယမားဆိုသူဖြစ်ပြီး စက်မောင်းသမားမှာ ဒေါင်းနီဖြစ်၏။ သူတို့နှစ်ဦးမှာ ဒေါ်မြစ်ဇာ၏လူယုံများလည်း ဖြစ်ကြသည်။

ရွှေသွေးနှင့်ငွေသွေးအား ဒေါ်မြစ်ဇာက မကွေးသို့ပို့ပြီး မကွေးမြို့ အမျိုးသားတန်းမြင့်ကျောင်းတွင် ကျောင်းထားပေးခဲ့ လေ၏။

ရွှေသွေးနှင့်ငွေသွေးမှာ ဟိုက်စကူးဖိုင်နယ်သို့ အရောက် တွင် ယ် နိုင်ငံရေးကို စိတ်ဝင်စားလာပြီး မကွေး၌ ကျောင်းသား ခေါင်းဆောင်များ ဖြစ်လာခဲ့ကြလေသည်။

သူတို့ ညီအစ်ကိုသည် အာရှလူငယ်အဖွဲ့ဝင်များလည်း ဖြစ်ကြကာ တို့ဗမာအစည်းအရုံးမှ သခင်များနှင့်ပေါင်းလျက် နယ်ချဲ့ဆန့်ကျင်ရေးတရားများ ဟောလာခဲ့ကြတော့သည်။

ယင်းအချိန်တွင် ဒေါ်မြစ်ဇာက သားနှစ်ယောက်အား နိုင်ငံရေးမလုပ်ရန် တားမြစ်ခဲ့သေးသော်လည်း သားများက နယ် ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ပြင်းထန်နေသဖြင့် မြစ်ခြေသို့မပြ



www.burmeseclassic.com

www.burmeseclassic.com



မပြန်တော့ဘဲ မကွေးနှင့်ရန်ကုန် ကူးချည်သန်းချည်ပြုကာ နိုင်
ရေးလုပ်ငန်းကိုပင် တစိုက်မတ်မတ် လုပ်လျက်ရှိကြတော့၏

အသက်အရွယ် ထောက်စပြုလာသည့် ဒေါ်မြစ်ဇာက
သူမ တတ်ကျွမ်းထားသော လျှို့ဝှက်သစ္စာတော်ခံ ဂမ္ဘီရပညာရ
တို့ကို သားနှစ်ယောက်အား အမွေပေးထားရစ်ခဲ့လိုသော်လည်
သားတို့က လောကဓာတ်ပညာတတ်များပီပီ လောကီဂမ္ဘီရပည
များကို မလေ့လာ မလိုက်စားလိုသောကြောင့်လည်းကောင်
မြစ်ခြေသို့ ပြန်လာခြင်းမရှိသဖြင့်လည်းကောင်း သင်ကြား အမ
ပေးထားနိုင်ခြင်း မရှိချေ။

ထို့ကြောင့် သူမနှင့် အမြဲ အနီးကပ်ရှိနေသည့် ညီ
အလိမ္မာ မွေးစားသမီးမြတ်မြတ်ကိုသာ ပညာအမွေပေးရလေ

သို့သော် လျှို့ဝှက်သစ္စာတော်ခံ ယင်းပညာရပ်တို့
မသင်ကြားမီ ဒေါ်မြစ်ဇာက မြတ်မြတ်ထံမှ ထူးထူးခြားခြားကတ
တစ်ခု တောင်းခဲ့လေသည်။

ယင်းကတိမှာ မြတ်မြတ်သည် ထူးခြားပြီး ရှားပါ
သည့် ယင်းပညာရပ်တို့ကို သင်ကြားတတ်မြောက်ပြီးပါက ဒေ
မြစ်ဇာစေခိုင်းသည့် အလုပ်ဟူသမျှကို မငြင်းမပယ် လိုက်
လုပ်ဆောင်ရမည်ဟူသော ကတိပင်ဖြစ်ပါ၏။





မြတ်မြတ်မှာ ပင်ကိုကပင် ထူးဆန်းသော လောကီ
ပညာရပ်တို့ကို လွန်စွာစိတ်ပါဝင်စား ဝါသနာပါသူမို့ မွေးစား
မိခင်လည်းဖြစ်၊ အစ်မဝမ်းကွဲလည်းဖြစ်သော ဒေါ်မြစ်ဇာအလိုကျ
ကတိပေးခဲ့လေသည်။

သို့ဖြင့် ဒေါ်မြစ်ဇာက သူမ တတ်ကျွမ်းထားသမျှ လော
ကီဂမ္ဘီရပညာရပ်တို့ကို မြတ်မြတ်အား အကုန်အစင် ဆရာစား
ချန်ဘဲ လက်ထပ်သင်ကြားပေးခဲ့လေ၏။

မြတ်မြတ်သည် ထူးဆန်းလှသည့် ဂမ္ဘီရပညာရပ်တို့ကို
တတ်ကျွမ်းပြီးနောက်တွင် ယင်းပညာရပ်အား အသုံးချရန် အခွင့်
အလမ်းတစ်ရပ်ကို မမျှော်လင့်ဘဲ ကြုံလာရတော့သည်။

ဖြစ်ပုံမှာ မြစ်ခြေမြို့၌ တန်ဆောင်တိုင်ပွဲတော်ကျင်းပ
သည့်အခါ ရပ်ကွက်အသီးသီးမှ စင်တင်အရပ်ပြဇာတ်တို့ဖြင့်
ပျော်ပြေကြရလေ့ရှိသည်။

ယင်းနှစ်တွင် ရပ်ကွက်လူကြီးတို့က ရုပ်ရည်ချောမော
လှပလွန်းသည့်မြတ်မြတ်အား မင်းသမီးအဖြစ် ပါဝင်ကပြပေးရန်
မေတ္တာရပ်ခံလာကြလေ၏။

တစ်ရပ်ကွက်နှင့်တစ်ရပ်ကွက် သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်
ကသည့်ပွဲမို့ ရပ်ကွက်လူကြီးတို့၏ မေတ္တာရပ်ခံတိုက်တွန်းချက်အား



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြစ်ဇာမှ မငြင်းပယ်သာဘဲ ညီမဖြစ်သူကို ပါဝင်ကပြခွင့် ပြုလိုက်ရတော့သည်။

မြတ်မြတ်မှာ သဘင်အလုပ်ကို ဝါသနာမပါလှသော်လည်း ရပ်ကွက်အတွက်မို့ ပါဝင်ကပြရင်း စိတ်ပါဝင်စားလာတော့သည်။

သို့ဖြင့် တန်ဆောင်တိုင်ပွဲတော်ပြီးနောက် နှစ်လခန့်အကြာ၌ ကျင်းပသည့် မြို့ဦးစေတီဘုရားပွဲတော်တွင် ရပ်ကွက်ကိုယ်စားပြု ပြဇာတ်တင်ဆက်ရာ၌ မြတ်မြတ်က သူမကိုယ်တိုင် ဇာတ်ကွက်ဆင်ကာ ခေါင်းဆောင်မင်းသမီးအဖြစ် ကပြခဲ့သည်။

ဇာတ်ပိုးဝင်သွားပြီဖြစ်သည့် မြတ်မြတ်သည် ယင်းဇာတ် ကပြရာ၌ သူမ တတ်ကျွမ်းထားသည့် အနေကရူပါဝိဘာ ကရဏပညာရပ်ကို မည်သူမျှမရိပ်မိအောင် ထည့်သွင်း အသုံးပြုလေ၏။

ပြဇာတ်ကပြရာ၌ ဇာတ်ရုပ်သုံးရုပ်ကို သုံးကိုယ်ခွဲ သရုပ်ဆောင်ရာတွင် မီးဖျတ်ခနဲအမိုက်မှာပင် လျင်မြန်စွာ အသွင်သဏ္ဌာန်ပြောင်းကာ ကပြနိုင်ခဲ့ရာ ပရိသတ်မှာ လွန်စွာ သဘောကျပြီး လက်ခုပ်သံတဖြောင်းဖြောင်း ဖြစ်ခဲ့ရ၏။

ခု နှစ် စဉ် ကြယ် စာ ပေ



ထိုပြဇာတ် လွန်စွာ အောင်မြင်ခဲ့လေသည်။

မြတ်မြတ်၏အမည်မှာလည်း တစ်မြို့လုံး ကျော်ကြားသွားတော့၏။

ထိုဘုရားပွဲတွင် ရုံပွဲဝင်လာသည့် ဇာတ်ဆရာတစ်ဦးက မြတ်မြတ်ကို လွန်စွာသဘောကျသွားပြီး သူ့ဇာတ်၌ ပါဝင်ကပြရန် ကမ်းလှမ်းလာတော့သည်။

ဇာတ်ပိုးဝင်သွားပြီဖြစ်သည့် မြတ်မြတ်က ယင်းဇာတ်အဖွဲ့တွင် လက်ထောက်ခေါင်းဆောင် ပြဇာတ်မင်းသမီးအဖြစ် လိုက်ပါကပြလိုသော်လည်း ဒေါ်မြစ်ဇာက သဘောမတူသဖြင့် ဇာတ်ထဲသို့ လိုက်ခွင့်မရခဲ့ချေ။

သို့သော် သတင်းကြားနှင့် မန္တလေးမှ ဇာတ်ဆရာများ ဆင်းလာပြီး မြတ်မြတ်ကို ခေါ်လေရာ မြတ်မြတ်ကလည်း အပူပြင်းပြနေသဖြင့် နောက်ဆုံးတွင် ဒေါ်မြစ်ဇာက ဇာတ်အဖွဲ့နှင့် အတူ လိုက်သွားရန် သဘောတူခဲ့ရလေ၏။

တစ်နှစ်အတွင်းမှာပင် မြတ်မြတ်သည် မြတ်ကေရီ ဟူသော အမည်ဖြင့် မန္တလေးဇာတ်လောကတွင် ထင်ရှားလာပြီး 'မြမြတ်မာလာ' ဟူသော ကိုယ်ပိုင်ဇာတ်အဖွဲ့ ထူထောင်နိုင်ခဲ့သည်အထိ တိုးတက်လာခဲ့တော့၏။

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ယင်းအချိန်မှာပင် ဒေါ်မြစ်ဇာသည် မော်တော်လုပ်ငန်း ကို မလုပ်လိုတော့သဖြင့် မော်တော်ကို ရောင်းပစ်လိုက်ပြီ အဖော်ကောင်းသောကြောင့် အိန္ဒိယပြည် ဗုဒ္ဓဂါယာသို့ ဘုရားဖူး ထွက်သွားလေသည်။

ဖြစ်ချင်တော့ ဒေါ်မြစ်ဇာ အိန္ဒိယနိုင်ငံ၌ ရှိနေစဉ်မှာပင် ဒုတိယကမ္ဘာစစ်ဖြစ်ရန် စစ်ရိပ်စစ်ငွေ့များသန်းလာလျက် အိန္ဒိယ သမုဒ္ဒရာအတွင်း၌ မဟာမိတ်တို့၏ရန်သူ ဂျာမန်ရေငုပ်သင်္ဘော များ လှုပ်ရှားလာရာ အိန္ဒိယမှ သင်္ဘောခရီးစဉ်အတော်များမျာ မထွက်ရဲ၊ မထွက်ဝံ့ ဖြစ်လာကြတော့၏။

လုံခြုံရေးစိတ်မချရသဖြင့် မြန်မာပြည်သို့လာမည့် သင်္ဘောပတ်မရှိရာ ဒေါ်မြစ်ဇာမှာ မြန်မာပြည်သို့ ပြန်လာ လွှန်စွာခက်ခဲနေပြီး အိန္ဒိယမှာပင် သောင်ထင်နေခဲ့လေသည်။

ထိုအချိန်သမယမှာပင် မြန်မာနိုင်ငံ၌ နယ်ချဲ့ဆန့်ကျင် ရေးလှုပ်ရှားမှုများ ပြင်းထန်လာတော့၏။

(၁၉၃၀) ခုနှစ်၊ ဖွန်လဆန်းတွင် သခင်အောင်ဆန်းသည် ဇလွန်မြို့အပိုင် ဒေါင့်ကြီးရွာတရားပွဲ၌ ဟသ်ာတခရိုင် ရာဇဝတ် ဝန် တားမြစ်ထားသည့်ကိစ္စကို ထည့်ဟော၍ဟုဆိုကာ သခင် အောင်ဆန်းအား ခရိုင်ရာဇဝတ်ဝန် ဖေမီးယားက ဖမ်း





ထုတ်လေသည်။

သခင်အောင်ဆန်းလည်း အဖမ်းမခံဘဲ ရှောင်တိမ်းသွား ခဲ့လေ၏။

ရွှေသွေးနှင့်ငွေသွေးတို့သည်လည်း တို့ဗမာအစည်းအရုံး ဝင် သခင်များအဖြစ် မကွေးမှာသာမက ဆင်ဖြူကျွန်း၊ ဆိပ်ဖြူ ရေနံချောင်းတို့မှာပါ နိုင်ငံရေးတရားပွဲများ ပြုလုပ်ပြီး နယ်ချဲ့ ဆန့် ကျင်ရေးတရားများ ဟောပြောလှုံ့ဆော်ရာ ပခုက္ကူခရိုင် ရာဇဝတ် ဝန်မှ ဖမ်းဝရမ်းထုတ်ကာ ဖမ်းဆီးရန် ပုလိပ်အဖွဲ့ကို အမိန့်ပေး တော့သည်။

ဤတွင် ရွှေသွေးတို့လည်း ပုလိပ်အဖွဲ့ကို ရှောင်တိမ်းရန် ကြိုးစားရတော့၏။

ထိုအချိန်တွင် ထီးလင်းအနောက်ဘက်တောထဲ၌ တို့ ဗမာအစည်းအရုံးဝင် သခင်တစ်စု ရောက်ရှိနေပြီး လျှို့ဝှက်စခန်း ရုံး တည်ထောင်ထားလေ၏။ ထိုသခင်အုပ်စု၏ ရည်ရွယ်ချက်မှာ မောပိတောင်ကျောကိုဖြတ်ကာ အနောက်ဘက်ရှိ ချင်းတောင် တန်းဒေသသို့ ဝင်ရောက်လျက် ချင်းတိုင်းရင်းသားခေါင်းဆောင် များနှင့် ပူးပေါင်းပြီး နယ်ချဲ့ကို တော်လှန်တိုက်ခိုက်ရန် ဖြစ်၏။

သို့သော် ယင်းသို့ တော်လှန်ရေးစစ်ပွဲ ဆင်နွှဲနိုင်ရန်



www.burmeseclassic.com

www.burmeseclassic.com



လှအင်အားသာမက လက်နက်အင်အား၊ ခဲယမ်းမီးကျောက်၊ စားနပ်ရိက္ခာ ဆေးဝါးတို့ပါ အလုံအလောက်ရှိရန် လိုအပ်လျက် ရှိလေသည်။

ယင်းသတင်းကို ဆက်သားမှတစ်ဆင့် ကြားထားသဖြင့် ကျွန်းချောင်း၊ ရေနံချပ်၊ ဆိပ်ဖြူ၊ ဆင်ဖြူကျွန်းဒေသတို့သို့ အာရှလူငယ်အဖွဲ့ဝင်များ၊ တို့ဗမာအစည်းအရုံးဝင် သခင်များ လျှို့ဝှက်စွာ သွားရောက်ကြပြီး မျိုးချစ်စိတ်ရှိသူ၊ ပံ့ပိုးကူညီနိုင်သူတို့ထံမှ တော်လှန်ရေးရန်ပုံငွေအတွက် အလှူခံလျက် အကူအညီတောင်းရတော့၏။

အချိန်အခါကလည်း မိမိတို့ တစ်မျိုးသားလုံးအပေါ် ဖိနှိပ်နယ်ချဲ့ လွှမ်းမိုးထားသည့် အင်္ဂလိပ်တို့ကို လှည်းနေလှေအောင်း မြင်းဖောင်းမကျန် တော်လှန်တိုက်ခိုက်လိုစိတ် ပြင်းပြနေချိန်ဖြစ်သဖြင့် မျိုးချစ်စိတ်ရှိသော ချမ်းသာကြွယ်ဝသူ သူဌေးများ၊ ယာပိုင် မြေပိုင်ရှင်များက မတွန့်မဆုတ် လှူဒါန်းထည့်ဝင်ခြင်း ပြုကြလေ၏။

မှဆိုးမမှမကျန် ထည့်ဝင်ကြရာ စုစုပေါင်း ငွေငါးသိန်းကျော်ခန့် ရရှိလေသည်။

ထိုစဉ် ထိုခေတ်က ငွေတစ်မူးဖြင့် ထမင်းတစ်ပန်းကန်





ဝယ်ယူစားနိုင်သောကာလ၌ ရသောအနေအထားမို့ ငွေငါးသိန်းကျော် ဆိုသည်မှာ နည်းနည်းနောနော ငွေမဟုတ်ပေ။

"သခင်ရွှေသွေးနဲ့သခင်ငွေသွေး ... မောင်ရင်တို့ကို ယုံကြည်စိတ်ချလို့ ဒီငွေတွေ ပေးအပ်လိုက်တာပဲ၊ သွားရမယ့်ခရီးကတော့ ကြမ်းတယ်၊ ကျုပ်တို့က ယောချောင်းကတစ်ဆင့် ကျောချောင်းအတိုင်း အထက်ကိုဆန်ပြီး ချောင်းသာကြီးရွာဆိပ်အထိ လိုက်ပို့ကြမယ် ...၊

မောင်ရင်တို့ကို၊ ဖမ်းဝရမ်းထုတ်ထားတော့ ပုလိပ်တွေက ရေလမ်း, ကုန်းလမ်း အားလုံးမှာ ပိတ်ဆို့ပြီး ရှာဖွေနေကြတယ်၊ ဒီတော့ စိတ်အချရဆုံးမော်တော်ကို ငှားပြီး ယောချောင်းအတိုင်း ညဘက်မှာ ဆန်တက်ရမှာဖြစ်တယ်၊ မောင်ရင်တို့နဲ့အတူ သခင်လှသောင်းပါ လိုက်ပါလိမ့်မယ်၊ မော်တော်ငှားဖို့တော့ စိတ်ချရတဲ့မော်တော်ကို ရှာဖွေနေတုန်းပဲ"

ဤတွင် ရွှေသွေးက အကြံပြုလိုက်သည်။

"ကျွန်တော်တို့အမေ မော်တော်ထောင်ခဲ့တုန်းက အမေ့ရဲ့ လူယုံဆလင်နဲ့ စက်မောင်းတို့ ရှိတယ်ခင်ဗျ၊ သူတို့ဟာ အမေရောင်းလိုက်တဲ့ ရေမင်းသားမော်တော်မှာပဲ ဆက်လုပ်နေတယ်၊ ရေမင်းသားမော်တော်ကို ရအောင်သာငှားပါ"



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် မြင်းခြံနှင့်ဆင်ဖြူကျွန်း ပြေးဆွဲလျက်ရှိသော ရေမင်းသားမော်တော်ကို ငှားလိုက်ကြလေ၏။

ခရီးထွက်မည့်ညဦးမှာပင် ရွှေသွေးတို့ညီအစ်ကိုက မော်တော်ဆလင်ဦးယမားနှင့် စက်မောင်း ကိုဒေါင်းနီတို့ကို လှေဆိပ်မှာပင် လျှို့ဝှက်တွေ့ဆုံကာ တိတ်တဆိတ် ဆွေးနွေးကြလေသည်။

"ဦးယမားနဲ့ကိုဒေါင်းနီ ... ကျွန်တော်တို့ အခုထွက်ရမယ့်ခရီးဟာ အင်မတန် လျှို့ဝှက်မှဖြစ်မယ့်ခရီးဗျ ... သိရဲ့လား"

"အဲဒါတော့ မသိဘူးလေကွာ၊ စပါးပွဲစားဦးသံဒိုင်တို့လာငှားလို့ ငါတို့က လိုက်ရမှာ၊ အန္တရာယ်များ ရှိမှာလား။ ခေတ်ကာလက ကောင်းတာမဟုတ်ဘူးကွ"

"သတင်းပေါက်ကြားရင်တော့ အန္တရာယ်ရှိတယ်ဗျ။ အန္တရာယ်ရှိတာမှ အင်္ဂလိပ်စစ်ပုလိပ်တွေရဲ့ အန္တရာယ်အပြင် သူခိုးဓားပြတွေရဲ့အန္တရာယ်ပါ ရှိတာဗျ။ ဒါကြောင့် အစဉ်အဆက် ယုံကြည်စိတ်ချခဲ့ရတဲ့ ခင်ဗျားတို့ကိုမှ ရွေးငှားရတာပေါ့ဗျာ"

"ဟ ... နေပါဦး ငါ့ညီရွှေသွေးရ၊ စစ်ပုလိပ်တွေရဲ့ရန်ကြောက်ရတာတော့ ထားပါတော့၊ သူခိုးဓားပြရန်ကိုရော ဘာကြောင့် ကြောက်ရမှာလဲကွ"

"ဒီလိုဗျ ... ကျွန်တော်တို့နဲ့အတူ တော်လှန်ရေးရန်ပုံငွေ အတော်များများ ပါမယ်၊ ဒါကြောင့် သူခိုးဓားပြရန်အတွက်ပါ ထည့်တွက်ထားရတာပဲ"

"ငွေက ဘယ်လောက်များ များလို့လဲကွ"

"သိန်းနဲ့ချီပြီးတော့ကိုပါမှာဗျ။ ဒါကြောင့် ချောင်းသာကြီးရွာရောက်ပြီး အဲဒီကနေ ထီးလင်းအထိ ကုန်းလမ်းခရီးသွားဖို့ လှည်းငှားတဲ့အခါမှာလည်း စိတ်ချယုံကြည်ရတဲ့ သူကိုငှားမှ ဖြစ်မှာဗျ"

"ဟ ... အဲဒီအတွက်တော့ ဘာမှမပူနဲ့ ငါ့ညီ၊ ချောင်းသာကြီးရွာမှာ ငါ့အသိတွေရှိတယ်၊ လှည်းအတွက်ပါ စီစဉ်ပေးမယ်"

"အေးဗျာ ... ဦးယမားတို့ကို အားကိုးပါတယ်၊ ဒါကလည်း အများအကျိုး တိုင်းပြည်အကျိုးအတွက်ပါ"

"အေးပါ ... ငါတို့နားလည်ပါတယ်၊ မင်းတို့ အရာရာအဆင်ပြေစေရမယ်ကွာ၊ ခလုတ်မထိ ဆူးမငြိစေရဘူး"

"ကျေး ... ကျေးဇူးပဲဗျာ ဦးယမားနဲ့ ကိုဒေါင်းနီ"

သို့ဖြင့် ရေမင်းသားမော်တော်ဖြင့် ခရီးနှင်ခဲ့ရာ ...ယာ







www.burmeseclassic.com

www.burmeseclassic.com



ချောင်းအတိုင်း ညဘက်ကြီးမှာပင် တိတ်တဆိတ် ဆန်တက်ခဲ့ကြလေသည်။

ဆိပ်ဖြူနှင့်လမ်းရွာမှ သခင်အဖွဲ့က မော်တော်နှင့်အတူ လိုက်ပါလာခဲ့ကြလေ၏။ ယောချောင်းအတိုင်း ဆန်တက်ခဲ့ကြပြီး ကျောချောင်းနှင့်ဆုံရာ ပေါက်ဆိပ်ကမ်းအရောက်တွင် မော်တော်ဆိုက်ပြည့်ရင်း ခေတ္တနားကြ၏။

ဤတွင် မော်တော်ဆလင်ယမားနှင့် ဒေါင်းနီတို့ ကျိတ်တိုင်ပင်ကာ သူတို့၏လူယုံ မိုးကြီးဟူသော မော်တော်အလုပ်သမားတစ်ဦးအား ပဲ့ထောင်တစ်စီးဖြင့် ရှေ့မှ ကြိုလွှတ်လိုက်လေသည်။

ထိုလူယုံမိုးကြီးဆိုသူက ချောင်းသာကြီးရွာဆိပ်ကမ်းသို့ နာရီဝက်ကြိုရောက်သွားပြီး ဆိပ်ကမ်းမှ တစ်ခုတည်းသော ထမင်းဆိုင်ရှင်အား စည်းရုံးကာ ရွှေသွေးတို့သုံးဦးကို ထမင်းဟင်းထဲ အိပ်ဆေးများ ခပ်ကျွေးရန် ငွေပေးစေခိုင်းခဲ့လေ၏။

သို့ဖြင့် ချောင်းသာကြီးရွာဆိပ်သို့ ရေမင်းသား ဆိုက်ရောက်ပြီးနောက်တွင် လိုက်ပို့သည့် သခင်အဖွဲ့ ပြန်သွားကြလေသည်။ ထို့နောက် ထမင်းဆိုင်ရှင် ကိုခဲမောင်ကျွေးသည့် ကြက်သားဟင်းထဲထည့်ထားသော အိပ်ဆေးမိကာ ရွှေသွေး၊ ငွေသွေး





နှင့် သခင်လှသောင်းတို့မှာ နာရီများစွာ အိပ်ပျော်သွားကြတော့၏။

သူတို့ကို မိုးကြီးစီစဉ်ထားသည့်အတိုင်း လှည်းသမားတောက်ထွန်းက နွားလှည်းဖြင့် ထီးလင်းသို့ ခေါ်ဆောင်သွားခဲ့လေသည်။

ထီးလင်းသို့ရောက်သည့်တွင် မိုးကြီး၏အစီအမံနှင့်ပင် မြို့လယ်ပိုင်းရှိ ဒေါ်မြနန်းစိန် ပိုင် "နန်းမဟာ" စားသောက်ဆိုင်အပေါ်ထပ် တည်းခိုဆောင်မှ အခန်းတစ်ခန်းထဲ၌ ရွှေသွေး၊ ငွေသွေးနှင့် သခင်လှသောင်းတို့အား သိပ်ထားလိုက်ကြလေ၏။

မနက်မိုးလင်းလျှင် ဦးယမားနှင့် ဒေါင်းနီတို့ပါလိုက်လာပြီး စားသောက်ဆိုင်ရှင် ဒေါ်မြနန်းစိန်နှင့်ပါ စည်းဝါးရိုက်တိုင်ပင်ကာ ရွှေသွေးတို့နှင့်အတူပါလာသည့် ငွေငါးသိန်းကို အပိုင်စီးလိုက်ကြလေသည်။

ဦးယမားက သမင်းဆိုင်ရှင် ခဲမောင်အား နူတ်ပိတ်ခအဖြစ် ငွေတစ်သောင်း ပေးစေ၏။ လှည်းသမားတောက်ထွန်းကိုလည်း ငွေနှစ်သောင်းပေးလေ၏။ မိုးကြီး၊ ဒေါင်းနီနှင့် ဒေါ်မြနန်းစိန်တို့ကိုမူ ငါးသောင်းစီ ခွဲပေးလေသည်။

ထို့နောက် နဂိုကပင် မကောင်းမှုနှင့် အသက်မွေးသည့် ဒေါ်မြနန်းစိန်၏ အဆက်အသွယ်ဖြင့် သေနတ်နှစ်လက်လက်



www.burmeseclassic.com

www.burmeseclassic.com



ပစ်ဗုံးတစ်လုံးတို့ကို ဝယ်ယူလေ၏။

ဒေါ်မြနန်းစိန်မှာ စားသောက်ဆိုင်နှင့်တည်းခိုဆောင်ကို တွဲဖွင့်ထားပြီး သူမ၏စားသောက်ဆိုင်အပေါ်ထပ်မှ တည်းခိုဆောင်တွင် ဘိန်းရနိုင်သလို အပျော်မယ်များကိုလည်း ရနိုင်၏။

သူမသည် အင်္ဂလိပ်စစ်တပ်နှင့်လည်း အဆက်အသွယ်ရှိသလို တောကြောင်များ၊ ဓားပြဂိုဏ်းများနှင့်လည်း ဆက်သွယ်မှု ရှိသူဖြစ်သည်။

ထို့ကြောင့် သူမ၏အဆက်အသွယ်ဖြင့် လက်နက်များ ဝယ်ယူရရှိပြီး ယင်းလက်နက်တို့ကို ရွှေသွေးတို့၏အခန်းထဲတွင် ထားရှိကာ အင်္ဂလိပ်စစ်ပုလိပ်များထံ အကြောင်းကြားစေ၏။

ဒေါ်မြနန်းစိန်က သူမ၏ "နန်းမဟာ" တည်းခိုဆောင်တွင် လူစိမ်းသုံးဦး လာရောက်တည်းခိုနေကြောင်း ၎င်းတို့မှာ အစိုးရဆန့်ကျင်ရေးသမား သူပုန်များဟုယူဆရကြောင်း အင်္ဂလိပ်စစ်ပုလိပ်တို့ကို သတင်းပေးပို့လိုက်တော့သည်။

နေ့လယ်ပိုင်းတွင် စစ်ပုလိပ်အဖွဲ့ လာရောက်စစ်ဆေးသောအခါ ရွှေသွေးတို့သုံးဦးမှာ အိပ်ပျော်နေရာမှ နိုးစဖြစ်ပြီး အိပ်ဆေး၏တန်ခိုးကြောင့် အိပ်ချင်မူးတူးဖြစ်နေကြတော့၏။

ရွှေသွေးနှင့်ငွေသွေးတို့၏ ခုတင်များအောက်တွင် ဂုန်နီ





အိတ်ဖြင့် ပတ်ထားသည့် ခြောက်လုံးပြူးသေနတ်နှစ်လက်ကို စစ်ပုလိပ်တို့က တွေ့ရှိခဲ့ကြသည်။

သခင်လှသောင်း၏ ကျောပိုးအိတ်ထဲမှ အစိုးရဆန့်ကျင်ရေးစာရွက်စာတမ်းများနှင့် လက်ပစ်ဗုံးတစ်လုံးကိုပါ သိမ်းဆည်းရမိလေ၏။

ထို့ကြောင့် ရွှေသွေး၊ ငွေသွေးနှင့် သခင်လှသောင်းတို့အား လက်နက်မှု၊ အစိုးရကို လက်နက်စွဲကိုင်တော်လှန်ရန် ကြံစည်သည့် သူပုန်မှု စသည်တို့ဖြင့် အမှုဖွင့်ကာ မကွေးခရိုင်ရာဇဝတ်တရားရုံးသို့ တရားစွဲဆို တင်ပို့ခဲ့ကြလေသည်။

ဦးယမားက ရွှေသွေးတို့၏အမှုကို ကိုင်တွယ်သည့် အစိုးရရှေ့နေ (ဆွဲချ) ဖြစ်သော ဦးကြာယုအား ငွေတစ်သောင်း ပေးပြီး ရွှေသွေးတို့သုံးဦးကို အပြစ်ကျိန်းသေကျစေရန် ဆောင်ရွက်ခိုင်းလေ၏။

သို့ဖြင့် ရွှေသွေး၊ ငွေသွေးနှင့် သခင်လှသောင်းတို့မှာ မည်သို့မျှ ခုခံကာကွယ်ငြင်းဆိုမှု မပြုနိုင်ဘဲ ကြိုးဒဏ်ပေး ချမှတ်ခြင်းခံခဲ့ကြရလေသည်။

ရွှေသွေးတို့ ကြိုးဒဏ်ကျခံရပြီးသည့်နောက်နေ့မှာပင် မကွေးမြို့ပေါ်သို့ ဂျပန်လေယာဉ်ပျံတို့ ဗုံးလာကြဲလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မကြာမီမှာပင် မြန်မာ့တော်လှန်ရေးတပ်နှ ဂျပန်တပ်များ၏ တိုက်ထုတ်မှုကြောင့် အင်္ဂလိပ်တို့မှာ မြန်မာနိုင် အနောက်ပိုင်းမှ အိန္ဒိယပြည်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားကြ ရလေသည်။

ခေတ်ပျက်သွားသဖြင့် မြတ်ကေရီလည်း သူမ၏ "ပ မြတ်မာလာ" ဇာတ်အဖွဲ့အား ဇာတ်ခေါင်းခွဲ ဖျက်သိမ်းလိုက် သူမကိုယ်တိုင်မှာမူ သူမနှင့်ရင်းနှီးသည့် အင်္ဂလိပ်ကပြား သ တောဝန်ထောက်တစ်ဦး၏ဇနီးနှင့်အတူ အိန္ဒိယပြည်ဘက် လိုက်ပါသွားခဲ့လေ၏။

သူမ၏ရည်ရွယ်ချက်က မြန်မာပြည်သို့ တစ်နှစ်ကျေ ခန့် ပြန်လာခြင်းမရှိသလို သတင်းစကားလည်း မကြားရသော သည့် မွေးစားမိခင်လည်းဖြစ်၊ အစ်မဝမ်းကွဲလည်းဖြစ်သော ဒေါ်မြစ်ဇာအား ရှာဖွေရန် ဖြစ်လေသည်။

မြတ်ကေရီသည် အိန္ဒိယပြည်အနှံ့ စုံစမ်းရှာဖွေရာ နှစ်ခွဲခန့်အကြာတွင် ဒေါ်မြစ်ဇာအား ဂင်္ဂါမြစ်ကမ်းနံဘေးရှိ ဏသီ ရှေးဟောင်းမြို့တွင် ရှာဖွေတွေ့ရှိခဲ့လေ၏။

ဒေါ်မြစ်ဇာမှာ ကံအားလျော်စွာ မဟာရာဂျာတစ်ဦး စောင့်ရှောက်ကူညီမှု ခံယူရရှိနေသဖြင့် ပြည့်စုံချမ်းသာစွာ နေ





ရသည်ကို တွေ့ရလေ၏။

ဒေါ်မြစ်ဇာ၏ ကံဇာတာကလည်း ထူးခြား၏။

သူမသည် စစ်ရေးအခြေအနေကြောင့် မြန်မာပြည်သို့ ပြန်နိုင်သောအခါ အိန္ဒိယနိုင်ငံသား မိတ်ဆွေတို့နှင့်အတူ အိန္ဒိယပြည်နေရာအနှံ့သို့ ဒေသန္တရ ဗဟုသုတအလို့ငှာ သွားလာသည်ပတ်ရင်း မြို့ရွာတစ်ခုသို့ရောက်တိုင်း တစ်လနှစ်လ စသည်ဖြင့် နေထိုင်ခဲ့လေသည်။

သူမ၏မိတ်ဆွေများက သူမကို အစစကူညီခဲ့ကြလေ၏။

သို့ဖြင့် ဗာရာဏသီမြို့သို့ ရောက်သွားသည်တွင် မဟာ ရာဂျာတစ်ဦးနှင့် သိကျွမ်းခွင့်ရခဲ့လေသည်။

ယင်းမဟာရာဂျာ၏သားတစ်ဦးမှာ ငယ်စဉ်က ဆော့ ကစားရင်း ချော်လဲရာတွင် ဦးခေါင်းထဲသို့ သံအချွန်တစ်ခု စိုက်ဝင်ခဲ့၏။

ထိုသံချွန်၏အပြင်ပိုင်းကို ဖြတ်တောက်ထားသော်လည်း ဦးခေါင်းထဲသို့ စိုက်ဝင်နေသည့် သံချွန်၏အဖျားပိုင်းကိုမူ ထုတ် ယူနိုင်ခြင်းမရှိပေ။

လေးလက်မခန့်အရှည်ရှိသည့် သံချွန်အား အနောက် တိုင်း ဆေးပညာနည်းအရ ခွဲစိပ်ထုတ်လျှင် ဦးနှောက်ကို ထိခိုက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သဖြင့် ဆရာဝန်များက ခွဲမထုတ်ရဲကြပေ။

သည်အတိုင်း ဆွဲထုတ်လျှင်လည်း ဦးနှောက်ထဲ သွေ

ဝင်ကာ သေဆုံးသွားနိုင်မည်ဖြစ်သဖြင့် ဆွဲမထုတ်ရဲကြပေ။

ထို့ကြောင့် ဦးခေါင်းထဲ သံချောင်းဝင်လျက် သည်

တိုင်း ထားရရာ ဦးခေါင်းနည်းနည်းလှုပ်တိုင်း နာကျင်ကိုက်ခဲ

ဝေဒနာ ပြင်းစွာ ခံစားနေရလေ၏။

မဟာရာဂျာနှင့်မဟာဒေဝီတို့မှာ သူတို့၏သားအတွ

နေ့စဉ် သောကဝေနေရသည်မှာ သုံးနှစ်ခန့်ရှိပေပြီ။ ကလေး

လည်း တစ်နေ့တခြား လုံးပါးပါးလာတော့၏။

ဒေါ်မြစ်ဇာက ယင်းအချက်ကိုသိသွားသည့်အခါ မဟာ

ရာဂျာ၏သား ခေါင်းထဲစိုက်ဝင်နေသော သံချွန်အား သူမတ

ကျွမ်းထားသည့် စူးဝင်နေသော ဆူးညှောင့်များတို့ကို နုတ်ယူ

ခြင်း ဂမ္ဘီရအတတ် (သလ္လဟရဏဝဏစိဖ္လူနသိဒ္ဓိအတတ်) ဖြ

နုတ်ပေးလိုက်လေ၏။

မဟာရာဂျာတို့ဇနီးမောင်နှံမှာ သူတို့၏သားကို သေ

မသိရန်မခဘဲ သံဆူးနုတ်ပေးနိုင်ခဲ့သည့် ဒေါ်မြစ်ဇာအား လွန်

ကြည်ညိုလေးစား ကျေးဇူးတင်ကာ သူတို့၏စံအိမ်တော် အိ

ခန်း၌ တင်ကျွေးထားလေသည်။





ဖြစ်ချင်တော့ မဟာရာဂျာက ဒေါ်မြစ်ဇာ သွားလိုရာသို့ အဆင်ပြေစွာ သွားလာနိုင်စေရန် ဖိုဒ်ကားတစ်စီးနှင့် ဒရိုင်ဘာ တစ်ယောက် ပေးထားရာ တစ်နေ့တွင် ဇာရာဏသီ၏အနီးအနား ရှိ ရှေးဟောင်းမြို့တစ်မြို့သို့ သွားရောက်လည်ပတ်ပြီး ပြန်လာစဉ် ကားမှောက်ခဲ့လေ၏။

ကားမှောက်ခြင်းကြောင့် ဒရိုင်ဘာမှာ ပြင်းထန်စွာ ဒဏ် ရာရသွားပြီး ဒေါ်မြစ်ဇာမှာ ဝဲဘက်ခြေသလုံးရိုး နှစ်ပိုင်းကျိုးသွား ရလေသည်။

ကျောက်ပတ်တီးစည်း ကုသခြင်းကြောင့် ခြေထောက် ပြန်ကောင်းခဲ့သော်လည်း လမ်းမြန်မြန် ဝေးဝေးမလျှောက်နိုင် တော့ချေ။

မြတ်ကေရီမှာ ဒေါ်မြစ်ဇာအား ပြန်လည်တွေ့ရှိသည့် အခါ သားနှစ်ယောက်ဖြစ်သည့် ရွှေသွေးနှင့်ငွေသွေးတို့၏ ပျောက်ဆုံးလုသောကြမ္မာကို ဒေါ်မြစ်ဇာသိရှိသွားတော့၏။

“တောက် ... ဖြစ်ရလေ သားတို့ရယ်၊ ဖြစ်ရလေ”

ဒေါ်မြစ်ဇာမှာ သားနှစ်ယောက်အတွက် ယူကျုံးမရ ကြေကွဲခြင်း ဖြစ်ရတော့သည်။

“မိမြတ်ရယ် ... ငါ့သားတွေဟာလည်း နင့်ရဲ့တူတွေပါ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ နင့်ဘူတွေအတွက် နင် ဘာမှ မကူညီနိုင်ခဲ့ဘူးလား''

''မမကြီးအပြစ်တင်ရင်လည်း ခံရမှာပါပဲ၊ မြတ်လည်း 'ပန်းမြတ်မာလာ' ဇာတ်အဖွဲ့ကို ဦးဆောင်ကနေရတဲ့ကြား ပွဲဆက်တွေကများနေတော့ ရွှေသွေးတို့နဲ့ အတော်ကို အဆက် အသွယ်ပြတ်နေခဲ့တယ်၊ ရွှေသွေးတို့ အမှုဖြစ်တော့ မြတ်က ရှမ်းတောင်တန်းဒေသဘက်ရောက်နေခဲ့တယ်၊ ပြီးတော့ ရွှေသွေး တို့အမှုက သတင်းစာတွေ ဘာတွေမှာပါတာမဟုတ်ဘူး။ အဲ တုန်းက သတင်းစာတွေက ဒုတိယကမ္ဘာစစ်ကြီးဖြစ်ဖို့ တာစူ တဲ့ သတင်းတွေ၊ စစ်ပြင်နေကြတဲ့ သတင်းတွေကိုပဲ ဦးစား ဖော်ပြခဲ့တာ၊ သခင်အောင်ဆန်းတို့ သခင်ဗစိန်တို့လို နာမည် ကြီး နိုင်ငံရေးသမားတွေရဲ့ သတင်းလောက်ပဲ ဖော်ပြကြ ဆိုတော့ ရွှေသွေးတို့ရဲ့အဖြစ်ကို မသိလိုက်ရဘူး''

''ဒါဆို ဘယ်တော့မှသိသလဲ''

''မြန်မာပြည်ကို မြန်မာတော်လှန်ရေးဘပ်တွေနဲ့အ ဂျပန်တွေ ဝင်လာတော့ အင်္ဂလိပ်တွေစစ်ပြေးရရော၊ အဲဒီ မြတ်လည်း မမကြီး သေသလား ရှင်သလား မသိဘူး၊ အဲ ပြည်မှာ သွားရာမှ ဖြစ်မယ်ဆိုပြီး မော်လမြိုင်ထွန်းတို့ လင်မယား လိုက်လာတာ၊ အဲဒီလို လိုက်လာရင်း ကလေးဝကနေ ကုန်း





တော့ အဲဒီကားဒရိုင်ဘာဟာ ရွှေသွေးတို့ရဲ့ဖြစ်ရပ်အားလုံးကို သိနေတဲ့သူဖြစ်နေတယ် မမကြီးရဲ့''

''သူက ဘယ်လိုသိနေတာလဲ''

''ရွှေသွေးတို့ သေဒဏ်ကျအောင် ပူးပေါင်းလုပ်ကြံလိုက် တဲ့ လူစုထဲက မိုးကြီးဆိုတဲ့လူနဲ့ အဲဒီဒရိုင်ဘာကိုတာတီးက ကိုက်ဖက်၊ အရက်သောက်ဖက်တဲ့၊ မိုးကြီးက အရက်သိပ်မူး ဘာတဲ့အခါ ထန်းရည်မူး ကျွဲခိုးပေါ်ဆိုသလို ဖြစ်ကြောင်းကုန်စင် ပြောပြလို့ သိရတာတဲ့ မမကြီးရဲ့''

''ဒါဆို ငါ့သားတွေကို ပူးပေါင်းလုပ်ကြံလိုက်တာပေါ့ ... ဟုတ်လား၊ တောက် ... ဘယ်သူတွေကများ လုပ်ကြံကြ တာလဲ၊ နင်သိသမျှ ပြောပြစမ်း မိမြတ်''

ဤတွင် မြတ်ကေရီလည်း သူမ ကြားသိထားသမျှကို ပြောပြလိုက်တော့၏။

မြတ်ကေရီ၏စကားအဆုံးတွင် ဒေါ်မြစ်ဇာက ဂျက် ခြင်းစွာခေါက်လိုက်တော့သည်။

''တောက် ... ပက်စက်လိုက်ကြတဲ့သူတွေ၊ ယုတ်မာ လိုက်ကြတာ''

''ဟုတ်တယ် မမကြီး၊ သင်းတို့လူစုဟာ တော်လှန်ရေး



www.burmeseclassic.com

www.burmeseclassic.com



ရန်ပုံငွေတွေကို ကြားက ဖြတ်သုတ်နိုင်ဖို့ ရွှေသွေးတို့ကို အကွက်ဆင်ပြီး သေဒဏ်ကျအောင် လုပ်လိုက်တာပါပဲ၊ ဒါမှ သူတို့အတွက် နောက်ကြောင်းအေးမယ်လေ''

''ကောင်းပြီလေ ... တွေ့ကြသေးတာပေါ့၊ တစ်နေ့တော့ မြန်မာပြည်ကို မိမြစ်ဇာ ပြန်ရောက်ရမှာပါ၊ အဲဒီအခါ သင်းတို့ကို ငါ့သားတွေအတွက် ကောင်းကောင်းကြီး လက်စားပြန်ချေပြမယ်၊ သွေးကြွေးကို သွေးအေးအေးနဲ့ ပြန်ဆပ်ပြမယ် အဲဒီအခါ မိမြတ် ... ညည်း ကျုပ်ကိုကူညီရမယ်နော်''

''စိတ်ချပါ မမကြီး၊ မမကြီးရဲ့ကျေးဇူး မြတ်အပေါ်မှာ အများကြီးရှိပါတယ်၊ အဲဒီကျေးဇူးတွေကို ဆပ်တဲ့အနေနဲ့ရော မြတ်ရဲ့တူလေးတွေအတွက်ပါ မမကြီးနဲ့ပူးပေါင်းပြီး အဲဒီလူယုတ်မာကောင်တွေကို မှုန့်မှုန့်ညက်ညက် ချေကြမယ်''

✺



''ဖြစ်ရပ်ကတော့ အဲဒီအတိုင်းပါပဲ''

ဒေါ်မြစ်ဇာက ဖြစ်မှုကျူးလွန်ရခြင်း၏အခြေခံအကြောင်းအရင်း (Motive) ကို ရှည်လျားစွာ ပြောပြအစစ်ခံလေသည်။

''ဟုတ်ပါပြီ ဒေါ်မြစ်ဇာ၊ မြန်မာပြည်ကိုပြန်လာပြီး အမှုတွေ ကျူးလွန်ပုံကိုပြောပြပါဦး''

ဆားပုလင်းလူရဲက သူမ၏ထွက်ဆိုချက် (Statement) ကို လက်ရေးတိုဖြင့် လိုက်မှတ်နေရာမှ တိုက်တွန်းတောင်းဆိုမှု ပြုလိုက်ရာ ဒေါ်မြစ်ဇာက ဆက်လက်ထွက်ဆို၏။

''ကျုပ်ရဲ့ရည်ရွယ်ချက်တွေ အောင်မြင်စေဖို့ အတွက်



www.burmeseclassic.com

www.burmeseclassic.com



အပုံဖြစ်ခဲ့တာက မဟာရာဂျာရဲ့လက်ဆောင်ရတနာတွေကြောင့်ပဲ၊ မဟာရာဂျာကြီးက ဂျပန်ခေတ်ကုန်ဆုံးပြီးတဲ့နောက် ကက်စပီယန်လို့ခေါ်တဲ့ အင်္ဂလိပ်အစိုးရ မြန်မာပြည်ထဲ ပြန်ဝင်ပြီး အုပ်ချုပ်တဲ့အချိန်မှာ ကျုပ်တို့ညီအစ်မလည်း မြန်မာပြည်ပြန်ဖို့ စိုင်းပြင်းတဲ့အခါ ရတနာသေတ္တာငယ်တစ်လုံးကို လက်ဆောင်အဖြစ် ပေးလိုက်တယ်၊ သူ့သားရဲ့အသက် ကယ်ခဲ့တဲ့ကျေးဇူးကို တုံ့ပြန်တဲ့အနေနဲ့ ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်လိုက်တာပါပဲ ...၊

ကျုပ်တို့လည်း ရတနာသေတ္တာနဲ့အတူ မြန်မာပြည်ကို ရေလမ်းခရီးကနေ ချောချောမောမော ပြန်ရောက်လာပြီးတဲ့နောက်မှာ ရလာတဲ့ ရတနာတချို့ကို ထုခွဲလိုက်တယ် ...၊

အဲဒီနောက် အခုဘောင်ဒရီလမ်းက စကားဝါစံအိမ်ကြီးကို ဝယ်လိုက်တယ်၊ အဲဒီတိုက်ကြီးကို အရင်က ချစ်တီးသူဌေးတစ်ယောက်ပိုင်ခဲ့တာပါ၊ တိုက်ကြီးကို ဆေးအဖြူရောင် သုတ်ထားတယ်၊ ကျုပ်ရော မြတ်မြတ်ရောဟာ ကြာသပတေးသမီးတွေမို့ ကြာသပတေးဂြိုဟ်ရဲ့အရောင်ဖြစ်တဲ့ အဝါရောင် ပြောင်းသုတ်ပြီး စကားဝါစံအိမ်လို့ အမည်တပ်ခဲ့ကြတာပဲ ...၊

စံအိမ်ကြီးဝယ်ပြီးတဲ့နောက် ကျုပ်ကတော့ ခရီးဝေးဝေး မသွားနိုင်လို့ အိမ်မှာပဲ များသောအားဖြင့်နေပြီး ညွှန်ကြားရုံ





ညွှန်ကြားခဲ့တယ် ...၊

မြတ်မြတ်က ရရှိထားတဲ့အချက်အလက် သဲလွန်စအပေါ် အခြေခံပြီး ကျုပ်ရဲ့သားတွေကို ရက်ရက်စက်စက် ဒုက္ခပေးခဲ့တဲ့ ငမိုက်သားတွေရဲ့သတင်းကို နည်းမျိုးစုံနဲ့ စုံစမ်းထောက်လှမ်းတော့တယ် ...၊

တစ်နှစ်နီးပါးလောက် စုံစမ်းထောက်လှမ်းလိုက်တယ်ဆိုရင်ပဲ သူတို့ (၇) ယောက်စလုံးရဲ့ သတင်းအချက်အလက်တွေကို ရရှိခဲ့တာပါပဲ၊ သူတို့ထဲက အများစုဟာ ကျုပ်ရဲ့သားနှစ်ယောက်ကို မကောင်းကြံပြီး ရယူထားတဲ့ ငွေတွေနဲ့ အရင်းပြုလို့ ကြီးပွားနေကြတာကို တွေ့ရတယ် ...၊

အဲဒီနောက် ကျုပ်တို့ညီအစ်မ တိုင်ပင်ပြီးတော့ အဲဒီငမိုက်သားတွေကို တစ်ဦးချင်း ခြိမ်းခြောက်သတ်ဖြတ်ခဲ့ကြတယ်၊

သူတို့ကို နာနာကြည်းကြည်း ခြိမ်းခြောက်သတ်ဖြတ်ချင်လို့ မသတ်ခင် အဝါရောင် စက္ကူဘူးကို အနက်ရောင် ဖဲကြိုးနဲ့စည်းပြီး တတိုက်ကဖြစ်ဖြစ် လူကိုယ်တိုင် ရုပ်ဖျက်ပြီး ဖြစ်ဖြစ် ပို့ခဲ့တယ်၊ အနက်ရောင်ဖဲကြိုးကတော့ မရဏရဲ့သင်္ကေတပေါ့လေ ...၊

စက္ကူဘူးထဲမှာ သုံးရက်အတွင်း လာသတ်မယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းခြောက်စာရေးခဲ့တယ်၊ နောက် . . . မြတ်မြတ်က အနေကရှ ပါ ဝိဘာဝကရဏာသိဒ္ဓိ ဂန္ထိရပညာနဲ့ ရုပ်သွင်အမျိုးမျိုးပြောင်းပြီး ငမိုက်သားတွေကို သွေးကြွေးဆပ်ခဲ့တာပါပဲ''

✹ ✹ ✹

## အချစ်ပဥ္စလက်



တစ်ခုသောနံနက်တွင် လှည်းတန်းဦးထွန်းလင်းခြံလမ်းရှိ နှင်းဖြူဖြူ၏ တိုက်ပုလေးရှေ့သို့ လှူရဲ၏ဆိုင်ကယ် ထိုးရပ်လာသည်။

ဆိုင်ကယ်ပေါ်မှဆင်းပြီး ဘီလပ်တံခါးဖွင့်ထားသည့် ညှိ ခန်းထဲ လှမ်းဝင်လိုက်လေလျှင် ဆိုဖာဆက်တီခုံများပေါ်တွင် ထိုင်နေကြသော နှင်းဖြူဖြူနှင့် ဖြူဖြူချောချောအမျိုးသမီးကြီး တစ်ဦးကိုတွေ့ရလေ၏။

''လာ . . . ကိုရဲ ဒီမှာ မာမီလည်း ရောက်နေတယ်''

နှင်းဖြူဖြူက ပြုံးရွှင်စွာ ဖိတ်ခေါ်လိုက်ရာ လှူရဲပည်း

ခု နှစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



နှင်းဖြူဖြူ၏မိခင်ကြီးကို ဦးခေါင်းညွှတ် အရိုအသေပြု နှုတ်ဆက်လိုက်ပြီးနောက် ဆက်တီခုံတစ်ခု၌ ဝင်ထိုင်လိုက်လေသည်။

"မာမီ ... ဒါ သမီးပြောတဲ့ကိုရဲ့ ဆားပုလင်းလူရဲ"

"ကိုရဲ ... ဒါ နိုရာရဲ့မာမီလေ"

"ဟုတ်ကဲ့၊ အခုလို တွေ့သိခွင့်ရတဲ့အတွက် ဝမ်းသာပါတယ် ခင်ဗျာ၊ ကျွန်တော်လိုက်ခဲ့တဲ့အမှုမှာ နိုရာက အများကြီး အထောက်အကူပြုခဲ့ပါတယ်"

ဒေါ်မယ်ဂေ့က သက်ပြင်းချလိုက်သည်။

"အေးကွယ် ... သမီးပြောပြလို့ အားလုံးသိပြီးပါပြီ၊ အန်တီလည်း ငယ်သူငယ်ချင်းဖြစ်တဲ့ဇာဇာအတွက် စိတ်မကောင်းပါဘူး ...၊

ဇာဇာဟာ တတ်မြောက်ထားတဲ့ အနေကရှုပါဝိဘာဝ ကရဏသိဒ္ဓိ ဂမ္ဘီရပညာကို ရာဇဝတ်မှုကျူးလွန်တဲ့နေရာမှာ အသုံးပြုခဲ့တာတော့ စိတ်မကောင်းစရာပါပဲ ...၊

အေးပေါ့လေ ... သူလည်း သူ့သားနှစ်ယောက်အတွက် ကြေကွဲနာကြည်းခံစားရပြီး ဒီလို တုံ့ပြန်မှုတွေ ပြုခဲ့ရှာတာပါပဲ

ဒါထက် ဇာဇာရဲ့ညီမ မြတ်မြတ်ကတော့ လွတ်သွားတယ်ပေါ့ ... ဟုတ်လား"





"ဟုတ်ပါတယ်အန်တီ၊ ... အမိကတရားခံ လူသတ်သမ မြတ်ကေရီက လွတ်မြောက်သွားပါတယ်"

ဤတွင် နှင်းဖြူဖြူ (ခေါ်) နိုရာက ဝင်ပြောသည်။

"မာမီရေ ... အဲဒီမြတ်ကေရီကတော့ သမီးတို့နှစ်ယောက်အပေါ် အတော်အငြိုးကြီးသွားတယ်၊ သူက တစ်နေ့နေ့ တွေ့မယ်လို့တောင် ခြိမ်းခြောက်သွားသေးတယ်"

"အင်း ... သူလည်း ဂမ္ဘီရပညာမျိုးစုံတတ်ထားသူဆိုတော့ သူ့ရဲ့အန္တရာယ်ကို သတိထားပေါ့၊ လျှော့မတွက်နဲ့၊ သူက ကဝေမမှ တကယ့်ကဝေမ၊ မာမီလည်း နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းတွေဖြုတ်ပြီး ဒီရန်ကုန်မှာပဲ အခြေချရင်း သမီးနဲ့အတူလာနေမလားလို့ တွေးထားတယ်၊ ခုတော့ မာမိက သမီးကို စိုးထားသလို ဖြစ်နေတယ်"

"ဟာ ... မာမီ ရန်ကုန်မှာ လာနေရင် ပိုကောင်းတာပေါ့၊ သမီးအတွက်ကတော့ မပူပါနဲ့ မာမီ၊ ကိုရဲလို မိတ်ဆွေကောင်းလည်း ရှိနေပြီပဲ"

ဤတွင် ဒေါ်မယ်ဂေ့က လူရဲကို ရွှန်းရွှန်းစားစား ပြုံးကြည့်သည်။

"အင်း ... ဟုတ်ပါရဲ့ကွယ်၊ မောင်လူရဲကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာရပ်ခံရဦးမယ်''

"ဟုတ်ကဲ့ ... ပြောပါ အန်တီ"

''အန်တီက သမီးလေးကို အခုလာတွေ့ပြီးရင် ဟိုမှာ ကိစ္စတွေ မပြတ်သေးလို့ လားရှိုးကို ပြန်ရဦးမယ်၊ အန်တီ ပြန်မရောက်လာနိုင်သေးတဲ့အချိန်မှာ သမီးလေးနီရာကို စောင့်ရှောက်ကူညီပါကွယ်''

''စိတ်ချပါအန်တီ၊ နီရာက ကျွန်တော့်ကို အများကြီး ကူညီခဲ့တာပဲ၊ ကျွန်တော်ကလည်း ပြန်ပြီး ကူညီစောင့်ရှောက် ရမှာပေါ့ ခင်ဗျာ''

''အေး ... အေး ကျေးဇူးပါပဲကွယ်''

✸

ညင်းညံ့သည့် လေပြည်လေးထဲဝယ် ညနေရီ၏ ပန်းရနံ့ ...့ လှုံးလိမ့်သင်းပျံ့လျက်ရှိသော ဆည်းဆာတစ်ခုတွင် လူရဲနှင့် ...တို့သည် နီရာ၏တိုက်ပုလေးရှေ့ရှိ မြက်ခင်းပေါ်မှ သစ်သား ...လေးပေါ်၌ ထိုင်နေကြလေသည်။

သိုးမွှေးဆွယ်တာဖြူဖြူလေးဝတ်ထားသည့် နုနယ်ပျိုမျစ် ...နေသော မိန်းမချောလေးကို လူရဲက တရှိုက်မက်မက် ငေး ...ကြည့်လိုက်ရင်း ...

''နီရာ ... ကိုယ်တော့ နီရာ့ကို အရမ်းကျေးဇူးတင်တယ် ...ာ''

ခ နစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ ခြံစည်းရိုးပုဏ္ဏရိပ်တန်းကို ငေးကြည့်နေရာမှ နီရာက ဖျတ်ခနဲ လှည့်ကြည့်သည်။

"တော်ပါတော့၊ အဲဒီကျေးဇူးစကားတွေ ကိုရဲ့ရဲ့အမူတွေကို ဖော်ထုတ်တဲ့နေရာမှ နီရာကူညီခဲ့လို့ အောင်မြင်တာဆိုပြီး ကျေးဇူးစကားပြောခဲ့တာ ဘယ်နှခါရှိပြီလဲ"

"မဟုတ်ပါဘူး၊ အခု ကျေးဇူးတင်တယ်လို့ပြောတာ အခြားအကြောင်းကြောင့်ပါ"

နီရာက မျက်ခုံးတန်းတန်းလေးများကို လှပစွာ ပင့်လိုက်သည်။

"ဘယ်လို ...အခြားအကြောင်းများပါလိမ့် ကိုရဲ"

လူရဲက ပြုံးလိုက်ပြီး ခပ်တိုးတိုးပြောသည်။

"ဒီလိုပါ ...ကိုယ်လေ၊ ရောက်ဖို့လွယ်မယ်လို့ မထင်ထားတဲ့ ဘဝကို နီရာရဲ့ခွင့်ပြုချက်နဲ့ ရင်ခုန်စွာ ရောက်ခဲ့ရလို့ပါ"

နီရာက နားမလည်နိုင်စွာဖြင့် မျက်ဝန်းလေးများ ဝိုင်းစက်သွားတော့၏။

"ဟင် ...ဘယ် ...ဘယ်လို ဘဝကို ကိုရဲ ရောက်သွားလို့လဲ"

လူရဲက သူမကို ရွှန်းလဲ့စွာကြည့်ရင်း ခပ်တိုးတိုး ပြော

ခု နစ် စဉ် ကြယ် စာ ပေ



လိုက်သည်။

"ဟိုလေ ...နီရာရဲ့ချစ်သူရည်းစားဘဝကိုလေ"

"အို ...ဘယ်, ဘယ်တုန်းက ရောက်လို့လဲ"

"ဟာကွာ ...နီရာက မသိချင်ယောင် မဆောင်နဲ့ကွာ၊ မြတ်ကေရီဆီသွားတုန်းက နီရာက ကိုယ့်ရဲ့ချစ်သူရည်းစားလေးဆိုပြီး လိုက်ခဲ့တာလေ ...၊ အဲဒီတုန်းကတည်းက ကိုယ်ဟာ နီရာရဲ့ချစ်သူရည်းစားဘဝ ရောက်ခဲ့ရတာမဟုတ်လား"

ပြောပြီး ပြုံးဖြီးဖြီးဖြစ်သွားသည့် လူရဲအား နီရာက မျက်လုံးလေးပြူးကာ အံလေးကြိတ်ကြည့်လိုက်ပြီးနောက် လက်သီးဆုပ်ဖြူဖြူလေးဖြင့် လူရဲ၏ လက်မောင်းနှင့်ကျောကုန်းတို့ကို တအုံးအုံးထုတော့သည်။

"ကြည့်စမ်း ...နီရာက အကောင်းပြောတယ်မှတ်လို့ နားထောင်နေတာ ...၊ ကဲ ကဲ ...အသားယူချင်ဦး ...ကဲ ကဲ"

'ဖုံး ဖုံး ဖုံး'

လူရဲမှာ တဟဲဟဲရယ်ရင်း ယခုဆိုလျှင် ခင်မင်မှုသက်တမ်း တစ်လကျော်ကျော်မျှအတွင်း ငယ်ပေါင်းကြီးဖော်နှယ် ခင်

ခု နစ် စဉ် ကြယ် စာ ပေ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



မင်ရင်းနှီးနေပြီဖြစ်သည့် သည်မိန်းမချောလေးအား အကယ်ပင် ချစ်မြတ်နိုးလျက်ရှိပြီဖြစ်သဖြင့် သူမ၏လက်သီးဆုပ် ဖြူနုနုလေးများကို ဖမ်းဆုပ်လိုက်ပြီး . . .

"တကယ်ပြောတာပါ နီရာ . . . ကိုယ် အသားယူတာ မဟုတ်ပါဘူး . . .၊

အဲဒီတုန်းကတည်းကလေ နီရာဟာ ကိုယ့်ရဲ့ချစ်သူအဖြစ် လေးဖြစ်ရင် သိပ်ကောင်းမှာပဲလို့ စိတ်ထဲမှာ တွေးနေမိတာ . . . သိလား။

ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က အဲဒီကတည်းက နီရာကို ချစ်နေလို့လေ"

ဟု ပြုံးလျက် ပြောလိုက်ရာ နီရာက လက်ကလေးကို ရုန်းလိုက်ပြီး မျက်စောင်းထိုးလိုက်ပြန်၏။

"ဒါပေမဲ့လေ . . . နီရာရဲ့ချစ်သူဖြစ်ရမှာလည်း ကြောက် မိတယ် . . . သိလား"

"အောင်မယ် . . . လာလာချေသေး၊ နေပါဦး . . . ဘာ ဖြစ်လို့ ကြောက်တာလဲ၊ နီရာက ဘီလူးမမို့လား"

"ဘီလူးမထက်ဆိုးတာပေါ့ . . . ဟဲ ဟဲ"

"ကိုလူရဲ"

ခု နစ် စဉ် ကြယ် တ ပေ



"ဟိုးဟိုး . . . စိတ်မဆိုးနဲ့ဦးလေ၊ ကိုယ်ပြောပြတာလည်း နားထောင်ဦး . . .၊

ဒီလိုလေ နီရာနဲ့ကိုယ်နဲ့ချစ်သူတွေဖြစ်ပြီး လက်ထပ် ကြတဲ့အခါ မင်္ဂလာဦးညလည်းရောက်ရော ကိုယ်က သတို့သမီးရဲ့ အခန်းကို သွားတဲ့အခါ နီရာက အနေကရွှပါဝိဘာဝကရဏဂန္ထိရ ပညာနဲ့ ယောက်ျားလေးလိုအသွင်ပြောင်းထားရင် ဘယ်လိုလုပ် မလဲ"

လူရဲ၏စကားကြောင့် မျက်နှာလေး ရဲနေသည့် နီရာက စိတ်မဆိုးနိုင်တော့ဘဲ တခစ်ခစ်ရယ်တော့သည်။

"ခစ် ခစ် ခစ် . . . အဲဒီလိုဖြစ်မှာကြောက်ရင်လည်း လာမချစ်နဲ့ပေါ့"

"ဟာ . . . ချစ်တာကတော့ ချစ်မှာပဲ၊ အဲ . . . နီရာက ကိုယ့်ကို တစ်ခုပဲကူညီ"

"ဟင် . . . ဘာကူညီရဦးမှာလဲ"

"ကိုယ့်ကို အဲဒီ အနေကရွှပါဝိဘာဝကရဏသိဒ္ဓိ ဂန္ထိရ အတတ်သင်ပေး၊ ဒါမှ ချစ်ရည်လူးချိန်ရောက်တဲ့အခါ နီရာက ယောက်ျားလေးအသွင်ပြောင်းထားရင် ကိုယ်က မိန်းကလေး အသွင်ပြောင်းလိုက်ရုံပဲ၊ ဒါဆို အိုကေပဲ . . . ဟဲ ဟဲ ဟဲ"

ခု နစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



"သွား ... ပေါက်ကရ"

ချစ်ရသူလေးက ရှက်ရယ်လေးရယ်ကာ ကျောကုန်းကို တဘုံးဘုံးထုပြန်သည်။ လူ့ရဲကမ္ဘာ သဘောကျကြည်နူးရင်ခုန်စွာ တဟဲဟဲ ရယ်လို့မဆုံးတော့။

အစဉ်အမြဲကြိုးစားလျက်

စိတြအဂ္ဂ

# စိတြအဂ္ဂ ၏ ရေးသားထုတ်ဝေပြီးသောလုံးချင်းဝတ္ထုများ

| | | |
|---|---|---|
| ၁။ | ကိုးမြို့ကိုးတံခါး | ( စိတြကူ ကလောင်အမည်ဖြင့် ) |
| ၂။ | သေမင်းပုရပိုက်မြို့ | ( ။ ) |
| ၃။ | မရဏရှင်းတမ်း | ( ။ ) |
| ၄။ | ရွှေဘုံနန်းရှင် | ( ။ ) |
| ၅။ | ဂယ်သုံးလုံးမောင်သုံး | ( စိတြအဂ္ဂ ကလောင်အမည်ဖြင့် ) |
| ၆။ | မိကျောင်းစေတမန် | ( ။ ) |
| ၇။ | ခုနှစ်ဒီကျိန်စာ | ( ။ ) |
| ၈။ | စွယ်နက်ရှင် | ( ။ ) |
| ၉။ | ဒီးနပ်(စ်)ပုလဲ | ( ။ ) |
| ၁၀။ | ပင်လယ်မြွေပဟာက် | ( ။ ) |
| ၁၁။ | အင်းဘီလူး | ( ။ ) |
| ၁၂။ | သဝင်မြိုင်မောင်နှမ | ( ။ ) |
| ၁၃။ | အရိုင်းမေတ္တာ | ( ။ ) |
| ၁၄။ | နံ့သာအိမ်ကြီး ရှေ့ကခေါ်း | ( ။ ) |
| ၁၅။ | ငှက်ကျွန်မြေနဂါး | ( ။ ) |
| ၁၆။ | သမုဒယကောရီ | ( ။ ) |
| ၁၇။ | ကျောက်စိမ်းယကွ | ( ။ ) |
| ၁၈။ | လေးပွင့်သစ္စာ | ( ။ ) |
| ၁၉။ | ကိုးမြို့ ကိုးတံခါး ကိုးဖလား | ( ။ ) |
| ၂၀။ | ဘီလူးတောင်ကျိန်စာ | ( ။ ) |
| ၂၁။ | သွေးနှင်းဆီ | ( ။ ) |
| ၂၂။ | ရေသူမလေး မဥ္ဇူရီ | ( ။ ) |
| ၂၃။ | မဟာရွှေတံခါး ရုပ်ဘဲလား | ( ။ ) |
| ၂၄။ | မဟာမြိုင်ဂူမှတ်တမ်း | ( ။ ) |

www.burmeseclassic.com